# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၅ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ် ၈ ရက်၊ စနေနေ့ | အတွဲ (၅၉)၊ အမှတ် (၃၁၀)


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)

## ပိုမိုပေါင်းစည်းသည့် အာဆီယံ စီးပွားရေးအသိုက်အဝန်း ပေါ်ထွန်းလာသည်နှင့်အမျှ မြန်မာနိုင်ငံအတွက် ကုန်သွယ်ရေးဆိုင်ရာ အခွင့်အလမ်းကောင်းများ ပိုမိုရရှိလာမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတဦးဝင်းမြင့်ထံမှ**
**(၅၃) နှစ်မြောက် အာဆီယံနှစ်ပတ်လည်နေ့သို့**
**ပေးပို့သည့် သဝဏ်လွှာ**
**(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၈ ရက်)**

ယနေ့သည် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) ၏ (၅၃) နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်ပြီး ဤနေ့ထူးနေ့မြတ်အခါသမယတွင် မြန်မာပြည်သူပြည်သားအားလုံးနှင့် အာဆီယံပြည်သူတစ်ရပ်လုံး ကောင်းကျိုး ချမ်းသာမင်္ဂလာအပေါင်းနှင့် ပြည့်ဝကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။ အာဆီယံနှစ်ပတ်လည်နေ့သည် အားလုံးပါဝင်ပြီး စည်းမျဉ်းကို အခြေခံ၍ ပြည်သူကိုမျက်နှာမူ၊ ဗဟိုပြုသည့်တစ်ခုတည်းသော အသိုက်အဝန်း ဖြစ်လာစေရန် ဒေသတွင်းအသွင်ကူးပြောင်းမှုတွင် မိမိတို့အနေဖြင့် မည်သည့် အတိုင်းအတာအထိ အောင်မြင်မှုရရှိခဲ့သည်ဆိုခြင်းကို ပြန်လည်သုံးသပ်ရန် အခွင့်အခါကောင်းတစ်ရပ်လည်း ဖြစ်ပါသည်။

အရှေ့တောင်အာရှဒေသရှိ မတူကွဲပြားသည့် နိုင်ငံ (၁၀) နိုင်ငံဖြင့် ဖွဲ့စည်းထားသည့် အာဆီယံအသင်းကြီးသည် ဒေသတွင်းငြိမ်းချမ်းရေး၊ သာယာဝပြောရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု စိတ်ဓာတ်များဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ မျက်မှောက်နှင့် အနာဂတ်စိန်ခေါ်မှုများကို ထိထိရောက်ရောက်တုံ့ပြန်၍ အာဆီယံ ပဋိညာဉ်စာတမ်းနှင့်အညီ အခွင့်အလမ်းများကို တိုးမြှင့်ရာတွင်

*စာမျက်နှာ ၃ ကော်လံ ၁* ❖



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ကျိုင်းတုံမြို့ ဓမ္မောဒယပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တနန္ဒမေဓာအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်သူ့အငှားအိမ်ရာစီမံကိန်း ဆောင်ရွက်မည့် သတ်မှတ်နေရာ၌ ရတနာပန္နက်တော်တင်ပေးစဉ်။ သတင်းစဉ်

## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ကျိုင်းတုံမြို့ ဒေသဖွံ့ဖြိုးမှု အခြေအနေ လှည့်လည်ကြည့်ရှု

ကျိုင်းတုံ ဩဂုတ် ၇

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဦးအုန်းဝင်း၊ ဦးဝင်းခိုင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် တပ်မတော်အထူးလေယာဉ်ဖြင့် နေပြည်တော်မှထွက်ခွာရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့သို့ ရောက်ရှိကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ✤

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်သူ့အငှားအိမ်ရာစီမံကိန်း ပန္နက်တင် မင်္ဂလာအခမ်းအနားသို့ တက်ရောက်၍ ရတနာပန္နက်တော်တင်ပေး

ရန်ကုန် ဩဂုတ် ၇

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၇)လမ်းမကြီးနှင့် အမှတ်(၂) လမ်းဆုံအနီး စံပြစိုက်ပျိုးရေးအထူးဇုန်ရှိ အိမ်ရာစီမံကိန်းဝင်းအတွင်း ကျင်းပသည့် ပြည်သူ့အငှားအိမ်ရာစီမံကိန်း ပန္နက်တင်မင်္ဂလာသို့ တက်ရောက်၍ သတ်မှတ်နေရာ၌ ရတနာပန္နက်တော်တင်ပေးပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။ *စာမျက်နှာ ၄ ကော်လံ ၁* ❐



# ပြည်သူရေးသည့် ပြည်သူ့အရေးတော်ပုံ၏ ပန်းတိုင်ဆီသို့

သမိုင်းဆိုသည် ဖျောက်ဖျက်ပစ်ကောင်းသည့် အရာမဟုတ်။ သမိုင်းဟူသည် လိမ်လည်ပြင်ဆင်ရေးသားသင့်သည် မဟုတ်။ သမိုင်းဟူသည် ဖုံးကွယ်ထား၍လည်း ရမည်မဟုတ်။ အထူးသဖြင့်တော့ လူထုကရေးသော သမိုင်းတို့သည် ကျောက်စာတိုင်တို့ထက် ခိုင်၏ဟု ဆိုချင်ပါသည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်း ကဲ့သို့သော ပြည်သူ့ငြိမ်းချမ်းရေး စာဆိုတော်ကြီးကို စာမျက်နှာများပေါ်မှ ဖယ်ရှားပစ်ဖို့ မည်သို့ပင် ကြိုးစားခဲ့ကြစေ၊ ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့သော အမျိုးသားခေါင်းဆောင်ကြီး လွတ်လပ်ရေးဗိသုကာကြီးကို ဖုံးကွယ်မှိန်ဖျောက်ဖို့ ကြိုးစားလိုသူတို့ မည်သို့ပင်ရှိစေ၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်းကိုသော်လည်းကောင်း၊ ဗိုလ်ချုပ်အောင်ဆန်းကို သော်လည်းကောင်း မြန်မာပြည်သူလူထု၏ သမိုင်းမှတ်တမ်းများထဲက ဖယ်ထုတ်၍ မရနိုင်ပေ။

အကျည်းတန်ရုပ်ဆိုးမှုကို ဖုံးကွယ်ထားလိုသူတို့ တန်ခိုးအာဏာကြီးစိုးချိန်တွင် ပြည်သူလူထုသည် သမိုင်းအမှန်တရားကို ရင်ထဲထည့်ကာထားရ၏။ သို့သော်လည်း မည်သည့်အကြောင်းနှင့်မျှ မေ့ပျောက်သွားလိမ့်မည်ကား မဟုတ်ချေ။ သမိုင်းတွင်အောင် လောကကို ဖျက်ဆီးခဲ့သူတို့က သမိုင်းကို ဖုံးကွယ်ဖို့ ကြိုးစားလေ့ရှိသည်။ အကျည်းတန်ဖြစ်ရပ်များကို မိတ်ကပ်ဖို့ကာ၊ သနပ်ခါးလိမ်းကာဖြင့် အကာအကွယ်ယူဖို့ ကြိုးစားကြလေ့ရှိ၏။ သို့သော်လည်း သမိုင်းနှင့်အတူ ဖြတ်သန်းခဲ့သော လူထုကို လှည့်စားဖို့ကား မဖြစ်နိုင်။ လက်တွေ့လျှောက်လှမ်းခဲ့ရသော ပြည်သူလူထုသည် အမှန်ကို သိသူများဖြစ်၏။ သမိုင်းအမှန်ကို သိသူများဖြစ်သည့်အတွက် ပြည်သူလူထုသည် အ သူများ မဟုတ်ချေ။

လူတွေ မအဖို့အတွက် သမိုင်းသင်ရသည်ဟု သမိုင်းပါမောက္ခ ဆရာကြီး ဒေါက်တာသန်းထွန်းက ပြောဖူးသည်။ အနာဂတ်မျိုးဆက်တို့ မအအောင် သမိုင်းအမှန်တို့ကို သင်ကြားရန်လိုမည်မဟုတ်ပါလား။ သမိုင်းအမှန်တရားတို့ကို ကျောင်းသင်ခန်းစာများထဲတွင် မှန်မှန်ကန်ကန် ထည့်သွင်းသင်ကြားနိုင်ရေးသည် အနာဂတ်မျိုးဆက်တို့ မအကြဘဲ လောကရေးရာတို့တွင် နှံ့စပ်သိနားလည်ရန်အတွက် အရေးကြီးလှပါသည်။

ယနေ့ဆိုလျှင် ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးသည်ပင် ၃၂ နှစ်လည်ခဲ့ပြီတည်း။ မြန်မာနိုင်ငံ၏ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်လပ်ရေးကဲ့သို့ပင် ၁၉၈၈ အာဏာရှင်စနစ်ဆန့်ကျင်ရေး၊ ပြည်သူ့ဒီမိုကရေစီရေး အရေးတော်ပုံကြီးသည် အရေးပါသော သမိုင်းမှတ်တိုင်တစ်ခု ဖြစ်ပါသည်။

ပြည်သူလူထု ရွေးချယ်တင်မြှောက်ဖွဲ့စည်းထားသည့် လွှတ်တော်များကို ဖျက်သိမ်းကာ အာဏာသိမ်းလိုက်ခြင်းဖြင့် နိုင်ငံတွင်း ဒီမိုကရေစီ ဆိတ်သုဉ်းကွယ်ပျောက်သွားမှုကို လူထုအင်အားဖြင့် ပြန်လည်ကြိုးစားပြောင်းလဲခဲ့သော အရေးတော်ပုံကြီးဖြစ်ပါသည်။

လက်နက်အင်အားဖြင့် အာဏာရယူသောစနစ်ကို ပြည်သူ့အင်အားဖြင့်သာ အာဏာရယူနိုင်သည့် ဒီမိုကရေစီစနစ်ဖြင့် အစားထိုးပြောင်းလဲရန် ကြိုးပမ်းသည့် သမိုင်းစာမျက်နှာသစ်တစ်ခု၏ အစဖြစ်သော ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကြီးသည် သမိုင်းဖြစ်ပေသည်။

ပါလီမန်ဒီမိုကရေစီစနစ် ရပ်ဆိုင်းခဲ့ပြီးနောက် ပြည်သူတို့၏ လူ့အခွင့်အရေး၊ ဒီမိုကရေစီအခွင့်အရေးတို့ တစ်စတစ်စ ဆုတ်ယုတ်လျော့ပါးခဲ့မှုက အရေးတော်ပုံသမိုင်း၏ ရင်းမြစ်ဖြစ်ပေသည်။

လူထု၏ဒီမိုကရေစီက ပိန်းပိန်းပိတ် မှောင်ကျသွားချိန်တွင် အခြားတစ်ဖက်၌ အာဏာရှင်တို့၏ ကြီးပွားချမ်းသာမှု၊ တန်ခိုးအာဏာချဲ့ကားမှုတို့က အတိုင်းအဆမရှိ ဖြစ်ခဲ့သည်မှာလည်း သမိုင်းဖြစ်ပါသည်။

မဟုတ်မခံလိုသော အမှန်တရားကို မြတ်နိုးသော ကျောင်းသားလူငယ်တို့က အစပြု၍ တစ်နိုင်ငံလုံးရှိ ပြည်သူလူထု၏အင်အားဖြင့် အာဏာရှင်စနစ်ကို စစ်ကြေညာကာ ဒီမိုကရေစီအလံကို မြှင့်တင်လိုက်ခြင်းက သမိုင်းဖြစ်ပါသည်။ ထိုခမ်းနားလှသည့် မော်ကွန်းမှတ်တမ်းသည် ပြည်သူလူထု၏ သမိုင်းဖြစ်ပါသည်။

သမိုင်းကို မမေ့မလျော့ခြင်း၊ သမိုင်းသင်ခန်းစာများကို သင်ယူခြင်းတို့နှင့်အတူ အချုပ်အခြာအာဏာကို ပြည်သူလူထုကသာ လုံးလုံးလျားလျား ပိုင်ဆိုင်ရမည်ဟူသည့် ရှစ်လေးလုံး ပြည်သူ့အရေးတော်ပုံကြီးက ချမှတ်လိုက်သော ဒီမိုကရေစီပန်းတိုင်ဆီသို့ ပြည်သူ့အင်အားဖြင့် မရောက်အရောက် ဆက်လက်ချီတက်ကြရဦးမည် ဖြစ်ပါသတည်း။ ။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နီကာရာဂွါ သမ္မတနိုင်ငံတို့အကြား သံတမန်အဆက်အသွယ် ထူထောင်ခြင်း

**နေပြည်တော် ဩဂုတ် ၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နီကာရာဂွါသမ္မတနိုင်ငံတို့သည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ မူကြီးများ၊ အပြည်ပြည်ဆိုင်ရာဥပဒေတို့ကို အခြေခံပြီး သံတမန်ဆက်ဆံရေးနှင့် ကောင်စစ်ဆက်ဆံရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းတို့နှင့်အညီ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးတက်ခိုင်မာစေရန် ဆန္ဒရှိကြသည့်အားလျော်စွာ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၆ ရက်မှစတင်၍ နှစ်နိုင်ငံအကြား သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက်အသွယ် ထူထောင်ကြသည်။

မြန်မာနိုင်ငံနှင့် နီကာရာဂွါနိုင်ငံတို့အကြား သံတမန်အဆက်အသွယ် ထူထောင်သည့် ပူးတွဲကြေညာချက်ကို ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်းနှင့် ကုလသမဂ္ဂဆိုင်ရာ နီကာရာဂွါ အမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး H.E. Mr. Jaime Hermida Castillo တို့သည် ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၆ ရက်တွင် နယူးယောက်မြို့၊ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၌ လက်မှတ်ရေးထိုးခဲ့ကြပါသည်။

နီကာရာဂွါသမ္မတနိုင်ငံသည် မြန်မာနိုင်ငံ၏ (၁၂၄)နိုင်ငံမြောက် သံတမန်အဆက်အသွယ် ထူထောင်သည့်နိုင်ငံ ဖြစ်ပါသည်။

**သတင်းစဉ်**

# အင်းတော်မြို့နယ်အတွင်းရှိ ကျေးရွာခြောက်ရွာသို့ VRFP ရန်ပုံငွေများ လွှဲပြောင်းပေးအပ်




**အင်းတော် ဩဂုတ် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်အတွင်းရှိ (Village Revolving Fund Project– VRFP) စီမံကိန်းဆောင်ရွက်မည့် ကျေးရွာခြောက်ရွာသို့ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက အင်းတော်မြို့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် ပြည်သူများ လူမှုစီးပွားထိခိုက်မှုများ ဖြစ်ပေါ်နေပြီး လုပ်ကွက်ငယ်တောင်သူများ၊ ထုတ်လုပ်ရောင်းချသူများ၊ အသေးစားစီးပွားရေးလုပ်ကိုင်နေသူများအနေဖြင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်ရန်နှင့် တိုးချဲ့ဆောင်ရွက်နိုင်ရန် သွင်းအားစုနှင့် ငွေကြေးအရင်းအနှီးများ လိုအပ်သည်များကို ပြန်လည်ကုစားနိုင်ရေးအတွက် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (Village Revolving Fund Project–VRFP) စီမံကိန်းကို နိုင်ငံတော်မှ အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အင်းတော်မြို့နယ်အနေဖြင့် VRFP စီမံကိန်းကို ကူးကာကျေးရွာ၊ စဉ်ခိုးကျေးရွာ၊ စင့်ဟောက်ကျေးရွာ၊ အင်းရွာကျေးရွာ၊ တားဖလာကျေးရွာနှင့် လယ်ပြင်ကျေးရွာများတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီမံကိန်းဆောင်ရွက်မည့် ကျေးရွာများအနေဖြင့် ကျေးရွာအတွင်းရှိ အိမ်ခြေအနည်းအများအလိုက် ရန်ပုံငွေများရရှိမည်ဖြစ်ပြီး ကျေးရွာအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ ကျေးရွာကုန်ထုတ်လုပ်ငန်း၊ အသေးစားရောင်းဝယ်ရေးလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရမည် ဖြစ်ကြောင်း အင်းတော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မင်းနိုင်က ပြောသည်။

အဆိုပါ အခမ်းအနားတွင် အင်းတော်မြို့နယ် အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းတန်တို့က အမှာစကားများ ပြောကြားခဲ့ပြီး အင်းတော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက VRFP စီမံကိန်းအကြောင်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စီမံကိန်းဆောင်ရွက်မည့် ကျေးရွာခြောက်ရွာအား (VRFP) စီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၁၇၀၀ အား သက်ဆိုင်ရာ ကျေးရွာများသို့ ပေးအပ်သည်။ ယင်းနောက် စီမံကိန်းဆောင်ရွက်မည့် ကျေးရွာများကိုယ်စား အင်းရွာကျေးရွာ VRFP စီမံကိန်းကော်မတီဝင်တစ်ဦးက ကျေးဇူးတင်စကား ပြောကြားကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ရန်ကုန်–မန္တလေး ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်း မြစ်ငယ်မြစ်ကူးရထား တံတားအသစ် စတင်တည်ဆောက်

**မြစ်ငယ် ဩဂုတ် ၇**

မြန်မာ့မီးရထား ရန်ကုန်–မန္တလေး ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေး စီမံကိန်း၏ အစိတ်အပိုင်းဖြစ်သော မြစ်ငယ်မြစ်ကူးရထား တံတားအသစ်ကို ယခုအခါ စတင်တည်ဆောက်နေပြီဖြစ်သည်။

မြစ်ငယ်မြစ်ကူး ရထားတံတားအသစ်ကို IDECO Co.,Ltd. ကုမ္ပဏီမှ တံတားကြီး၏ ရေလယ်တိုင်ငါးခုနှင့် ကမ်းကပ်ခုံ နှစ်ခုကို မြန်မာ့မီးရထားမှ တင်ဒါအောင်မြင်ခဲ့ပြီး ဇူလိုင် ၁ ရက်မှ စတင်၍ အကြိုအင်ဂျင်နီယာလုပ်ငန်းများ လုပ်ဆောင်ခြင်းနှင့် ဩဂုတ် ၇ ရက်တွင် Pier No 1 (ရေလယ်တိုင်) p.1 လုပ်ငန်း လုပ်ဆောင်ခြင်းများ အကောင်အထည်ဖော် လုပ်ဆောင်နေပြီဖြစ်သည်။

မြစ်ငယ်မြစ်ကူးရထားတံတားအသစ်ကို ၁ ဒသမ ၂ မီတာအချင်းရှိ သံကူကွန်ကရစ် ဘိုးပိုင်နှင့် သံကူကွန်ကရစ်တိုင် တံတားအပေါ်ထည် သံမဏိသံပေါင် အမျိုးအစားဖြစ်ကာ တံတားအရှည်မှာ ၇၂၁ ပေ ဖြစ်ကြောင်း သိရသည်။

မြန်မာ့မီးရထားမှ ယခုလက်ရှိ ပြေးဆွဲနေသော အမြန်ရထားများ၏ အမြန်နှုန်းမှ ကီလိုမီတာ ၆၀ ခန့်ဖြစ်ပြီး ယခုရထားလမ်းပိုင်းများ ပြီးစီးသွားပါက တစ်နာရီ ကီလိုမီတာ ၁၀၀ ခန့် ပြေးဆွဲနိုင်တော့မည် ဖြစ်ကြောင်း သိရသည်။ **မောင်မောင်စိုး(မြစ်ငယ်)**




# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဩဂုတ် ၇**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဩဂုတ်လ ၈ ရက် **(စနေနေ့)** တွင် ထုတ်ဝေမည့်ရွှေသွေးဂျာနယ်တွင် အသိပညာ၊ အတတ်ပညာဆိုသည်မှာ ပိုသည်မရှိဘဲ အခါအခွင့်သင့်ပါက ဂရုတစိုက် သင်ယူလေ့လာထားရမည် ဖြစ်ကြောင်းကို ရေးဖွဲ့ထားသည့် "ပညာလို ပိုသည်မရှိ"မျက်နှာဖုံးကာတွန်း၊ လိပ်ပြာငယ်လေးများ၏ သဘာဝအလျောက် ဖြစ်တည်ပြောင်းလဲလာပုံ အဆင့်ဆင့်အကြောင်းကို ကလေးတို့ ဗဟုသုတဖြစ်ဖွယ် ဖတ်ရှုနိုင်မည့် "လိပ်ပြာလေးတွေ ပေါက်ဖွားလာပုံ" သုတဆောင်းပါး၊ ဇော်ဂျီရုပ်ကလေးသည် အသက်ဝင်လာပြီး ဖိုးလုံးနှင့် စကားပြောဖြစ်ပုံအကြောင်းကို ရေးဖွဲ့ထားသည့် "ဖိုးလုံး–အိပ်မက်လေလား ဝိုးတဝါး"နှစ်မျက်နှာကာတွန်း၊ ရွာရိုတန်ဖိုးရှိသော စာကြည့်တိုက်အား မောင်မောင်တို့ သူငယ်ချင်းတစ်စု၏ ဝိုင်းဝန်းလုပ်အားအပါအဝင် ရွာသူ ရွာသားများက တက်ညီလက်ညီဖြင့် ပြန်လည်ပြုပြင်ပေးနိုင်ခဲ့ပုံအကြောင်းကို ရေးဖွဲ့ထားသည့် ဝတ္ထုကဏ္ဍအပါအဝင် ရွှေသွေးစကားဝိုင်းကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ၊ ကဗျာစုံလင်စွာဖြင့် ဖတ်စရာ မှတ်စရာများပါရှိကြောင်း သိရသည်။

**သတင်းစဉ်**





နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ကျိုင်းတုံမြို့ရှိ နောင်တုံကန်အား ကြည့်ရှုစဉ်။ သတင်းစဉ်

❖ ရှေ့ဖုံးမှ

နိုင်ငံတော်သမ္မတနှင့် အဖွဲ့အား ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ခင်လှိုင်၊ ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိ မြို့ဖများ၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ ခေါင်းဆောင်များက ကျိုင်းတုံလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

### ဆက်ကပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် ကျိုင်းတုံမြို့ ဓမ္မောဒယပရိယတ္တိစာသင်တိုက်သို့ ရောက်ရှိပြီး ဓမ္မောဒယပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တနန္ဒမေဓာ အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး ဝါဆိုသင်္ကန်းနှင့် ပစ္စည်းလေးပါး ဆက်ကပ်လှူဒါန်းကြသည်။

### လှည့်လည်ကြည့်ရှု

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် ကျိုင်းတုံမြို့ ပါလျှံတံခါးသို့ သွားရောက်ကြည့်ရှုလေ့လာကြပြီး နောင်တုံကန် ရေသွင်းခြင်းလုပ်ငန်း၊ ကန်သာယာလှပရေးလုပ်ငန်း၊ ကန်ပတ်လမ်း အဆင့်မြှင့်တင်ဆောင်ရွက်ထားမှုနှင့် ကျိုင်းတုံမြို့ ဒေသဖွံ့ဖြိုးမှုအခြေအနေအား မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် ကျိုင်းတုံမြို့ Amazing Kengtong Resort သို့ ရောက်ရှိကြပြီး ညအိပ်ရပ်နားကြသည်။

သတင်းစဉ်



ကျိုင်းတုံမြို့ရှိ ပါလျှံတံခါးအား တွေ့ရစဉ်။ သတင်းစဉ်

❖ ရှေ့ဖုံးမှ

အာဆီယံအနေဖြင့် နိုင်ငံရေးအရ ညီညွတ်ပြီး၊ စီးပွားရေးအရပေါင်းစည်း၍ လူမှုရေးအရတာဝန်ယူမှုရှိသည့် အသိုက်အဝန်းဖြစ်လာနိုင်ရန် အာဆီယံ၏ စုပေါင်းအင်အားကို မြှင့်တင်လျက်ရှိပါသည်။

မဖြေရှင်းနိုင်သေးသည့် ဒေသတွင်းပြဿနာများနှင့် COVID-19 ကူးစက်ရောဂါကြောင့် ပေါ်ပေါက်လာသည့် မကြုံစဖူးစိန်ခေါ်မှုများကြောင့် အာဆီယံ၏ ကြံ့ကြံ့ခံနိုင်မှုနှင့် တုံ့ပြန်နိုင်စွမ်းတို့မှာ အစမ်းသပ်ခံနေရသဖြင့် ယခုနှစ် အာဆီယံဥက္ကဋ္ဌ၏ ဆောင်ပုဒ်ဖြစ်သည့် "စည်းလုံးညီညွတ်၍ တုံ့ပြန်နိုင်စွမ်းရှိသောအာဆီယံ"မှာ ယနေ့အချိန်အခါ၏ လိုအပ်ချက်နှင့် အလွန်ပင် လျော်ကန်သင့်မြတ်မှု ရှိလှပါသည်။

### ပြည်သူကိုမျက်နှာမူသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်

အာဆီယံ၏ဝိသေသမှာ မတူကွဲပြားမှုများအကြား စည်းလုံးညီညွတ်မှု ဖန်တီးတည်ဆောက်ထားခြင်းဖြစ်ပါသည်။ ဤအသင်းကြီးသည် ယနေ့အချိန်အခါတွင် နိုင်ငံရေးအရတည်ငြိမ်၍ စီးပွားရေးအလားအလာကောင်းကာ ပြည်သူကိုမျက်နှာမူသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်နေပြီး ယင်း၏ အောင်မြင်မှုများက ပြင်ပနိုင်ငံအများအပြားကို အာဆီယံနှင့် တရားဝင်မိတ်ဖက်ဆက်ဆံရေးထူထောင်ရန် ဆွဲဆောင်လျက်ရှိနေပါသည်။ အာဆီယံအနေဖြင့် ဆွေးနွေးဖက်နိုင်ငံများ၊ ပြင်ပမိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးတက်ခိုင်မာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဖြစ်ပေါ်ပြောင်းလဲနေသည့် ဒေသ၏သဘောသဘာဝနှင့် တည်ဆောက်မှုပုံစံတွင် အာဆီယံ၏ စည်းလုံးညီညွတ်မှုနှင့် အာဆီယံ၏ အချက်အချာကျမှုတို့ကို ခိုင်မာစေရန် ဖော်ဆောင်လျက်ရှိပါသည်။

ဒေသတွင်းနှင့် နိုင်ငံတကာ၏ တည်ငြိမ်အေးချမ်းရေးကို ထိန်းသိမ်းရာတွင် အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ် (Treaty of Amity and Cooperation in Southeast Asia – TAC) မှာ ဒေသတွင်းရှိ နိုင်ငံများအချင်းချင်း ထိတွေ့ဆက်ဆံရေးအတွက် လိုက်နာရမည့် အရေးပါသည့်ကျင့်ထုံးတစ်ခုအဖြစ် ဆက်လက်တည်ရှိနေပါသည်။ TAC တွင် ပါဝင်လက်မှတ်ရေးထိုးလိုသည့် နိုင်ငံအရေအတွက် တိုးတက်များပြားလာခြင်းမှာ အာဆီယံ၏ ထုံးတမ်းစဉ်လာနှင့် စံတန်ဖိုးများကို အာဆီယံအဖွဲ့ဝင်မဟုတ်သည့် ပြင်ပနိုင်ငံများက မြတ်နိုးတန်ဖိုးထားမှု တိုးပွားလာသည်ဆိုခြင်းကို ထင်ဟပ်ပြသနေခြင်းဖြစ်ပါသည်။ အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်-၂၀၂၅နှင့် ကုလသမဂ္ဂ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်-၂၀၃၀ တို့ကို ဟန်ချက်ညီညီချိတ်ဆက်ဆောင်ရွက်ရင်း အာဆီယံအနေဖြင့် ဒေသတွင်းလုပ်ငန်းစဉ်များကို မြှင့်တင်လုပ်ဆောင်လျက်ရှိပါသည်။

> "COVID-19 ကူးစက်ရောဂါကြောင့် ဒစ်ဂျစ်တယ် နည်းပညာနှင့် ဒစ်ဂျစ်တယ် စီးပွားရေးသို့ အလျင်အမြန်ကူးပြောင်းနေရသည့်အတွက် အာဆီယံအနေဖြင့် ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းရေး၊ အထူးသဖြင့် ဒစ်ဂျစ်တယ်စီးပွားရေးဘက်တွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်လျက်ရှိ"

ယခုနှစ်သည် အာဆီယံအသိုက်အဝန်းမျှော်မှန်းချက်-၂၀၂၅ အကောင်အထည်ဖော်ဆောင်မှု နှစ်ဝက်ကျရောက်သည့် သမိုင်းမှတ်တိုင် နှစ်တစ်နှစ်ဖြစ်ပါသည်။ အာဆီယံသည် သိသာထင်ရှားသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများရရှိခဲ့ပြီး ၂၀၃၀ ပြည့်နှစ်တွင် စတုတ္ထမြောက် အကြီးဆုံး တစ်ခုတည်းသော ဈေးကွက်ဖြစ်ရေး ဦးတည်နေပါသည်။ အာဆီယံဒေသသည် ကမ္ဘာပေါ်တွင် တတိယမြောက်အကြီးဆုံး လုပ်သားအင်အားစုကို ပိုင်ဆိုင်ထားပြီး၊ ထိုသို့ကြီးမားသည့် လုပ်သားအင်အားစုရှိနေခြင်းမှာလည်း ဒေသအတွက် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဒေသတွင်းကြွယ်ဝမှုတို့ ရရှိလာစေရန် အခွင့်အလမ်းတစ်ရပ်လည်း ဖြစ်ပါသည်။

### မကြုံစဖူးစိန်ခေါ်မှုများကို ရင်ဆိုင်နေရ

အာဆီယံအသိုက်အဝန်းထူထောင်ရေး ကြိုးပမ်းသည့်နေရာတွင် အောင်မြင်မှုများစွာ ရရှိနေသော်လည်း အာဆီယံအနေဖြင့် ယနေ့အချိန်အခါတွင် COVID-19 ကူးစက်ရောဂါ၏ မကြုံစဖူးစိန်ခေါ်မှုများကို ရင်ဆိုင်နေရပါသည်။ သို့ရာတွင် ကမ္ဘာလုံးဆိုင်ရာ ကူးစက်ရောဂါကြောင့် ဖြစ်ပေါ်လာသည့် လူမှု-စီးပွားထိခိုက်နစ်နာမှုများကို လျော့ပါးသက်သာရန် ဆောင်ရွက်ပြီး ကူးစက်ရောဂါကို ရင်ဆိုင်ဖြေရှင်းသည့်နေရာတွင် အာဆီယံ၏ စည်းလုံးညီညွတ်မှုနှင့် တုံ့ပြန်နိုင်စွမ်းရှိသည့်စိတ်ဓာတ်ကို ထုတ်ဖော်ပြသနိုင်ခဲ့ပါသည်။ အာဆီယံအနေဖြင့် COVID-19 တုံ့ပြန်ရေးဆိုင်ရာ အာဆီယံရန်ပုံငွေနှင့် အာဆီယံဒေသတွင်း အရန်ဆေးဘက်ဆိုင်ရာပစ္စည်းများ ထားရှိသုံးစွဲနိုင်ရေး အပြင် အရေးပေါ်ပြည်သူ့ကျန်းမာရေးတုံ့ပြန်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းတစ်ရပ် ချမှတ်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် အာဆီယံသည် ဈေးကွက်တည်ငြိမ်မှုရှိစေရန် ဆောင်ရွက်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှု ပြန်လည်ရရှိနိုင်ရေးအတွက် မူဝါဒပိုင်းဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းမှုကို ဆောင်ရွက်လျက်ရှိပါသည်။ COVID-19 ကူးစက်ရောဂါကြောင့် ဒစ်ဂျစ်တယ်နည်းပညာနှင့် ဒစ်ဂျစ်တယ်စီးပွားရေးသို့ အလျင်အမြန်ကူးပြောင်းနေရသည့်အတွက် အာဆီယံအနေဖြင့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး၊ အထူးသဖြင့် ဒစ်ဂျစ်တယ်စီးပွားရေးဘက်တွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ယနေ့အချိန်အခါတွင် အာဆီယံအသိုက်အဝန်းထူထောင်ရာ၌ မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရစ်စေရေးအတွက် လူ့အဖွဲ့အစည်းတစ်ရပ်လုံးပါဝင်သည့် ချဉ်းကပ်မှုပုံစံဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် လုပ်ဆောင်လျက်ရှိပါသည်။ အာဆီယံနိုင်ငံများအကြား ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရေး ကြိုးပမ်းဆောင်ရွက်ရာတွင် အာဆီယံကနဦးပေါင်းစည်းရေးလုပ်ငန်းအစီအစဉ် (The Initiative for ASEAN Integration – IAI) သည် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ ယခုနှစ်တွင် မြန်မာနိုင်ငံအနေဖြင့် IAI လုပ်ငန်းအဖွဲ့၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိပြီး IAI လုပ်ငန်းအစီအစဉ်အသစ် (၂၀၂၁-၂၀၂၅) ရေးဆွဲသည့်နေရာတွင် ဦးဆောင်လျက်ရှိပါသည်။

ပိုမိုပေါင်းစည်းသည့် အာဆီယံစီးပွားရေးအသိုက်အဝန်း ပေါ်ထွန်းလာသည်နှင့်အမျှ မြန်မာနိုင်ငံအတွက် ဒေသတွင်းပို့ကုန်ဈေးကွက်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးဆိုင်ရာ အခွင့်အလမ်းကောင်းများ ပိုမိုရရှိလာမည်ဖြစ်ပြီး ဒေသတွင်းနှင့်ဒေသပြင်ပရှိ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများနှင့် လူနေမှုဘဝများ ပိုမိုတိုးတက်မြင့်မားလာမည် ဖြစ်ပါသည်။

ယခုကဲ့သို့ မင်္ဂလာရှိသည့် အခါသမယတွင် မြန်မာပြည်သူပြည်သားအားလုံးနှင့် အာဆီယံပြည်သူတစ်ရပ်လုံး အောင်မြင်မှုများရရှိကြပါစေကြောင်းနှင့် ဒေသတွင်းနှင့် နိုင်ငံတကာ၏ တည်ငြိမ်အေးချမ်းမှုနှင့် သာယာဝပြောမှုကို အထောက်အကူဖြစ်စေမည့် လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အာဆီယံအသိုက်အဝန်း ထူထောင်မှုလုပ်ငန်းစဉ်များ တိုးတက်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။ ။

❒ *ရှေ့ဖုံးမှ*





**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်သူ့အငှားအိမ်ရာစီမံကိန်း ပန္နက်တင်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**

သတင်းစဉ်

ပန္နက်တင်အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းသူ၊ ဦးသန့်စင်မောင်နှင့် ဦးဟန်ဇော်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံလိုင်စင်ရကန်ထရိုက်တာများအသင်းနှင့် မြို့ပြနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းရှင်များအသင်းတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် က မြန်မာနိုင်ငံ၏ ၂၀၁၄ ခုနှစ် မြို့ပြနေ လူဦးရေ ၁၅ သန်းအနက် တစ်လဝင်ငွေ ကျပ် သုံးသိန်းအောက်ဖြစ်သည့် ဝင်ငွေနည်း ပြည်သူများမှာ အလုပ်အကိုင်ဆုံးရှုံးခြင်း၊ ဝင်ငွေကျဆင်းခြင်းတို့ကြောင့် အိမ်ငှားနေထိုင်ရန်ပင် မတတ်နိုင်သည့်အတွက် အိမ်ရာမဲ့များ တိုးပွားလာနိုင်ပါကြောင်း၊ ပြည်သူများ၏ လူမှုစီးပွားဘဝကို ကာကွယ်နိုင်ရန်နှင့် ဆောက်လုပ်ရေးကဏ္ဍမှတစ်ဆင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးတို့အတွက် လူဦးရေများသော မြို့ကြီးများဖြစ်သည့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့တွင် ပြည်သူ့အငှားအိမ်ရာ ၁၀၀၀၀ ယူနစ် ဆောက်လုပ်ဖြည့်ဆည်းပေးရန် စီမံခဲ့ခြင်းဖြစ်ကြောင်း။

အလုပ်အကိုင်အခွင့်အလမ်းပေါ်များသည့် မြို့ကြီးများတွင် အိမ်ရာလိုအပ်ချက် မြင့်မားလေ့ရှိပြီး ဝင်ငွေနည်း ပြည်သူများအတွက် လုံခြုံစိတ်ချရသည့်၊ သွားလာရေး လွယ်ကူပြီး ငှားရမ်းခသက်သာသည့် အိမ်ရာများတွင် နေထိုင်ခွင့်ဖန်တီးပေးနိုင်မည်ဆိုပါက အိမ်ခြေရာမဲ့ တိုးပွားလာမှုများကို စည်းကမ်းတကျ ထိန်းကျောင်းဖြေရှင်းပေးနိုင်မည်ဟုလည်း ယုံကြည်ပါကြောင်း။

## ဖြည့်ဆည်းပေးမည်

ပြည်သူ့အငှားအိမ်ရာများ အကောင်အထည်ဖော်တည်ဆောက်ရာတွင် ရေ၊ မီး၊ လမ်း၊ အခြေခံအဆောက်အအုံများ ပြည့်စုံစေရန်အပြင် အိမ်ရာနေသူများ၏ လူမှုရေးလိုအပ်ချက်ဖြစ်သည့် စျေး၊ ကျောင်း၊ ဆေးခန်း၊ အားကစားကွင်းနှင့် ပန်းခြံ စသည်များကိုလည်း ဖြည့်ဆည်းပေးမည်ဖြစ်ပါကြောင်း၊ အငှားအိမ်ရာ စျေးကွက်တွင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်နိုင်သည့် အစီအမံများကို ဖော်ထုတ်ဆောင်ရွက်ပေးရန်လည်း စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဤစီမံကိန်းကို Private Finance Initiative စနစ်ဖြင့် ပုဂ္ဂလိကကုမ္ပဏီ အသင်းအဖွဲ့များမှ ဦးစွာပထမ ငွေကြေးအရင်းအနှီးစိုက်ထုတ်၍ တည်ဆောက်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် ပိုလျှံလာမည့် ဘတ်ဂျက်ထဲမှ ပြန်လည်ပေးချေမည့် စနစ်ဖြင့် အကောင်အထည်ဖော်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က “ကျွန်မတို့ ဒီအိမ်ရာစီမံကိန်းတွေ စတင်ဆောင်ရွက်နိုင်တာကို အင်မတန်မှ ကျေနပ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ပြည်သူတွေရဲ့ စားဝတ်နေရေးအတွက်ပါ။ ပြောရရင် ပထမဦးဆုံး စားရေးကတော့ အရေးအကြီးဆုံးပေ့ါ။ လူတိုင်း လူတိုင်းဟာ နေ့တိုင်းနေ့တိုင်း ဝဝလင်လင် စားချင်ကြတယ်။ နောက်ပြီးတော့ ဝတ်ရေးဆိုတာကတော့ ကိုယ့်ရဲ့သိက္ခာနဲ့ ကိုက်ညီအောင်လို့ ဝတ်နေကြတယ်။ နောက်နေရေးကတော့ အဲဒီတစ်ခုလုံးနဲ့အတူတူ အရေးကြီးတာ ဖြစ်ပါတယ်။ ကိုယ်နေနိုင်တဲ့ အိမ်တစ်ခုမှာနေကြရတာပါ။ အားလုံးဟာ ကိုယ်လုံခြုံတဲ့နေရာ၊ အေးအေးဆေးဆေး ကိုယ့်မိသားစု နေနိုင်တဲ့နေရာကို လိုချင်ကြတာပဲ ဖြစ်ပါတယ်။

## စားဝတ်နေရေး ပြည့်စုံမှုအတွက် ကြိုးစားရ

အဲဒီတော့ ကျွန်မတို့နိုင်ငံလို ဖွံ့ဖြိုးမှုစတင်နေတဲ့ နိုင်ငံဆိုရင် ပြည်သူပြည်သားအားလုံးဟာ စားဝတ်နေရေး ပြည့်စုံတယ်လို့ ကျွန်မတို့ ပြောလို့မရသေးပါဘူး။ ဒါကြောင့် အဘက်ဘက်ကနေပြီးတော့ စားဝတ်နေရေး ပြည့်စုံမှုအတွက် ကျွန်မတို့ ကြိုးစားရတာဖြစ်ပါတယ်။ အခုအချိန်မှာဆိုရင် ဒီလိုအိမ်ရာစီမံကိန်းတွေ ဘာဖြစ်လို့ အရေးကြီးလဲဆိုတော့ အခြေခံစားဝတ်နေရေးအတွက်တင်မက ကျွန်မတို့နိုင်ငံ ရင်ဆိုင်နေရတဲ့ ကိုဗစ်ကြောင့်ဖြစ်လာတဲ့ ပြဿနာတွေကို ဖြေရှင်းတဲ့နေရာမှာလည်း အင်မတန်မှ အရေးပါပါတယ်။

စောစောစီးစီးကတည်းက ကိုဗစ်ရောဂါကို ကာကွယ်ထိန်းချုပ်ဖို့ စီမံတဲ့အခါမှာ စီးပွားရေးအကျိုးဆက်တွေ ဘယ်လိုရှိနိုင်မလဲဆိုတာကို ကျွန်မတို့ စဉ်းစားရပါတယ်။ စီးပွားရေးအကျိုးဆက်တွေကို ကျွန်မတို့ အကောင်းဆုံးဘက်ကိုရောက်အောင်လို့ ဘယ်လိုလုပ်ရမလဲဆိုတာကို စဉ်းစားတဲ့အခါမှာ ဆောက်လုပ်ရေးလုပ်ငန်းတွေကို အားပေးဖို့ လိုတယ်ဆိုတာကို ကျွန်မတို့ တွေ့မြင်လာရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဆောက်လုပ်ရေးလုပ်ငန်းမှာဆိုရင် ကျန်းမာရေးရဲ့ လိုအပ်ချက်တွေ၊ ကျန်းမာရေးဝန်ကြီးဌာနက ချမှတ်ထားတဲ့ စည်းမျဉ်း၊ စည်းကမ်းတွေနဲ့ ကိုက်ညီစွာ အလုပ်လုပ်နိုင်တယ်ဆိုတာ ကျွန်မတို့ တွေ့ရပါတယ်။

## ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်

ဆောက်လုပ်ရေးမှာဆိုရင် ပြည်သူတွေ အလုပ်ရရုံတင်မက ပြည်သူတွေရဲ့ ကျန်းမာရေးအတွက် လုံခြုံစွာနဲ့ အလုပ်ရနိုင်မယ့် အခွင့်အရေးတွေရှိတာကြောင့်မို့ ကျွန်မတို့ ဆောက်လုပ်ရေးတွေကို အားပေးတာဖြစ်ပါတယ်။ လုပ်ငန်းတွေ ပြန်စတင်ပြီး လုပ်ပိုင်ခွင့်ပေးတဲ့ လုပ်ငန်းတွေထဲမှာ ဆောက်လုပ်ရေးလုပ်ငန်းဟာ အစောဆုံးဆိုတာကို ကျွန်မတို့ အခုပရိသတ်သိပြီးသားဖြစ်ပါမှာ။ အခုတော့ စီမံကိန်းတွေမှာဆိုရင် ဆောက်လုပ်ရေးလုပ်ငန်းတစ်ခုကို လုပ်လိုက်ပြီဆိုရင် ပြည်သူတွေရဲ့ အလုပ်အကိုင်ရရှိရေးဟာ အင်မတန်မှ ကျယ်ပြန့်ပါတယ်။ ပထမဦးဆုံးစကတည်းက မြေနေရာတစ်ခု ရှင်းလိုက်ပြီဆိုကတည်းက ကျွန်မတို့ ပြည်သူတွေ အလုပ်ရပါတယ်။ ရှင်းလင်းတဲ့ဘက်မှာပါတဲ့ ပြည်သူတွေ၊ စပြီးတော့ ဆောက်တယ်ဆိုရင်တော့ မပြောနဲ့ပေ့ါနော်၊ ဆောက်လုပ်ရေးမှာပါတဲ့ အဆင့်ဆင့် ကျွမ်းကျင်အလုပ်သမားတွေလည်းပါတယ်။ သိပ်မကျွမ်းကျင်တဲ့ အလုပ်သမားတွေလည်းပါတယ်။ အဆင့်ဆင့်မှာ အလုပ်ရနိုင်တဲ့ အခွင့်အရေးတွေက ရှိလာပါတယ်။ နောက်ရေရှည်အတွက်လည်း ကျွန်မတို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်တာလို့ ကျွန်မတို့ ပြောလို့ရပါတယ်”ဟု ပြောကြားသည်။

## မြေယာရရှိရေးက အင်မတန်အရေးကြီး

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က “ဒီနေရာကို အခုကြည့်လိုက်ရင်တော့ လယ်ကွက်တွေ၊ လယ်ကွင်းတွေပေ့ါနော်၊ ဒါပေမယ့် ဒီအိမ်ရာ စီမံကိန်းကြီး အောင်အောင်မြင်မြင်နဲ့ ပြီးမြောက်ပြီဆိုရင်တော့ မြို့သစ်ကလေးလို ဖြစ်လာမှာပါ။ နောက်ကျွန်မတို့က နေရာရွေးတဲ့ဟာကိုလည်း သေချာစဉ်းစားပြီးမှ ရွေးရပါတယ်။ ဆောက်လုပ်ရေးလုပ်ငန်းဆိုတာဟာ အကောင်အထည်မဖော်ခင် ပြင်ဆင်တဲ့အချိန်က နည်းပါးပါတယ်။ သေသေချာချာ စဉ်းစားရပါတယ်။ အကောင်အထည်ဖော်လိုက်ပြီဆိုရင် အလုပ်အကိုင်ဖန်တီးရေးလည်း မြန်ဆန်ပါတယ်။ ကျွန်မတို့ အောင်မြင်မှုလည်း မြန်ဆန်မယ်လို့ ကျွန်မကယုံကြည်ပါတယ်။ ဒါကြောင့်မို့လို့ ဒီစီမံကိန်း ဖြစ်မြောက်အောင်လို့ ဝိုင်းဝန်းပြီးတော့ ကူညီတဲ့လူတွေအားလုံး ကျွန်မတို့ ကျေးဇူးတင်ပါတယ်။ စပြီးတော့ စီစဉ်ပေးတဲ့ ပုဂ္ဂိုလ်တွေ၊ နောက်ကျွန်မတို့နိုင်ငံမှာဆိုရင် အခုစီမံကိန်းတစ်ခု ချမှတ်ပြီဆိုရင် မြေယာရရှိရေးက အင်မတန်အရေးကြီးပါတယ်။ သင့်တော်တဲ့နေရာလည်းဖြစ်ရမယ်။ ဘယ်သူ့ကိုမှ ထိခိုက်တဲ့ အခြေအနေမျိုးလည်း မရှိစေရဘူး။ အကယ်၍ ဒီမြေကိုပိုင်ပြီးသားဌာနများ၊ ပိုင်ပြီးသားပုဂ္ဂိုလ်များ ရှိတယ်ဆိုရင် ဒီကိစ္စတွေကိုလည်း ဥပဒေတွေနဲ့ ကိုက်ညီစွာ မှန်မှန်ကန်ကန် မျှမျှတတ ရှင်းလင်းရတာတွေလည်း ရှိပါတယ်။ ဒီလိုတစ်ဆင့်ချင်း တစ်ဆင့်ချင်း လုပ်သွားတဲ့ အခါကျရင် အမှားအယွင်းမရှိအောင်လို့ သတိကြီးစွာနဲ့ လုပ်ရတယ်ဆိုတာကို အများသိပြီးသားဖြစ်မယ်လို့ ကျွန်မထင်ပါတယ်။

## ပူးပေါင်းဆောင်ရွက်ရ

နောက်ကျွန်မတို့ အခုဒီလိုစီမံကိန်းတစ်ခုအောင်မြင်အောင် လုပ်နိုင်တယ်ဆိုတာဟာ ပူးပေါင်းဆောင်ရွက်မှုအောင်မြင်ခြင်းလို့လည်း ကျွန်မတို့ ပြောလို့ရပါတယ်။ ဌာနအသီးသီးက ပူးပေါင်းဆောင်ရွက်ရတယ်။ လုပ်ငန်းရှင်တွေနဲ့ အစိုးရဘက်က ပူးပေါင်းဆောင်ရွက်ရတယ်။ နောက် ပြည်သူတွေဘက်ကလည်း ပူးပေါင်းဆောင်ရွက်ရတယ်။ အလုပ်သမားတွေဘက်ကလည်း ပူးပေါင်းဆောင်ရွက်ရတယ်။ ဒီလို အားလုံးပူးပေါင်းဆောင်ရွက်မှ ဆောက်လုပ်ရေးလုပ်ငန်းတစ်ခုဟာ တကယ်အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့ရဲ့ လုပ်ငန်းတွေကို ကြည့်လိုက်တဲ့အခါကျရင် အပေါ်ယံကိုပဲ မကြည့်ဘဲနဲ့ လေးလေးနက်နက် စဉ်းစားစေချင်ပါတယ်။

အခု ကျွန်မတို့ ဆောက်လုပ်ရေးလုပ်ငန်းဟာ ကိုဗစ်နဲ့ ပတ်သက်လို့ အကျိုးဆက်တွေကို အကောင်းဆုံးဖြစ်အောင်လို့လုပ်တဲ့ဘက်မှာပဲ အားသာတာမဟုတ်ပါဘူး၊ ကျွန်မတို့ရဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းတွေနဲ့လည်း ကိုက်ညီတယ်လို့ ကျွန်မပြောချင်ပါတယ်။ ဒီတော့ ပစ္စုပ္ပန်အတွက်ရော၊ အနာဂတ်အတွက်ရော အင်မတန်မှ လိုအပ်တဲ့၊ ဖြစ်သင့်ဖြစ်ထိုက်တဲ့ ကိစ္စတစ်ခုဖြစ်တာကြောင့်မို့လို့ ကျွန်မတို့ အများကြီးလည်း ဂုဏ်ယူပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။ အားလည်းပေးပါတယ်။ ဒါမျိုးတွေလည်း အများကြီးဆက်ပြီးတော့လုပ်ဖို့လည်း ကျွန်မတို့မှာ အစီအစဉ်တွေရှိပါတယ်။

## ကိုဗစ်ပြဿနာ ပြီးဆုံးသွားပြီလို့ မပြောနိုင်သေး

ဆောက်လုပ်ရေးဝန်ကြီး ပြောသွားတဲ့အတိုင်းပဲ ရန်ကုန်တင်မကဘူး၊ နေပြည်တော်ဘက်မှာလည်း ဒီလိုလုပ်ငန်းတွေကို အမြန်ဆုံးအကောင်အထည်ဖော်နိုင်ဖို့ ကျွန်မတို့ ကြိုးစားသွားမှာပါ၊ အခုဆိုရင် ကျွန်မတို့ ကိုဗစ်ရောဂါနဲ့ ရင်ဆိုင်ရတာဆိုတာ ရှစ်လရှိသွားပြီလို့ ပြောလို့ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တကယ်တော့ ဒီနှစ်စောစောပိုင်း ပထမလကနေ စတာပဲ။ အဲဒီတော့ ရှစ်လရှိသွားပြီဆိုတော့ စီးပွားရေးအကျိုးဆက်တွေကတော့ တစ်တိုင်းပြည်လုံးသာကမ တစ်ကမ္ဘာလုံးမှာ ခံနေရတယ်။ ဒီအချိန်အထိတော့ ကျွန်မတို့နိုင်ငံမှာ စီးပွားရေး အကျိုးဆက်တွေရော၊ ကျန်းမာရေးဆိုင်ရာကိစ္စတွေရော ထိခိုက်နိုင်တယ်လို့ ပြောလို့ရပါတယ်။ သို့သော်လည်း ဒီကိုဗစ်ပြဿနာကြီးက ပြီးဆုံးသွားပြီလို့တော့ မပြောနိုင်သေးပါဘူး။ အခုအချိန်အထိတော့ ထိန်းထားနိုင်တယ်ဆိုတာကို ကျွန်မက ဂုဏ်ယူပြီးတော့ မပြောချင်ဘူး၊ တော်ကြာအခြေအနေက တစ်မျိုးဖြစ်သွားမှာစိုးလို့ပါ။ ဒါပေမယ့် အခုအထိတော့ ကျွန်မတို့ ကျေနပ်လောက်အောင် လုပ်နိုင်တယ်လို့ မြင်ပါတယ်။ ဒါပေမယ့် ရှစ်လရှိသွားပြီဆိုတော့ စီးပွားရေး အကျိုးဆက်တွေကလည်း တဖြည်းဖြည်းပိုပြီးတော့ ထင်ရှားလာမှာပါ။ ဒါကြောင့် ဒီလိုအချိန်မှာ ဒီလိုလုပ်ငန်းတွေ လုပ်တာဟာ အချိန်ကိုက်ပဲလို့ ကျွန်မပြောချင်ပါတယ်။ အချိန်ကိုက်မို့လို့လည်း အကျိုးကလည်းပိုပြီးတော့ ထူးမယ်လို့၊ ကောင်းကျိုးတွေ အထူးရှိမယ်လို့ ကျွန်မယုံကြည်ပါတယ်။

*စာမျက်နှာ ၅ သို့*

# ပြည်သူသာလျှင် အဓိက



ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ ပြည်သူ့အငှားအိမ်ရာ စီမံကိန်းဆောင်ရွက်မည့် သတ်မှတ်နေရာတွင် ပန္နက်တော်တင်ပေးပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ပြည်သူ့အငှားအိမ်ရာ စီမံကိန်းဆောင်ရွက်မည့် သတ်မှတ်နေရာတွင် ပန္နက်တော် တင်ပေးစဉ်။



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ပြည်သူ့အငှားအိမ်ရာ စီမံကိန်းဆောင်ရွက်မည့် သတ်မှတ်နေရာတွင် ပန္နက်တော် တင်ပေးစဉ်။

*စာမျက်နှာ ၄ မှ*

ဒါကြောင့် နိဂုံးချုပ်အနေနဲ့ အားလုံးပူးပေါင်းဆောင်ရွက်တဲ့ ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာများကို ကျေးဇူးတင်ပါတယ်။ ကျွန်မတို့ ပြည်သူ ပြည်သားတွေအကျိုးအတွက်လည်း ဒီနေ့ပန္နက်ရိုက်လိုက်တဲ့ အခမ်းအနားလေးဟာ အဓိပ္ပာယ်ရှိရှိနဲ့ အနာဂတ်အတွက် ကောင်းတဲ့ ခိုင်မာတဲ့ အုတ်မြစ်တစ်ခုကို ချလိုက်တယ်လို့ ကျွန်မအနေနဲ့ မြင်ပါတယ်" ဟု ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးရှိန်ဝင်းက နိုင်ငံတော်က ယခုဆောင်ရွက်ပေးသည့်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာမည့်အခြေအနေနှင့် ပြည်သူ့အိမ်ရာဖွံ့ဖြိုးလာမှုနှင့်အတူ ပြည်သူများအခက်အခဲ မဖြစ်ပေါ်စေရန် အိမ်ခန်းငှားရမ်းခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**“ယခု ပြည်သူ့အငှားအိမ်ရာစီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် စံပြစိုက်ပျိုးရေး အထူးဇုန်အတွင်းရှိ မြေကေ (၁၇၁) ကေပေါ်တွင် အခန်းပေါင်း (၅၀၇၂) ကို တည်ဆောက်သွားမည်၊ အဆိုပါစီမံကိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များ အသင်းချုပ်၊ လိုင်စင်ရကန်ထရိုက်တာများအသင်းနှင့် မြို့ပြနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး လုပ်ငန်းရှင်များအသင်းတို့မှ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မည်၊ အသင်းများအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် စုစုပေါင်း အခန်း (၆၃၀၀) တည်ဆောက်သွားမည်၊ ကျန်ရှိသည့် အခန်း (၁၂၀၀) ကျော်ကို အခြားသတ်မှတ်မြေနေရာ၌ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်”**

### အမွှေးနံ့သာရည် ပက်ဖျန်း

ထို့နောက် ပန္နက်တော်တင်အခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြည်သူ့အငှားအိမ်ရာစီမံကိန်းဆောင်ရွက်မည့် သတ်မှတ်နေရာ၌ ရတနာပန္နက်တော်တင်ပေးပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမင်းသူနှင့် ဦးဟန်ဇော်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်တာများအသင်းနှင့် မြို့ပြနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းရှင်များအသင်းတို့မှ ဥက္ကဋ္ဌများက ပြည်သူ့အငှားအိမ်ရာစီမံကိန်း ဆောင်ရွက်မည့် သတ်မှတ်နေရာများတွင် ပန္နက်တော်များတင်ပေးကြပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

### မှတ်တမ်းတင် ဓာတ်ပုံရိုက်

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ယခု ပြည်သူ့အငှားအိမ်ရာစီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် စံပြစိုက်ပျိုးရေး အထူးဇုန်အတွင်းရှိ မြေကေ (၁၇၁)ကေပေါ်တွင် အခန်းပေါင်း (၅၀၇၂) ကို တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါစီမံကိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်၊ လိုင်စင်ရ ကန်ထရိုက်တာများအသင်းနှင့် မြို့ပြနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး လုပ်ငန်းရှင်များအသင်းတို့မှ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အသင်းများအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် စုစုပေါင်း အခန်း (၆၃၀၀) တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ကျန်ရှိသည့် အခန်း (၁၂၀၀) ကျော်ကို အခြားသတ်မှတ်မြေနေရာ၌ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဆောက်လုပ်ရေးဝန်ကြီးဌာန ကြီးကြပ်မှုဖြင့် ဆောက်လုပ်ရေးအသင်း (၃) သင်းမှ ပြည်သူများအတွက် အငှားအိမ်ရာ စီမံကိန်းအဖြစ် နေပြည်တော်တွင် အခန်းပေါင်း (၇၀၀) ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် အခန်းပေါင်း (၃၀၀၀) ကိုလည်းကောင်း ဆက်လက်အကောင်အထည်ဖော်ဆောင်သွားမည် ဖြစ်ကြောင်း သိရသည်။

### သက်သာသည့်နှုန်းထားနှင့် ငှားရမ်း

ပြည်သူ့အငှားအိမ်ရာစနစ်ကို မြန်မာနိုင်ငံတွင် ၁၉၅၁ ခုနှစ်ကပင် ကျင့်သုံးခဲ့ခြင်းဖြစ်ပြီး ဝန်ထမ်းများ၊ ပြည်သူများ အပါအဝင် ဝင်ငွေနည်းပြည်သူများကို ဈေးကွက်တွင်ရှိသည့် ငှားရမ်းခထက်များစွာ သက်သာသည့်နှုန်းထားနှင့် ငှားရမ်းနေထိုင်ခွင့်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ပါလီမန်ဒီမိုကရေစီခေတ်တွင် အိမ်ခန်းပေါင်း ၉၀၀၀ ကျော်၊ ဆိုရှယ်လစ်ခေတ်တွင် အိမ်ခန်းပေါင်း ၁၁၀၀၀ ကျော်နှင့် ဒီမိုကရေစီ အစိုးရလက်ထက်တွင် အိမ်ခန်းပေါင်း ၁၄၀၀၀ ကျော် ဆောက်လုပ်ပေးခဲ့ပြီးဖြစ်သော်လည်း အငှားအိမ်ရာလိုအပ်ချက်တွင် မြင့်မားနေဆဲဖြစ်ကြောင်း ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်



ပြည်သူ့အငှားအိမ်ရာ စီမံကိန်းပုံစံ။

**“ဆောက်လုပ်ရေးဝန်ကြီးဌာန ကြီးကြပ်မှုဖြင့် ဆောက်လုပ်ရေးအသင်း (၃) သင်းမှ ပြည်သူများအတွက် အငှားအိမ်ရာစီမံကိန်းအဖြစ် နေပြည်တော်တွင် အခန်းပေါင်း (၇၀၀) ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် အခန်းပေါင်း (၃၀၀၀) ကိုလည်းကောင်း ဆက်လက်အကောင်အထည် ဖော်ဆောင်သွားမည်”**

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း DACU & UN-SERF Consultation Meeting နှင့် DACU & Partners Meeting များသို့ Video Conferencing စနစ်ဖြင့် ပါဝင်တက်ရောက်



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း DACU & Partners Meeting သို့ Video Conferencing စနစ်ဖြင့် ပါဝင်တက်ရောက်စဉ်။ သတင်းစဉ်

နေပြည်တော် ဩဂုတ် ၇

မြန်မာနိုင်ငံက ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည့် COVID-19 Economic Relief Plan (CERP) ကို အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအဖွဲ့အစည်းက အကောင်အထည်ဖော်မည့် ကိုဗစ်-၁၉ အပေါ် လူမှု-စီးပွားဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုအတွက် ကုလသမဂ္ဂမူဘောင် (UN Framework for the immediate socio-economic response to COVID-19 in Myanmar (UN-SERF)) အား အကောင်အထည်ဖော်ရေးနှင့် ပြင်ဆင်ရေးဆွဲလျက်ရှိသည့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ မူဝါဒတို့နှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် Video Conferencing စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့၊ ဒုတိယဥက္ကဋ္ဌ(၂) ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဆက်အောင်၊ ဦးမင်းရဲပိုင်ဟိန်း၊ ဦးဇရတ်ဆင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူးရုံးက ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာဝန်ကြီးဌာန ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက UN Country Team က ရေးဆွဲထားသော ကိုဗစ်-၁၉ ဆိုင်ရာ လူမှု-စီးပွားဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုအတွက် ကုလသမဂ္ဂမူဘောင်(UN Framework for the immediate socio-economic response to COVID-19 in Myanmar (UN-SERF)) သည် နိုင်ငံတော်အနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် COVID-19 Economic Relief Plan (CERP) ကို ပံ့ပိုးပေးနိုင်သည့် မူဘောင်ဖြစ်ပြီး လက်ရှိကြုံတွေ့နေရသည့် ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါ တိုက်ဖျက်ရေး လုပ်ငန်းစဉ်များတွင် များစွာအထောက်အကူပြုမည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူး Ms. June Kunugi က နှုတ်ခွန်းဆက်စကားပြောကြားပြီး UNDP မှ Officer-In-Charge & Deputy Resident Representative ဖြစ်သူက ရှင်းလင်းတင်ပြရာတွင် UN-SERF သည် မြန်မာနိုင်ငံ၏ COVID-19 Economic Relief Plan (CERP) ကို အထောက်အပံ့ဖြစ်စေပြီး Myanmar Sustainable Development Plan (MSDP) နှင့် United Nations Sustainable Development Cooperation Framework (UNSDCF) တို့နှင့် ကိုက်ညီမှုရှိကြောင်း၊ နောင်လာမည့် ၁၈ လ ကာလအတွင်း အမေရိကန်ဒေါ်လာ ၃၈၇ သန်းခန့်ဖြင့် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ UN-SERF တွင် မဏ္ဍိုင် ငါးရပ် ပါဝင်ပြီး ကျန်းမာရေးသည် ပထမ (Health First)၊ ပြည်သူများအား ကာကွယ်စောင့်ရှောက်ခြင်း (Protecting People) ၊ စီးပွားရေးနာလန်ထူခြင်း (Economic Recovery)၊ မေခရိုစီးပွားရေးဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ခြင်းနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း (Macroeconomic Response And Multilateral Collaboration)နှင့် လူမှုရေးပေါင်းစည်းမှုနှင့် အဖွဲ့အစည်းဆိုင်ရာ ဒဏ်ခံနိုင်မှု (Social Cohesion And Community resilience) တို့ဖြစ်ကြောင်း၊ အဆိုပါမဏ္ဍိုင် ငါးရပ်တွင် ကျားမတန်းတူညီမျှရေး၊ လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲရေး တို့ကိုပါ တစ်ပြိုင်တည်းအနေဖြင့် ကဏ္ဍတိုင်း၌ ပါဝင်ထည့်သွင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဆွေးနွေးသည်။

ထို့နောက် အစည်းအဝေး ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ဝင်များ၊ ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးမိတ်ဖက်အဖွဲ့(CPG)ကိုယ်စားလှယ်များ၊ ပြည်တွင်း ပြည်ပ အရပ်ဘက်ဆိုင်ရာ အဖွဲ့အစည်း(CSO)များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ မူဝါဒ (Myanmar Development Assistance Policy) ကို ပြုပြင်ရေးဆွဲဆောင်ရွက်နေမှုအခြေအနေနှင့် မဟာဗျူဟာမြောက် ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်မှုအဖွဲ့များ ပြန်လည်ဖွဲ့စည်းမှု (Strategic Coordination Group Restructuring) အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာကြသူများက ဖွံ့ဖြိုးမှုအကူအညီများဆိုင်ရာမူဝါဒ ပြင်ဆင်ရေးဆွဲရေး ဆောင်ရွက်နေမှုအပေါ် သိရှိလိုသည်များကို မေးမြန်းရာ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးများဖြစ်ကြသည့် ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် ဦးမင်းရဲပိုင်ဟိန်း တို့က ရှင်းလင်းပြောကြားသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားချိန်အတွင်း စဉ်ဆက်မပြတ် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများနှင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုစီမံကိန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေးနှင့် ပတ်သက်၍ ဒေသတွင်းနိုင်ငံများ၏ အတွေ့အကြုံများ၊ စိန်ခေါ်မှုများဆွေးနွေးခြင်း အစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၇

**အရှေ့တောင်အာရှဒေသနိုင်ငံများရှိ ကျန်းမာရေးဝန်ကြီးများနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူးတို့၏ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားချိန်အတွင်း စဉ်ဆက်မပြတ် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများနှင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု စီမံကိန်းများဆောင်ရွက်နိုင်ရေးနှင့် ပတ်သက်၍ ဒေသတွင်းနိုင်ငံများ၏ အတွေ့အကြုံများ၊ စိန်ခေါ်မှုများဆွေးနွေးခြင်း အစည်းအဝေးကို virtual meeting ဖြင့် ဩဂုတ် ၆ ရက်တွင် ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်း အတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း တက်ရောက်ဆွေးနွေးသည်။** (ယာပုံ)



အစည်းအဝေးတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူးက အဖွင့်အမှာစကား ပြောကြား၍ တာဝန်ရှိသူများက ဆေးနှင့် ဆက်စပ်ပစ္စည်းများ ဖြန့်ဝေထားရှိမှုများကို ရှင်းလင်းတင်ပြခြင်းနှင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထုတ်လုပ်ခြင်းနှင့် လုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး အဖွဲ့ဝင်နိုင်ငံများက နိုင်ငံအလိုက် အတွေ့အကြုံများပေါ် မူတည်၍ ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားစဉ်ကာလအတွင်း အခြေခံကျန်းမာရေး စောင့်ရှောက်မှုများနှင့် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှု စီမံကိန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန် စီစဉ်ထားမှုများကို ဆွေးနွေးပြောကြားကြသည်။

ထိုသို့ နိုင်ငံအလိုက် အတွေ့အကြုံများကို ဆွေးနွေးတင်ပြစဉ် အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက မြန်မာနိုင်ငံတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်မှုဖြင့် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပြီး COVID-19 ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အထူးကြပ်မတ်ဆောင်ရွက်နေမှု၊ ပြည်သူလူထုသို့ အသိပညာပေး လုပ်ငန်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ website သာမက social media နှင့် အခြား Public Media များ၌ အလွယ်တကူသိရှိနိုင်အောင် လွှင့်တင်ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါ စတင်ဖြစ်ပွားသည့်အချိန်၌ ပုံမှန်လုပ်ငန်းစဉ်များဖြစ်သော တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း၊ ခုခံကျကာလသားရောဂါ ကာကွယ်နှိမ်နင်းရေး၊ ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးနှင့် ဆင်ခြေထောက်ရောဂါ ဆေးတိုက်ကျွေးရေး လုပ်ငန်းများနှင့် အခြားပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ယာယီရပ်ဆိုင်းခဲ့ပြီး မေလလယ်မှစတင်၍ ဆေးရုံများ၌ ကာကွယ်ဆေးထိုး လုပ်ငန်းများကို ပြန်လည်စတင်ဆောင်ရွက်နေမှု၊ ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှုဖြင့် ကိုဗစ်-၁၉ အလွန်ကာလအတွင်း ကျန်းမာရေးစနစ် အဆင့်မြင့်မားစေရန်အတွက် အကြံပေးအဖွဲ့ ဖွဲ့စည်း၍ ဆောင်ရွက်နေမှု၊ အဖွဲ့ဝင်နိုင်ငံများနည်းတူ မြန်မာနိုင်ငံအနေဖြင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်၊ လိုအပ်သော ပစ္စည်းများ ထောက်ပံ့မှုနှင့် စီမံခန့်ခွဲရေးကိစ္စရပ်များတွင် အခက်အခဲများ ကြုံတွေ့နေရသော်လည်း အခြေခံကျန်းမာရေး စောင့်ရှောက်မှုများနှင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု စီမံကိန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေးအတွက် ကြိုးစား ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်တွေမြို့နယ်အတွင်း ကျေးရွာ လေးရွာ လျှပ်စစ်မီးထပ်မံရရှိ

**စစ်တွေ ဩဂုတ် ၇**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးဖြစ်သော ၁၁ ကေဗွီလိုင်း ၄ ဒသမ ၇ မိုင်၊ ၄၀၀ ဗို့လိုင်း လေးမိုင်နှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ လေးလုံးဖြင့် ဇေယပူဂျာကျေးရွာတွင် အိမ်ထောင်စု ၅၇ စု၊ သုံးဆောင်ကျေးရွာတွင် အိမ်ထောင်စု ၇၉ စု၊ ကံပြင်ရွာသစ် ကျေးရွာတွင် အိမ်ထောင်စု ၆၉ စုနှင့် ကံပြင် ရွာဟောင်းကျေးရွာတွင် အိမ်ထောင်စု ၅၂ စု စုစုပေါင်း အိမ်ထောင်စု ၂၅၇ စုကို ယနေ့နံနက်ပိုင်းမှစတင်၍ လျှပ်စစ်ဓာတ်အား တိုးချဲ့ဖြန့်ဖြူးပေးထားကြောင်း စစ်တွေမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးသန်းမြတ်ဦးထံမှ သိရသည်။

ထိုကျေးရွာရှိ ပြည်သူလူထုများနှင့် တွေ့ဆုံကာ လျှပ်စစ်နှင့် သက်ဆိုင်သော လုပ်ငန်းကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိပြီး လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန် လျှပ်စစ်လက်ကမ်းစာစောင်များကို အခမဲ့ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**အောင်လှဖြူ(ရမ်းဗြဲ)**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၇**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တို့တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းမည်။ **မိုး/ဇလ**

# ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ(၁၀ / ၂၀၂၀)ကို လွှတ်တော်က အတည်ပြု

နေပြည်တော် ဩဂုတ် ၇

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးနေမျိုးထွန်းက ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော အမျိုးသားစာကြည့်တိုက်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီဝင် ဦးဇော်ဝင်းက ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က အဆိုပါ ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သော ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၏ ပထမ ခြောက်လပတ် အခွန်ရငွေစာရင်းများနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၇/၂၀၂၀) အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

## ကြပ်မတ်ဆောင်ရွက်

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ် ပထမ ခြောက်လပတ်အတွင်း အခွန်(၄)မျိုး စုစုပေါင်း ၇၃၆ ဒသမ ၆၂ ကျပ်သန်း လျာထားခဲ့ရာ ၈၂၉ ဒသမ ၄၄၃ ကျပ်သန်း ကောက်ခံရရှိခဲ့သဖြင့် လျာထားချက် အပေါ် ၁၁၂ ဒသမ ၆ ရာခိုင်နှုန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ အခွန်(၄)မျိုးအား အခွန်အမျိုးအစားအလိုက် လျာထားချက်များ ရေးဆွဲကောက်ခံ၍ သက်ဆိုင်ရာ ဘဏ္ဍာရန်ပုံငွေစာရင်းများသို့ ပေးသွင်းလျက်ရှိရာ အမှန်တကယ်ရသင့်သော အခွန်ငွေနှင့် အနီးစပ်ဆုံးလျာထားသတ်မှတ်ရန်၊ လျော့၍ လျာထားခြင်းကြောင့် ကောက်ခံရရှိမှုရာခိုင်နှုန်း အဆမတန် များပြားနေမှုမရှိစေရေး လျာထားသတ်မှတ်မှုအား တာဝန်ရှိသူအဆင့်ဆင့်က စိစစ်ကြပ်မတ်ဆောင်ရွက်ရန်၊ လျာထားသတ်မှတ်ချက်အား ပြည့်မီကျော်လွန်အောင် ကောက်ခံရရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန် နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသို့ အကြောင်းကြား ထားရှိပါကြောင်း။

သို့ဖြစ်ပါ၍ ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၏ ပထမခြောက်လပတ် အခွန်ရငွေစာရင်းများနှင့် ၎င်းအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ(၇/၂၀၂၀) နှင့် စပ်လျဉ်း၍ ဆွေးနွေးချက်များအပေါ် အလေးထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ မိမိတို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကောက်ခံရရှိသော အခွန်(၄)မျိုးနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးနှစ်အလိုက် လျာထားချက် ပြည့်မီကျော်လွန်အောင် ကောက်ခံဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအဆင့်ဆင့်သို့လည်း အမိန့်၊ ညွှန်ကြားချက်များထုတ်ပြန်၍ ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ဝန်ကြီးဌာနအနေဖြင့် ၂၀၁၉ – ၂၀၂၀ ခု ဘဏ္ဍာရေးနှစ် အခွန်ရငွေစာရင်းတွင် မူလလျာထားချက်အနေဖြင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ငွေကျပ် ၁၄၈၇ ဒသမ ၄၇၇ သန်းနှင့် ငါးလုပ်ငန်းဦးစီးဌာနမှ ငွေကျပ်သန်း ၃၀၀၀ စုစုပေါင်း ငွေကျပ် ၄၄၈၇ ဒသမ ၄၇၇ သန်း လျာထားခဲ့ပါကြောင်း။

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေဖြင့် ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ် အခွန်ပြုပြင်ပြီးလျာထားချက် ငွေကျပ် ၁၄၈၇ ဒသမ ၄၇၇ သန်းအပေါ် ဇွန်လအထိ ငွေကျပ် ၁၁၁၈ ဒသမ ၂၀၉ သန်း ရရှိခဲ့ပါကြောင်း၊ အဆိုပါရငွေသည် ၂၀၁၉ – ၂၀၂၀ဘဏ္ဍာရေးနှစ်အတွက် ငွေကျပ် ၄၂၉ သန်း ၂၉ ရာခိုင်နှုန်း ကောက်ခံရရှိပြီး ၂၀၁၇ – ၂၀၁၈ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်တို့အတွက် ကြွေးကျန် ငွေကျပ် ၆၈၉ ဒသမ ၂၀၉ သန်း ပါဝင်ပါကြောင်း။

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ၂၀၁၉ – ၂၀၂၀ ခု ဘဏ္ဍာရေးနှစ် အခွန်ပြုပြင်ပြီး လျာထားချက် ငွေကျပ် သန်း ၃၀၀၀ အပေါ် ဇွန်လအထိ ငွေကျပ် ၅၀၄၈ ဒသမ ၅၂ သန်း အခွန်ကောက်ခံရရှိပြီး ရာခိုင်နှုန်းအားဖြင့် ၁၆၈ ဒသမ ၂၈၄ ရာခိုင်နှုန်း ကောက်ခံရရှိပြီး ဖြစ်ပါကြောင်း၊ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ပင်လယ်ကမ်းဝေးငါးဖမ်းလုပ်ငန်းရှင်များ အခွန်အပြည့်အဝ ပေးသွင်းနိုင်ရေးအတွက် ကောက်ခံရရှိရေးကို စီမံဆောင်ရွက်သကဲ့သို့ မှတ်ပုံတင်ခြင်းများ ပြင်ဆင်သတ်မှတ်ကောက်ခံခြင်းများကြောင့် ပိုမိုရရှိခြင်းဖြစ်ပါကြောင်း။

## ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေဖြင့် လွှတ်တော် အစီရင်ခံစာ တင်ပြပြီးနောက်ပိုင်း ကြွေးကျန်ကောက်ခံရရှိမှုအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေကျပ် ၁ ဒသမ ၁၉၈ ဘီလီယံ၊ ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေကျပ် ၁ ဒသမ ၀၁၇ ဘီလီယံနှင့် ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ် ဇွန်လအထိ ငွေကျပ်သန်း ၄၃၀ စုစုပေါင်းငွေကျပ် ၂ ဒသမ ၆၄၆ ဘီလီယံ ကောက်ခံရရှိပြီးဖြစ်ပါကြောင်းနှင့် အခွန်ငွေများ ပြေကျေစွာ ကောက်ခံရရှိရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်း။



ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးနေမျိုးထွန်း



ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးဇော်ဝင်း

သို့ဖြစ်ပါ၍ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အခွန်ရငွေစာရင်းများနှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၇/၂၀၂၀) အပိုဒ် (၁၄)ပါ သဘောထားမှတ်ချက်များနှင့်အညီ မိမိတို့ဝန်ကြီးဌာနအနေဖြင့် အလေးအနက်ထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် နိုင်ငံတော်မှ အခွန်ဘဏ္ဍာငွေများ နစ်နာဆုံးရှုံးမှုမရှိစေရေးအတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အထူးအလေးထား စီမံခန့်ခွဲကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းကိစ္စတို့နှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ဆက်လက်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဝင် ဦးမျိုးဝင်း က အဆိုပါ အစီရင်ခံစာ (၇/၂၀၂၀)ကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းသည်။

## လွှတ်တော်က မှတ်တမ်းတင်

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က ယင်းအဆိုကိုအတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူမရှိသည့်အတွက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၇/၂၀၂၀)ကို လွှတ်တော်က သဘောတူအတည်ပြုကြောင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သော ၂၀၁၉–၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ပထမခြောက်လပတ် အခွန်ရငွေစာရင်းများ အစီရင်ခံစာကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၉–၂၀၂၀ခု၊ ဘဏ္ဍာနှစ်၊ ပထမခြောက်လပတ် အမျိုးသားစီမံကိန်းအစီရင်ခံစာနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ဈေးကွက်သစ်များ ရှာဖွေရန်နှင့် ဝယ်လိုအားရှိပြီး ထိုးဖောက်နိုင်သည့်နေရာများတွင် ကြိုတင်ဈေးကွက်ရှာဖွေမှုများ ပြုလုပ်ရန်အတွက် ဝန်ကြီးဌာနအနေဖြင့် ညှိနှိုင်းဆွေးနွေးမှုတစ်ရပ်ကို ပြည်ထောင်စုဝန်ကြီးခေါင်းဆောင်သည့် တာဝန်ရှိသူများနှင့် ပြည်ပနိုင်ငံများတွင် ရောက်ရှိနေသည့် စီးပွားရေးသံမှူးများအကြားတွင် ညှိနှိုင်းအစည်းအဝေးတစ်ရပ်ကို Online စနစ်ဖြင့် ကျင်းပခဲ့ပါကြောင်း၊ ထို့ပြင် မြန်မာသံရုံး၊ မြန်မာအဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့တွင် ဈေးကွက်အသစ်ရှာဖွေမှုများ ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးရေးထွက်ကုန်ဆိုင်ရာ အချက်အလက်များကို ပေးပို့ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် ဝန်ကြီးဌာနအနေဖြင့် အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀ – ၂၀၂၅ ကို အကောင်အထည်ဖော်လျက်ရှိပြီး ပို့ကုန်များအပြင် အရည်အသွေးစီမံခန့်ခွဲမှုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် အမျိုးသားအရည်အသွေးထိန်းချုပ်မှု အခြေခံအဆောက်အအုံများ မြှင့်တင်ဆောင်ရွက်နိုင်ရေး၊ အစားအသောက်ဘေးကင်းလုံခြုံစေရေးနှင့် ပိုးမွှားကင်းစင်မှုအစီအမံများ ပိုမိုအားကောင်းစေရေးအတွက် ဆက်စပ်ဌာနများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဓာတ်ခွဲခန်းများ ထူထောင်ခြင်း၊ နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်များရရှိရေးအတွက် ပံ့ပိုးပေးခြင်း၊ စံချိန်စံညွှန်းနည်းပညာများ ကူညီပေးခြင်း စသည်တို့ကိုဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းနိုင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် ဦးမောင်မောင်ဝင်းတို့က ဆက်လက်ရှင်းလင်း ဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဝင် ဦးကျော်တင့်က ကော်မတီ၏ အစီရင်ခံစာ (၈/၂၀၂၀) နှင့် (၉/၂၀၂၀) တို့ကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းအဆိုကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူမရှိသည့်အတွက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထား မှတ်ချက်အစီရင်ခံစာ (၈/၂၀၂၀)နှင့် (၉/၂၀၂၀)တို့ကို သဘောတူအတည်ပြုကြောင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာနှစ် ပထမခြောက်လပတ် အမျိုးသားစီမံကိန်းအစီရင်ခံစာနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာတို့ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၈– ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် အစိုးရ၏ကြွေးမြီဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၁၀/၂၀၂၀)အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ဝန်ကြီးဌာနအနေဖြင့် ယခင် ၁၉၈၈ မတိုင်မီကာလအထိ စီမံကိန်း စုစုပေါင်း ငါးခုအတွက် အမေရိကန်ဒေါ်လာ ၈ ဒသမ ၉၂ သန်း ချေးငွေရယူခဲ့ပါကြောင်း၊ ၂၀၁၀ ပြည့်နှစ်မတိုင်မီ ကာလအတွင်း စိုက်ပျိုးရေးကဏ္ဍ စီမံကိန်း ခြောက်ခုအတွက် အမေရိကန်ဒေါ်လာ ၇၂ ဒသမ ၇၆၆ သန်း ချေးငွေရယူမှုရှိခဲ့ပါကြောင်း၊ ၂၀၁၆ ခုနှစ်မတိုင်မီ ပြီးခဲ့သည့် လွှတ်တော်သက်တမ်းကာလ၊ ဝန်ကြီးဌာနအလိုက် အသီးသီးတည်ရှိနေသည့် အချိန်အတွင်း စုစုပေါင်းစီမံကိန်း ၁၁ခု အတွက် အမေရိကန်ဒေါ်လာ ၁၄၇၇ ဒသမ ၉၀၇ သန်း ချေးယူဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုဒုတိယအကြိမ် လွှတ်တော်သက်တမ်းကာလတွင် စုစုပေါင်း စီမံကိန်း ခုနစ်ခုအတွက် ချေးငွေ အမေရိကန်ဒေါ်လာ ၅၂၉ ဒသမ ၃၈၇ သန်း ချေးယူဆောင်ရွက်ခဲ့ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ယခုလက်ရှိအချိန်တွင် စုစုပေါင်းစီမံကိန်း ၂၉ ခု အတွက် နိုင်ငံခြားချေးငွေ အမေရိကန်ဒေါ်လာ ၂၀၈၈ ဒသမ ၉၈၂ သန်း ချေးယူဆောင်ရွက်ခဲ့ပါကြောင်း၊ အဆိုပါစီမံကိန်း ၂၉ ခုအနက် သမဝါယမကဏ္ဍတွင် စီမံကိန်းတစ်ခု၊ စိုက်ပျိုးရေးကဏ္ဍတွင် စီမံကိန်း ၁၁ ခု၊ မွေးရေ/ကျေးလက်ကဏ္ဍတွင် စီမံကိန်းနှစ်ခု၊ စုစုပေါင်းစီမံကိန်း ၁၄ ခုအတွက် ချေးငွေ အမေရိကန်ဒေါ်လာ ၂၆၆ ဒသမ ၉၁ သန်းဖြင့် လုပ်ငန်းများဆောင်ရွက်ပြီးစီးခဲ့ပြီး ဖြစ်ပါကြောင်း၊ ဆောင်ရွက်ဆဲ စီမံကိန်းလုပ်ငန်းများအနေဖြင့် သမဝါယမကဏ္ဍတွင် စီမံကိန်းသုံးခု၊ စိုက်ပျိုးရေးကဏ္ဍတွင် စီမံကိန်းခုနစ်ခု၊ မွေးရေ/ ကျေးလက်ကဏ္ဍတွင် စီမံကိန်း ငါးခု စုစုပေါင်းစီမံကိန်း ၁၅ ခုရှိပါကြောင်း၊ ယင်းတို့အတွက် ချေးငွေ အမေရိကန်ဒေါ်လာ ၁၈၂၂ ဒသမ ၀၇၂ သန်းဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ငွေထုတ်ယူရမည့် ချေးငွေသက်တမ်းကာလ ကုန်ဆုံးပြီး ငွေဆက်မထုတ်နိုင်တော့သဖြင့် ဆောင်ရွက်ရန်ကျန်နေဆဲ စီမံကိန်းလုပ်ငန်းများ မရှိပါကြောင်း။

## အလေးအနက်ထား ဆောင်ရွက်သွားမည်

တရုတ်နိုင်ငံမှ ချေးငွေရယူ အကောင်အထည်ဖော်လျက်ရှိသည့် စိုက်ပျိုးရေးကဏ္ဍတွင် စီမံကိန်းနှစ်ခုနှင့် သမဝါယမကဏ္ဍတွင် စီမံကိန်းနှစ်ခု၊ စုစုပေါင်း စီမံကိန်းလေးခုရှိပါကြောင်း၊ အဆိုပါ စီမံကိန်းလေးခုအနက် စီမံကိန်းတစ်ခုမှာ ချေးငွေ အကျေပေးဆပ်ပြီး ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန၏ တင်ပြပါဆောင်ရွက်ဆဲ ကြွေးမြီနှင့်စပ်လျဉ်းသည့် ချေးငွေစီမံကိန်းများကို ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အကြံပြုသုံးသပ်ချက်များနှင့်အညီ အလေးအနက်ထား လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ဆက်လက်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းက ကော်မတီ၏အစီရင်ခံစာ (၁၀/၂၀၂၀)ကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းအဆိုကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူမရှိသည့်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၈ – ၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ်အစိုးရ၏ ကြွေးမြီဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာကို မှတ်တမ်းတင်ကြောင်းနှင့် ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၁၀/၂၀၂၀) ကို လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကို ဩဂုတ် ၁၉ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်**

# ကိုဗစ်အလွန် အပန်းဖြေလည်ပတ်စရာ ခရီးစဉ်နေရာများစွာထဲမှ မွန်တို့ဌာနေ ရာမညမြေ

သတင်းဆောင်းပါး – သီသီမင်း ၊ ဓာတ်ပုံ– ခိုင်ခိုင်

ရေ၊ မြေ၊ တော၊ တောင် သဘာဝအလှအပများ၊ သမိုင်းဝင် အထင်ကရနေရာများ၊ သာယာရှုမောဖွယ် ကမ်းခြေအလှများနှင့် ဖော်ထုတ်ရန် ကျန်ရှိနေသေးသည့် စိတ်ဝင်စားဖွယ်ကောင်းလှသော ဗဟုသုတဖြစ်ဖွယ် ခရီးစဉ်ဒေသသစ်များနှင့်အတူ အရိုင်းဆန်သော သဘာဝအလှတရားများစွာ ပိုင်ဆိုင်ထားဆဲဖြစ်သည့် မွန်ပြည်နယ်သည် ခရီးသွားအပန်းဖြေရင်း ဗဟုသုတ ရှာဖွေနိုင်မည့် ပြည်နယ်တစ်ခုအဖြစ် တည်ရှိနေသည်။ မွန်ပြည်နယ်သည် ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် (အရှေ့တောင်ဘက်တွင်) ထိုင်းနိုင်ငံ ကန်ချနာဘူရီတို့နှင့် နယ်နိမိတ်ခြင်း ထိစပ်နေသည်ဖြစ်ရာ မွန်ပြည်နယ်၏ မြို့များဖြစ်သည့် ကျိုက်ထို၊ မော်လမြိုင်၊ မုဒုံ၊ သံဖြူဇရပ်၊ ကျိုက်မရော၊ ရေး၊ ပေါင်၊ ချောင်းဆုံ၊ သထုံ၊ ဘီးလင်းမြို့နယ်များရှိ အထင်ကရ နေရာများသို့ ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များ နှစ်စဉ် အများအပြား လာရောက်လည်ပတ်လေ့ရှိကြသည်။

မွန်ပြည်နယ်၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မွန်ပြည်နယ်အတွင်း ဟိုတယ်၊ တည်းခိုရိပ်သာများ တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ခရီးသွားကုမ္ပဏီများ ဖွင့်လှစ်ခွင့်ပြုခြင်း၊ ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်ခြင်းတို့ကို လုပ်ဆောင်လျက်ရှိကြောင်း မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

"မွန်ပြည်နယ်အတွင်းမှာ ခရီးသွားတွေကို ဆွဲဆောင်နိုင်တဲ့ စိတ်ဝင်စားဖွယ်ကောင်းတဲ့ ခရီးစဉ်ဒေသတွေဟာ မြို့တိုင်းမှာရှိနေပါတယ်"ဟု မွန်ပြည်နယ် ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးသန်းထွဋ်ခိုင်က ဆိုသည်။

**ကျိုက်ထိုမြို့နယ်ရှိ ထင်ရှားသည့်နေရာများ**

ရန်ကုန်မြို့မှ နေ့ချင်းပြန် သွားရောက်ဖူးမြော်နိုင်သည့် မွန်ပြည်နယ်၏ ထင်ရှားကျော်ကြားပြီး ပြည်တွင်းရော ပြည်ပပါ ခရီးသွားအများဆုံး ဝင်ရောက်ရာ ကျိုက်ထိုမြို့နယ်ရှိ ပေပေါင်း ၃၆၁၅ ပေအမြင့်ရှိ ပေါင်းလောင်းတောင်ပေါ်တွင် ထူးခြားအံ့ဩဖွယ်ရာ တည်ထားသည့် သမိုင်းဝင် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီသို့ ဘုရားဖူးများအနေဖြင့် ခြေကျင်ဖြင့် လည်းကောင်း၊ တောင်တက်ကားဖြင့် လည်းကောင်း၊ ကေဘယ်လ်ကားဖြင့်လည်းကောင်း ဖူးမြော်နိုင်ပြီး တစ်ဆက်တစ်စပ်တည်းရှိ နာမည်ကျော် ကျီးကန်းပါးစပ်အပါအဝင် စေတီပုထိုးများကိုပါ ဖူးမြော်ကြည်ညို နိုင်မည်ဖြစ်သည်။

ထိုမှတစ်ဖန် ကျိုက်ထီးရိုးတောင်ခြေ ကင်မွန်းစခန်းမှ ရှစ်မိုင်ခန့်အကွာတွင် တည်ရှိသည့် အနားယူအပန်းဖြေစရာ ဆောင်နိုင်ကြီး ရေတံခွန်သို့လည်း သွားရောက် လည်ပတ်နိုင်မည်ဖြစ်ပြီး အဆိုပါ ကျိုက်ထိုမြို့ပေါ်မှာပင် ကြီးမားလှသည့် ထိုင်တော်မူဘုရားကြီး၊ ကျိုက်ပေါ်လော မှဲ့ရှင်ဘုရား၊ တွင်းတစ်ရာကျောင်းတိုက်နှင့် သမိုင်းဝင် စစ်တောင်းတံတားဟောင်း၊ ရှေးခေတ် ကျိုက္ကသာ မြို့ဟောင်းကုန်းများသို့လည်း ခရီးဆန့်နိုင်မည်ဖြစ်သည်။

**စိတ်ဝင်စားဖွယ် ဘီးလင်းမြို့နယ်**

ဘီးလင်းမြို့နယ်သို့ ခရီးဆက်မည်ဆိုပါက ကျိုက်ထီးဆောင်းစေတီတော်၊ ကေလာသစေတီနှင့် မဲလံဆံတော်ရှင်စေတီ ကျောက်ပိရဟန္တာ၊ ကုသိနာရုံတို့ကို ဖူးမြင်ရမည်ဖြစ်ပြီး ဘီးလင်းမြို့နယ် ဇုတ်သုတ် ကျေးရွာအနီး ရှေးဟောင်းမွန်လူမျိုးတို့၏ ယဉ်ကျေးမှုလက်ရာဖြစ်သည့် သမိုင်းဝင် ဆင်တပ်၊ မြင်းတပ် ၊ ဂဝံတံတိုင်းခံတပ်များကို တွေ့ရမည်ဖြစ်ရာ ခရီးသွားရင်း ဗဟုသုတ တိုးပွားမည်မှာ အမှန်ပင်။



မုဒုံမြို့နယ်ရှိ ဝင်းစိန်တောရ လျောင်းတော်မူဘုရားကြီးကို တွေ့ရစဉ်။

**"မော်လမြိုင်မြို့မှာပင် ရှေးမြန်မာမင်းများ ခေါင်းဆေးမင်္ဂလာပြုရာ သမိုင်းဝင် ခေါင်းဆေးကျွန်းနှင့် နတ်ရေတွင်း၊ သမိုင်းကြောင်းအရ၊ ယဉ်ကျေးမှုလက်ရာအရ၊ အနုပညာလက်ရာအရ တန်ဖိုးရှိသော နှစ် ၁၀၀ အထက် သက်တမ်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ ခရစ်ယာန်ဘုရားရှိခိုးကျောင်းများ၊ မွန်လူမျိုး ဦးနာအောက် တည်ထားသည့် ကတိုးကော့နပ်ကျေးရွာရှိ ဘုရားနှင့်အနုပညာလက်ရာများကို သွားရောက်ကြည့်ရှုလေ့လာ လည်ပတ်နိုင်မည်ဖြစ်ပြီး မွန်ပြတိုက်သို့ သွားရောက်ကာ မွန်လူမျိုးတို့၏ ရိုးရာဓလေ့၊ ဝတ်စားဆင်ယင်မှုနှင့် သမိုင်းကြောင်း မွန်တူရိယာပစ္စည်းများကို မော်လမြိုင်မြို့ရှိ မွန်ယဉ်ကျေးမှုပြတိုက်တွင် တစ်စုတစ်စည်းတည်း လေ့လာနိုင်"**

**သထုံမြို့နယ်မှ လည်ပတ်ချင်စရာနေရာများနှင့် ဝင်းဖုန်း သဘာဝလိုဏ်ဂူ**

သမိုင်းဆိုင်ရာ အထောက်အထား ပေထက်အက္ခရာပေါ်တွင် အထင်ကရရှိခဲ့သည့် သထုံမြို့သို့ သွားရောက်လေ့လာမည် ဆိုပါက သမိုင်းဝင် ရွှေစာရံစေတီ၊ လှေကားထစ်ပေါင်း ၉၉၉ ထစ်ရှိ မြသပိတ်စေတီ၊ နီးဘုရားကြီးတို့ကို ဖူးမြင်ခွင့်ရမည်ဖြစ်ပြီး ရွှေစာရံစေတီတော် အတွင်း ကျောက်စာပြတိုက်၊ ပိဋကတ်သုံးပုံ ပေထက်အက္ခရာတင်ပြီး ထားသိုထိန်းသိမ်းထားသည့် နာမည်ကျော် ဦးဘိုးသီး၏ ပိဋကတ်တိုက်ကိုလည်း လေ့လာခွင့်ရမည် ဖြစ်သည်။

ထို့ပြင် သထုံမြို့နယ်၌ မွန်ပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ခရီးစဉ်တစ်ခုအဖြစ် ရှာဖွေဖော်ထုတ်ထားသည့် ဝင်းဖုန်းတောင်နှင့် သဘာဝဂူသို့ သွားရောက် လေ့လာမည်ဆိုပါက သထုံမြို့နယ်ရှိ ဒူးရင်းဆိပ်ကျေးရွာမှ ဒုံသမိမြစ်ကြောင်းအတိုင်း စက်လှေဖြင့် ဝင်းဖုန်းကျေးရွာသို့ တစ်နာရီခန့် ဆန်တက်ရမည်ဖြစ်သည်။ မြစ်ကမ်းတစ်လျှောက် သဘာဝတောတောင်ရှုခင်းများကို ကြည့်ရင်း တိုင်းရင်းသားတို့၏ ရိုးရာဓလေ့ ပုစွန်ဖမ်းခြင်း၊ ငါးဖမ်းခြင်း၊ ခရုငုပ်ခြင်း တို့ကိုလည်း လေ့လာတွေ့ရှိခွင့်ရမည်ဖြစ်သည်။

ထိုခရီးစဉ်တစ်လျှောက်တွင် ခြေကျင်တောလမ်းခရီးများဖြတ်သွားရခြင်း၊ စက်လှေဖြင့်သွားရခြင်း၊ လမ်းတစ်လျှောက် မြင်တွေ့ရမည့် ရှုခင်းအလှအပများကို ခံစားနိုင်ခြင်း၊ ဝင်းဖုန်းတောင်ရှိ ပေ ၅၀၀ ကျော်ခန့် ရှည်လျားသည့် သဘာဝကျောက်ဂူအတွင်း ထူးခြားဆန်းပြားသော အသွင်အပြင်များ၊ သဘာဝ၏ ဖြစ်တည်နေမှုများကို ကြည့်ရှုလေ့လာနိုင်ခြင်းတို့ကြောင့် တောတွင်း၊ စွန့်စွန့်စားစား သွားလာလှုပ်ရှားမှုကို စိတ်ဝင်စားသူများအတွက် အကြိုက်တွေ့စေမည့် ခရီးစဉ်တစ်ခုပင်ဖြစ်သည်။

အဆိုပါ ခရီးစဉ်နှင့် ပတ်သက်၍ ပြည်နယ်ဦးစီးမှူး ဦးသန်းထွဋ်ခိုင်က "သထုံမှာဆို စိတ်ဝင်စားစရာ အကောင်းဆုံး ခရီးစဉ်တစ်ခုက ဝင်းဖုန်းတောင် ခရီးစဉ်ပဲ"ဟု မှတ်ချက်ပြုသည်။

**မော်လမြိုင်မြို့နယ်အတွင်းမှ သမိုင်းဆိုင်ရာ လေ့လာချင်စရာ**

မွန်ပြည်နယ်၏ မြို့တော်မော်လမြိုင်မြို့တွင် အကြီးဆုံး စေတီဖြစ်သည့် မော်လမြိုင်မြို့၏ ကျက်သရေဆောင် ကျိုက်သလ္လံစေတီတော်ကို ဖူးမြင်နိုင်မည်ဖြစ်ပြီး တောင်ပေါ်တွင် တည်ထားသည့် ဦးဇိနဘုရား၊ ထူးခြားသည့် သမိုင်းကြောင်းများရှိခဲ့သည့် ပန်းရုံပျံဘုရား၊ သဘာဝအလှအပများဖြင့် စုစည်းထားသည့် သဘာဝထုံးကျောက်လိုဏ်ဂူ၊ ခရုံဂူ စသည့် နေရာများကလည်း စိတ်ဝင်စားဖွယ်ကောင်းလှသည်။

အဆိုပါ မော်လမြိုင်မြို့မှာပင် ရှေးမြန်မာမင်းများ ခေါင်းဆေးမင်္ဂလာပြုရာ သမိုင်းဝင် ခေါင်းဆေးကျွန်းနှင့် နတ်ရေတွင်း၊ သမိုင်းကြောင်းအရ၊ ယဉ်ကျေးမှု လက်ရာအရ၊ အနုပညာလက်ရာအရ တန်ဖိုးရှိသော နှစ် ၁၀၀ အထက် သက်တမ်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ ခရစ်ယာန်ဘုရားရှိခိုးကျောင်းများ၊ မွန်လူမျိုး ဦးနာအောက် တည်ထားသည့် ကတိုးကော့နပ်ကျေးရွာရှိ ဘုရားနှင့် အနုပညာလက်ရာများကို သွားရောက်ကြည့်ရှု လေ့လာလည်ပတ်နိုင်မည်ဖြစ်ပြီး မွန်ပြတိုက်သို့ သွားရောက်ကာ မွန်လူမျိုးတို့၏ ရိုးရာဓလေ့၊ ဝတ်စားဆင်ယင်မှုနှင့် သမိုင်းကြောင်း မွန်တူရိယာပစ္စည်းများကို မော်လမြိုင်မြို့ရှိ မွန်ယဉ်ကျေးမှုပြတိုက်တွင် တစ်စုတစ်စည်းတည်း လေ့လာနိုင်မည်ဖြစ်သည်။

"နှစ် ၁၀၀ အထက် သက်တမ်းရှိတဲ့ ပြည်တွင်း၊ ပြည်ပခရီးသွားတွေကို ဆွဲဆောင်နိုင်တဲ့ ယဉ်ကျေးမှုအရ၊ သမိုင်းကြောင်းအရ၊ အနုပညာလက်ရာအရ တန်ဖိုးရှိတဲ့ ရှေးဟောင်း အဆောက်အအုံတွေကို နှစ်ညအိပ် သုံးရက် ခရီးစဉ်အသစ်အနေနဲ့ ဖော်ဆောင်ထားတာရှိပါတယ်"ဟု ဦးသန်းထွဋ်ခိုင်က ပြောသည်။

**ချောင်းဆုံမြို့နယ်**

ထူးခြားချက်အနေဖြင့် မော်လမြိုင်တစ်ဖက်ကမ်း ချောင်းဆုံမြို့ရှိ ဘီလူးကျွန်းတွင် ကျေးရွာအလိုက် ဘုရားပွဲများ နှစ်စဉ်ကျင်းပလေ့ရှိပြီး ဘုရားပွဲတော်သို့ လာရောက်သူများသည် ကျေးရွာများရှိ မိမိကြိုက်နှစ်သက်သည့် အိမ်ပေါ်သို့ တက်ရောက်ကာ စားသောက်ဖွယ်ရာများ စားသောက်နိုင်ခြင်းပင် ဖြစ်သည်။

*စာမျက်နှာ ၉ သို့*



ခရီးသွားများ ဆွဲဆောင်ရာ ကျိုက်ထိုမြို့နယ်ရှိ ဆောင်နိုင်ကြီး ရေတံခွန်ကို တွေ့ရစဉ်။



သထုံမြို့နယ်ရှိ ဝင်းဖုန်းတောင်နှင့် သဘာဝဂူ ခရီးစဉ်ဒေသကို တွေ့ရစဉ်။



သထုံမြို့နယ်ရှိ ရွှေစာရံစေတီတော်။



ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်။

*စာမျက်နှာ ၈ မှ*

"မွန်ပြည်နယ်မှာ လအလိုက် ရာသီအလိုက် ပွဲတော်တွေ တစ်နှစ်ပတ်လုံး ကျင်းပလျက်ရှိပါတယ်။ ထူးခြားတဲ့ပွဲတော်တွေကတော့ ဘီလူးကျွန်းမှာ ဧပြီလတစ်လလုံးပွဲတော်တွေပဲဖြစ်ပါတယ်"ဟု ပြည်နယ်ဦးစီးမှူးက ပြောသည်။

ထိုမှတစ်ဖန် ဒေသခံတို့၏ လက်မှုလုပ်ငန်းများကို လေ့လာချင်ပါက မြန်မာတစ်နိုင်ငံလုံးတွင် တစ်နေရာတည်းသာတွေ့နိုင်သည့် ကျောက်သင်ပုန်းများပြုလုပ်သည့် မုဒ္ဒွန်းရွာတို့သို့ သွားရောက်ကာ ကျောက်သင်ပုန်း လုပ်ငန်း၊ နီးမှုတ်ကျေးရွာရှိ ခမောက်လုပ်ငန်းနှင့် ရော်ဘာကွင်းလုပ်ငန်း၊ သစ်သားလက်မှုလုပ်ငန်းများလုပ်ကိုင်ရာ ရွာလွတ်ရွာတို့သို့လည်း ခရီးဆန့်နိုင်မည်ဖြစ်ပြီး နေကြာစိုက်ရာသီချိန်တွင် ဘီလူးကျွန်း ရွှေဟသ်ာအဝိုင်းနှင့် ကညော့်ရွာကြားရှိ နေကြာပန်းစိုက်ခင်းများနှင့် ဘီလူးကျွန်းရှိ ဆယ်ပလာရွာ ကမ်းခြေတွင် မြင်တွေ့ရမည့် ညနေဆည်းဆာအလှအပများ ကလည်း ခရီးသွားများအား ဆွဲဆောင်မှု ရှိလှသည့် နေရာများပင်ဖြစ်သည်။

**ကဗျာဂကမ်းခြေရှိရာ ရေးမြို့**

မော်လမြိုင်မြို့မှ မိုင် ၁၀၀ နီးပါးဝေးကွာသော ရေးမြို့တွင် စံကားတောင်စေတီ၊ ရွှေဆံတော်စေတီ၊ ကိုရင်လေးကျောင်းစသည့် ထင်ရှားကျော်ကြားလှသည့် စေတီပုထိုးများနှင့် ရေးမြို့၏ သမိုင်းကြောင်းကို ထင်ဟပ်စေသည့် ရှေးဟောင်းသမိုင်းဝင် ကျုံးတို့အပြင် ပြည်နယ်အစိုးရအဖွဲ့နှင့် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ဖော်ဆောင်ထားသည့် ရေးမြို့မှ မိုင် ၂၀ အကွာတွင် တည်ရှိသည့် လှပသာယာသော ကဗျာဂကမ်းခြေတွင်လည်း အပန်းဖြေနိုင်မည်ဖြစ်သည်။

**ပေါင်မြို့နယ်**

ပေါင်မြို့နယ်တွင် နွားလပို့စေတီ၊ ဇင်းကျိုက်ကျေးရွာရှိ မွန်ပြည်နယ်၏ ထင်ရှားကျော်ကြားသည့် ဇင်းကျိုက်တောင်နှင့် သဘာဝအလှအပများဖြင့် သာယာလှပနေသည့် ဇင်းကျိုက်ရေတံခွန်၊ ကျောက်သဘော်စေတီနှင့် ငှက်မျိုးစိတ်ပေါင်းများစွာကို ကြည့်ရှုလေ့လာနိုင်သည့် အလုပ်ငှက်ကြည့်စခန်းများသို့လည်း သွားရောက်လည်ပတ်နိုင်သည်။

**ကျိုက်မရောမြို့နယ်**

ကျိုက်မရောမြို့သို့ ရောက်ရှိသည့်အခါ မွန်ဘုရင်မကြီး ရှင်စောပု တည်ထားကိုးကွယ်ခဲ့သော ဝတ်ကျောင်းအတွင်းရှိ ထူးခြားလှသည့် ဗုဒ္ဓရုပ်ပွားတော်၊ မွန်ကျောက်စာတို့ကို ဗဟုသုတဖြစ်ဖွယ်နှင့် ကြည်ညိုဖွယ်ရာ သွားရောက်ဖူးမြော်နိုင်သည်။ ထို့ပြင် ကျိုက်မရောမြို့နှင့် ၂၄ မိုင် အကွာတွင်ရှိသော ရေပူကျေးရွာမှ ရေပူကန်များနှင့် ဒေသခံများ၏ ထုံးလုပ်ငန်းများအပြင် ကျိုက်မရောမြို့နယ်အတွင်း တည်ရှိသည့် အကြီးဆုံး သဘာဂထုံးကျောက်တောင် ဖားဘောင်ဂူသို့လည်း သွားရောက် လေ့လာနိုင်မည်ဖြစ်သည်။

**သံဖြူဇရပ်မြို့နယ်**

ကျိုက္ခမီရေလယ်ဘုရား၊ နာမည်ကျော်ကမ်းခြေ အပန်းဖြေစခန်းတစ်ခုဖြစ်သည့် စက်စဲကမ်းခြေ၊ မြန်မာ-ထိုင်း(ယိုးဒယား) မီးရထားလမ်းဖောက်လုပ်စဉ် သေဆုံးခဲ့သည့် အာရှ ချွေး တပ်သား ၃၇၇၁ ဦးကို မြှုပ်နှံထားသည့် သမိုင်းဝင် သံဖြူဇရပ် စစ်သင်္ချိုင်းနှင့် သေမင်းတမန် ရထားလမ်း၊ ဝဲကလိရေပူစမ်းအပြင် အခြားသော စိတ်ဝင်စားဖွယ်ခရီးစဉ် အများအပြားရှိနေသည့် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်သို့လည်း သွားရောက်လည်ပတ်နိုင်သည်။

**မုဒုံမြို့နယ်**

မုဒုံမြို့နယ်ရှိ ကျောက်တစ်လုံးတောင်နှင့် သဘာဂအလှအပ ရှုခင်းများ၊ အထင်ကရ မြင်းနှစ်ကောင်ဘုရား၊ ဝင်းစိန်တောရ လျောင်းတော်မူဘုရားကြီးတို့အပြင် နာမည်ကျော် မုဒုံ စောင်ရက်လုပ်ရာ ဒေသခံတို့၏ ရိုးရာရက်ကန်းလုပ်ငန်းများကိုပါ လေ့လာနိုင်မည်ဖြစ်သည်။

မွန်ပြည်နယ်အတွင်းရှိ ဒေသခံများ၏ နေထိုင်မှုပုံစံ၊ ဒေသထွက်ကုန်များနှင့် ချစ်စဖွယ် ရိုးရာဓလေ့ထုံးစံများကို အခြေပြုကာ ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းများကို မွန်ပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနက ဖော်ထုတ်လျက်ရှိပြီး ဒေသတွင်း ခရီးသွားလုပ်ငန်းမြှင့်တင်ရေးကို ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပြည်တွင်းခရီးသွားဧည့်သည်များ လွတ်လပ်စွာ သွားလာလည်ပတ်နိုင်သော်လည်း ပြည်ပခရီးသွားများအတွက် ကြိုတင်ခွင့်ပြုချက်ရယူပြီးမှသာ သွားလာရသည့် မွန်ပြည်နယ်ရှိ ကန့်သတ်ဒေသအချို့ကိုလည်း ဖြေလျှော့ပေးနိုင်ရေးအတွက် မွန်ပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနက ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုကို ခံယူကာ ဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ မွန်ပြည်နယ်သို့ ခရီးသွားဝင်ရောက်မှုအနေဖြင့် ၂၀၁၈ ခုနှစ်တွင် ပြည်တွင်း ၁၇၉၄၃၀၆ ဦး၊ ပြည်ပ ၁၉၃၆၁၄ ဦး၊ ၂၀၁၉ ခုနှစ်တွင် ပြည်တွင်း ၂၆၃၄၉၅၀၊ ပြည်ပ ၁၇၆၇၃၀၆ ဦး၊ ၂၀၂၀ ပြည့်နှစ်တွင် ဧပြီလအထိ ပြည်တွင်း ၇၂၈၁၀၅ ဦး၊ ပြည်ပ ၄၉၆၃၇ ဦး ဝင်ရောက်ခဲ့ကြောင်း မွန်ပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

လက်ရှိအချိန်တွင်လည်း မြို့နယ်အလိုက် ခရီးစဉ်ဒေသစီမံခန့်ခွဲမှု ကော်မတီ Distination Management Organization (DMO) များ ဖွဲ့စည်းပြီး ခရီးစဉ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ကျိုက်ထီးရိုးဒေသနှင့် ကမ်းခြေဒေသဖြစ်သည့် စက်စဲကမ်းခြေ၊ ကဗျာဂကမ်းခြေ သန့်ရှင်းသာယာလှပရေး စီစဉ်ဆောင်လျက်ရှိသည်။

ကိုဗစ်-၁၉ အလွန်ကာလတွင် ပြည်နယ်အတွင်း ခရီးသွားကဏ္ဍဖွံ့ဖြိုးရေးအတွက် ခရီးသွားလုပ်ငန်း အခြေခံသင်တန်းနှင့် ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုသင်တန်းများ ဖွင့်လှစ်ရန် စီစဉ်ထားသည့်အပြင် ခရီးသွားများအား မွန်ပြည်နယ်နှင့်ပတ်သက်သော ခရီးသွား အချက်အလက်များ ဖြန့်ဝေပေးရန် Digital Marketing စနစ် အကောင်အထည်ဖော်ဆောင်ရွက်သည့်အနေဖြင့် Website များတည်ထောင်ခြင်း၊ Pamphlet များ ထုတ်ဝေဖြန့်ချိရန် ဆောင်ရွက်ခြင်း၊ အချက်အချာကျသော နေရာများတွင် Digital Signage များတပ်ဆင်ရန် စီစဉ်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

"ကိုဗစ်-၁၉ အလွန် ကာလတွေမှာ ဟိုတယ်၊ တည်းခိုရိပ်သာတွေ ပြန်လည်ဖွင့်လှစ်ရာမှာ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးနဲ့ပတ်သက်ပြီး လုပ်ငန်းခွင်တွေမှာ ဆောင်ရွက်ထားရမယ့်အချက်တွေ၊ ကျန်းမာရေးစံသတ်မှတ်ချက်တွေနဲ့အညီ လိုက်နာဆောင်ရွက်စေပြီးတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့ရဲ့ စစ်ဆေးချက်တွေကို ခံယူစေမှာဖြစ်ပါတယ်"ဟု ပြည်နယ်ဦးစီးမှူး ဦးသန်းထွဋ်ခိုင်က ပြောသည်။

မွန်ပြည်နယ်၏ မည်သည့်ဒေသ၊ မည်သည့်မြို့နယ်သို့ သွားရောက်စေကာမူ ဖော်ရွေပျူငှာသော ဒေသခံများ၏ ချစ်စရာဓလေ့ထုံးတမ်းများ၊ ပွဲတော်များနှင့် ရိုးရာစားသောက်ဖွယ်ရာများ၊ အနားယူအပန်းဖြေရန်ကောင်းမွန်သော ဟိုတယ်ဝန်ဆောင်မှုများ၊ သာယာလှပသော နေရာဒေသများ၊ နယ်မြေကျွမ်းကျင်သော ဒေသခံ ဧည့်လမ်းညွှန်များဖြင့် စိတ်လက်ပေါ့ပါးစွာ သာယာပျော်ရွှင်ဖွယ်ခရီးစဉ်များစွာကို ခရီးအနှံ့ခြေဆန့်နိုင်မည်ဖြစ်ရာ ပြည်နယ်ဦးစီးမှူး ဦးသန်းထွဋ်ခိုင်က "ကိုဗစ်-၁၉ ကာလလွန်မြောက်တာနဲ့ မွန်ပြည်နယ်ကို ပျော်ရွှင်ဘေးကင်းစွာ လာရောက်လည်ပတ်ကြဖို့ ဖိတ်ခေါ်ပါတယ်"ဟု ဖိတ်မန္တကစကားဆိုလေသည်။ ။

# ညောင်လေးပင်မြို့နယ်ရှိ ပျက်စီးရထားလမ်းပိုင်း ပြုပြင်ပြီးဖြစ်၍ ပြန်လည်ဖွင့်လှစ်

**ပိန်းဇလုပ် သြဂုတ် ၇**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်-တော်ဝိဒေသကြားရှိ ရေတိုက်စားမှုကြောင့် ပျက်စီးသွားသော ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအား တာဝန်ရှိသူများက အမြန်ပြန်လည်ပြုပြင်ခဲ့ရာ ယမန်နေ့က ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး ရထားများ ပုံမှန်ပြန်လည်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

အဆိုပါလမ်းပိုင်းကို မြန်မာ့မီးရထား (ရုံးချုပ်) နေပြည်တော်မှ အထွေထွေမန်နေဂျာ (သွား/လာ) ဦးအောင်မြင့်လှိုင် ဦးစီးကာ နယ်မြေခံတပ်မတော်သားများ၊ ရထားရဲတပ်ဖွဲ့ (ညောင်လေးပင်) မှ တပ်ဖွဲ့ဝင်များ၊ မြန်မာ့မီးရထား တိုင်းအမှတ်(၆) ရန်ကုန် အင်ဂျင်နီယာဌာန လုပ်သား ၅၄ ဦးတို့က အချိန်မီပြုပြင်ဆောင်ရွက်ပေးခြင်းဖြစ်သည်။



ရန်ကုန်-မန္တလေးရထားလမ်းပြုပြင်ပြီး၍ ခရီးစဉ်ပုံမှန်ပြေးဆွဲနေသည့် ရထားတစ်စင်းကို တွေ့ရစဉ်။

ရန်ကုန်-မန္တလေး ရထားလမ်း မိုင်တိုင်(၉၈/၄ နှင့် ၅ )ကြားရှိ တံတားမှာ သြဂုတ် ၄ ရက်က ရေတိုက်စားခံရခြင်းကြောင့် မြေသားများမျောပါသွားခဲ့သဖြင့် ပြုပြင်မှုများ ဆောင်ရွက်နေစဉ်အတောအတွင်း ရထားများ ဖြတ်သန်းသွားလာခွင့်ကို ယာယီရပ်နားရာမှ ယခုအခါပြုပြင်ပြီးဖြစ်၍ ပြန်လည်ဖွင့်လှစ်ခြင်း ဖြစ်ကြောင်း သိရသည်။ **ပိန်းဇလုပ်သိန်းညွန့်**

# ရေးမြို့နယ်၌ ရေလုပ်သားများ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး သင်တန်းဖွင့်

**မော်လမြိုင် သြဂုတ် ၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ရေလုပ်သားများ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးသင်တန်း အမှတ်စဉ် ( ၄ / ၂၀၂၀ )ဖွင့်ပွဲကို သြဂုတ် ၅ ရက်က ရေးမြို့နယ် အဘော်ကျေးရွာရှိ ရွှေဖူးစာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဌေးဝင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံဝင်းတို့က သင်တန်းကို ဖွင့်လှစ်ပေးသည်။

အဆိုပါသင်တန်းတွင် ပင်လယ်ငါးဖမ်းရေယာဉ်လုပ်သားများအတွက် လုပ်ငန်းခွင်ကျန်းမာရေးနှင့် အသက်အန္တရာယ်ကင်းရှင်းရေး၊ မြန်မာ့ပင်လယ်ငါးလုပ်ငန်း ဥပဒေဆိုင်ရာသိကောင်းစရာများ၊ CITES နှင့် မျိုးသုဉ်းရှားပါး ရေနေနို့တိုက်သတ္တဝါ ထိန်းသိမ်းရေးဆောင်ရွက်နေမှုများ၊ တာဝန်သိစိတ်ဖြင့် ငါးဖမ်းဆီးခြင်းဆိုင်ရာများ၊ ပင်လယ်ငါးဖမ်းလုပ်ငန်းများအား ငါးလုပ်ငန်းဦးစီးဌာနနှင့် ရေကြောင်းရဲတို့ပူးပေါင်းစစ်ဆေးခြင်းလုပ်ငန်းဆိုင်ရာများ စသည်တို့ကို သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းသို့ ရေးမြို့နယ်အခြေပြု ကမ်းဝေးငါးဖမ်းရေယာဉ်များမှ ရေလုပ်သား ၆၀ တက်ရောက်လျက်ရှိရာ သင်တန်းကာလမှာ သုံးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ကျန်းမာရေးမှုုးနှင့် ပြည်သူ့ကျန်းမာရေး ကြီးကြပ်ကောင်စီဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှ အဆက်*

(ဃ) မှတ်ပုံတင်ကျန်းမာရေးမှုုးနှင့် မှတ်ပုံတင်ပြည်သူ့ကျန်းမာရေး ကြီးကြပ်များ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာနှင့် သက်ဆိုင်သော စည်းကမ်းချက်များကို သတ်မှတ်ခြင်းနှင့် လိုက်နာစောင့်ထိန်းခြင်း ရှိ မရှိ ကြီးကြပ်ခြင်း၊

(င) ကိုယ်တိုင်တွေ့ရှိချက်အရဖြစ်စေ၊ တိုင်ကြားချက်အရဖြစ်စေ မှတ်ပုံတင်ကျန်းမာရေးမှုုး သို့မဟုတ် မှတ်ပုံတင်ပြည်သူ့ ကျန်းမာရေးကြီးကြပ်က ယင်း၏ တာဝန်တစ်ရပ်ရပ်ကို လိုက်နာစောင့်ထိန်းရန် ပျက်ကွက်ကြောင်း သို့မဟုတ် အကျင့် စာရိတ္တနှင့် သက်ဆိုင်သော ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားရုံးက ပြစ်ဒဏ်ချမှတ်ခံရကြောင်း သိရှိရလျှင် စစ်ဆေးခြင်းနှင့် စီမံ ခန့်ခွဲမှုနည်းလမ်းအရ အရေးယူခြင်းတို့ကို သတ်မှတ်ချက်နှင့် အညီ ဆောင်ရွက်ခြင်း၊

(စ) အငြိမ်းစား မှတ်ပုံတင်ကျန်းမာရေးမှုုးများအနက်မှ သင့်လျော် သူတစ်ဦးကို မှတ်ပုံတင်အရာရှိအဖြစ် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ခန့်အပ်ခြင်း၊ လုပ်ငန်းတာဝန် သတ်မှတ်ခြင်းနှင့် သက်တမ်းသတ်မှတ်ခြင်း၊

(ဆ) မှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ မှတ်ပုံ တင်လက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဇ) မှတ်ပုံတင်အရာရှိက တင်ပြလာသည့် မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးခြင်းကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဈ) မှတ်ပုံတင်လက်မှတ် ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်း အတွက် လျှောက်ထားလာမှုများကို စိစစ်၍ မှတ်ပုံတင် လက်မှတ် မိတ္တူမှန်ထုတ်ပေးခြင်း၊

(ည) ဝန်ကြီးဌာနက ညွှန်ကြားသော ပြည်သူ့ကျန်းမာရေး စောင့် ရှောက်မှုလုပ်ငန်းနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတို့ကို ဆောင် ရွက်ခြင်း၊

(ဋ) ပြည်တွင်း၊ ပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ဝန်ကြီး ဌာန၏ ခွင့်ပြုချက်ဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပူးပေါင်း ဆောင်ရွက်သည့် ကိစ္စရပ်များကို ဝန်ကြီးဌာနသို့ အစီရင်ခံ တင်ပြခြင်း၊

(ဌ) ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၏ အကူအညီလိုအပ်သော ကိစ္စရပ်များကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဆောင် ရွက်ခြင်း၊

(ဍ) မှတ်ပုံတင်ကျန်းမာရေးမှုုး သို့မဟုတ် မှတ်ပုံတင် ပြည်သူ့ ကျန်းမာရေးကြီးကြပ်များ ပေးဆောင်ရမည့် နှစ်စဉ်ကြေးနှင့် မှတ်ပုံတင်ခ၊ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ခ၊ မှတ်ပုံ တင်လက်မှတ် မိတ္တူမှန်ထုတ်ပေးခတို့ကို သတ်မှတ်ခြင်း၊

(ဎ) လိုအပ်သော လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ခြင်း၊

(ဏ) ဝန်ကြီးဌာနက အခါအားလျော်စွာပေးအပ်သော တာဝန်များ ကို ထမ်းဆောင်ခြင်း။

## အခန်း(၆)
## ကောင်စီဝင်အဖြစ်မှ ရပ်စဲခြင်း၊ နုတ်ထွက်ခြင်းနှင့် ဖြည့်စွက်ခန့်ထားခြင်း

၁၀။ ဝန်ကြီးဌာနသည် အောက်ပါအကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်လာ သည့် ကောင်စီဝင်တစ်ဦးဦးကို ကောင်စီဝင်အဖြစ်မှ ရပ်စဲရမည် –

(က) ကွယ်လွန်ခြင်း၊

(ခ) သာသနာ့ဘောင်သို့ အမြဲကူးပြောင်းဝင်ရောက်ခြင်း၊

(ဂ) မိမိဆန္ဒအရ နုတ်ထွက်ခြင်း၊

(ဃ) အကျင့်စာရိတ္တနှင့် သက်ဆိုင်သော ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားရုံးက ပြစ်ဒဏ်ချမှတ်ခံရခြင်း၊

(င) စိတ်ကျန်းမာရေးချို့ယွင်းသူဟု မှတ်ချက်ပေးပိုင်ခွင့်ရှိသူက မှတ်ချက်ပြုခြင်း။

၁၁။ ကောင်စီဥက္ကဋ္ဌသည် ပုဒ်မ ၁၀ ပါ အကြောင်းတစ်ရပ်ရပ်ကြောင့် ကောင်စီဝင်နေရာ လစ်လပ်လျှင် ဖြည့်စွက်ခန့်ထားနိုင်ရန် ဝန်ကြီးဌာနသို့ တင်ပြရမည်။

၁၂။ ဝန်ကြီးဌာနသည် ပုဒ်မ ၁၁ အရ တင်ပြချက်ကို လက်ခံရရှိလျှင် သက်ဆိုင်ရာအဖွဲ့အစည်းထံမှ ကိုယ်စားလှယ်အမည်စာရင်း တောင်းခံ၍ ဖြည့်စွက်ခန့်ထားရမည်။

၁၃။ ပုဒ်မ ၁၂ အရ ဖြည့်စွက်ခန့်ထားခြင်းခံရသော ကောင်စီဝင်၏ သက်တမ်းသည် ကျန်ရှိသည့် ကောင်စီသက်တမ်း ကုန်ဆုံးချိန်အထိသာ ဖြစ်သည်။

## အခန်း(၇)
## ကောင်စီအစည်းအဝေးများကျင်းပခြင်း

၁၄။ ကောင်စီဥက္ကဋ္ဌသည်–

(က) ကောင်စီ၏ ပုံမှန်အစည်းအဝေးများကို အနည်းဆုံး တစ်နှစ် လျှင်တစ်ကြိမ် ခေါ်ယူကျင်းပရမည်။

(ခ) ကောင်စီဝင်ဦးရေ ထက်ဝက်ကျော်က အစည်းအဝေးခေါ်ယူ ကျင်းပပေးရန် တင်ပြလျှင် အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ်အစည်းအဝေးကို ခေါ်ယူကျင်းပရမည်။

၁၅။ ကောင်စီ၏ ပုံမှန်အစည်းအဝေးများနှင့် အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ်အစည်းအဝေးတို့တွင် ကောင်စီဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌ အပါ အဝင် ကောင်စီဝင်ဦးရေ ထက်ဝက်ကျော် တက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်။

၁၆။ ကောင်စီ၏ ပုံမှန်အစည်းအဝေးများနှင့် အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ်အစည်းအဝေး၏ ဆောင်ရွက်ချက် အစီရင်ခံစာကို ဝန်ကြီးဌာနသို့ တင်ပြရမည်။

## အခန်း(၈)
## မှတ်ပုံတင်ခြင်း

၁၇။ မှတ်ပုံတင်လက်မှတ်ရယူလိုသည့် ကျန်းမာရေးမှုုး သို့မဟုတ် ပြည်သူ့ ကျန်းမာရေးကြီးကြပ်သည် မှတ်ပုံတင်အရာရှိထံ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားနိုင်သည်။

၁၈။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၁၇ အရ လျှောက်ထားချက်ကို လက်ခံရရှိ လျှင် သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိမရှိ စိစစ်ပြီး–

(က) ညီညွတ်မှုရှိပါက ကောင်စီသို့ တင်ပြရမည်။

(ခ) ညီညွတ်မှုမရှိပါက ပြန်လည်ပြင်ဆင်လျှောက်ထားရန် ညွှန်ကြား ရမည်။

၁၉။ ကောင်စီသည် ပုဒ်မ ၁၈၊ ပုဒ်မခွဲ (က) အရ တင်ပြချက်ကို စိစစ်ပြီး–

(က) မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) မှတ်ပုံတင်လက်မှတ် ထုတ်ပေးရန်ဆုံးဖြတ်ပါက သတ်မှတ်သော မှတ်ပုံတင်ခကို ပေးသွင်းပြီးကြောင်း အထောက်အထားဖြင့် တင်ပြလာလျှင် မှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။

(ဂ) မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ငြင်းပယ်ပါက ခိုင်လုံသော အကြောင်းပြချက်ဖြင့် လျှောက်ထားသူထံ စာဖြင့်အကြောင်းကြား ရမည်။

၂၀။ မှတ်ပုံတင်လက်မှတ်သက်တမ်းသည် မှတ်ပုံတင်လက်မှတ် ထုတ်ပေး သည့်နေ့မှစ၍ သုံးနှစ်ဖြစ်သည်။

၂၁။ မှတ်ပုံတင်ကျန်းမာရေးမှုုး သို့မဟုတ် မှတ်ပုံတင်ပြည်သူ့ကျန်းမာရေး ကြီးကြပ်သည် မှတ်ပုံတင်လက်မှတ်သက်တမ်းမကုန်ဆုံးမီ သုံးလကြိုတင်၍ မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးပေးရန် မှတ်ပုံတင်အရာရှိထံ သတ်မှတ်ချက် များနှင့်အညီ လျှောက်ထားနိုင်သည်။

၂၂။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၂၁ အရ လျှောက်ထားချက်ကို စိစစ်ပြီး –

(က) မိမိတွေ့ရှိချက်များကို သဘောထားမှတ်ချက်နှင့်အတူ ကောင်စီသို့ တင်ပြရမည်။

(ခ) ကောင်စီက သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုလျှင်သော်လည်း ကောင်း၊ သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ကြောင်း ဆုံးဖြတ် လျှင်သော်လည်းကောင်း ယင်းဆုံးဖြတ်ချက်နှင့်အညီ ဆောင်ရွက် ရမည်။

(ဂ) ကောင်စီ၏ ဆုံးဖြတ်ချက်အရ–

(၁) မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုလျှင် မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ခ ပေးသွင်းစေပြီး မှတ်ပုံတင်လက်မှတ်သက်တမ်း တိုးမြှင့်ပေးရမည်။

(၂) မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ် ပါက ခိုင်လုံသော အကြောင်းပြချက်ဖြင့် လျှောက်ထားသူထံ စာဖြင့်အကြောင်းကြားရမည်။

## အခန်း(၉)
## မှတ်ပုံတင်လက်မှတ် ပျက်စီးခြင်းနှင့် ပျောက်ဆုံးခြင်း

၂၃။ မှတ်ပုံတင်ကျန်းမာရေးမှုုး သို့မဟုတ် မှတ်ပုံတင် ပြည်သူ့ကျန်းမာရေး ကြီးကြပ်သည် မှတ်ပုံတင်လက်မှတ်ပျက်စီးလျှင်ဖြစ်စေ၊ ပျောက်ဆုံးလျှင်ဖြစ်စေ မှတ်ပုံတင်လက်မှတ် မိတ္တူမှန်ထုတ်ပေးရန် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံ တင်အရာရှိထံ လျှောက်ထားနိုင်သည်။

၂၄။ မှတ်ပုံတင်အရာရှိသည်–

(က) ပုဒ်မ ၂၃ အရ လျှောက်ထားချက်ကို စိစစ်ပြီး မိမိတွေ့ရှိချက်များကို သဘောထားမှတ်ချက်နှင့်အတူ ကောင်စီသို့ တင်ပြရမည်။

(ခ) ကောင်စီက မှတ်ပုံတင်လက်မှတ် မိတ္တူမှန် ထုတ်ပေးရန် ဆုံးဖြတ် ပါက လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ်မိတ္တူမှန် ထုတ်ပေးရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ မှတ်ပုံတင်လက်မှတ်မိတ္တူမှန် ထုတ်ပေးကြောင်း မှတ်ပုံတင်စာရင်းတွင် ဖော်ပြရေးသွင်းထားရမည်။

## အခန်း(၁၀)
## လုပ်ငန်းအဖွဲ့များဖွဲ့စည်းခြင်း

၂၅။ ကောင်စီသည်–

(က) မိမိလုပ်ငန်းတာဝန်များကို ကျေပွန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကောင်စီဝင်အနည်းဆုံး တစ်ဦးနှင့် သင့်လျော်သူများပါဝင်သော အောက်ပါလုပ်ငန်းအဖွဲ့များကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်–

(၁) ဘဏ္ဍာရေး ကြီးကြပ်မှုအဖွဲ့၊

(၂) ရန်ပုံငွေရှာဖွေရေး လုပ်ငန်းအဖွဲ့၊

(၃) ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ညှိနှိုင်း ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းအဖွဲ့၊

(၄) လေ့ကျင့်ပညာပေးရေးလုပ်ငန်းအဖွဲ့၊

(၅) ပြန်ကြားရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းအဖွဲ့။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသောလုပ်ငန်းအဖွဲ့များကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းခြင်း သို့မဟုတ် အခြားလုပ်ငန်းအဖွဲ့များ တိုးချဲ့ ဖွဲ့စည်းခြင်း ပြုနိုင်သည်။

(ဂ) နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် လုပ်ငန်းအဖွဲ့ဝင်များ၏ စရိတ်နှင့် ချီးမြှင့်ငွေများကို သတ်မှတ်နိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ သတ်မှတ်သောစရိတ်နှင့် ချီးမြှင့်ငွေများကို ကောင်စီ၏ ရန်ပုံငွေမှ ကျခံရမည်။

(င) လုပ်ငန်းအဖွဲ့ဝင်အဖြစ်မှ ရပ်စဲခြင်း၊ နုတ်ထွက်ခြင်း သို့မဟုတ် လစ်လပ်နေရာ ဖြည့်စွက်ခန့်ထားခြင်းတို့ကို သတ်မှတ်ချက်နှင့် အညီ ဆောင်ရွက်ရမည်။

## အခန်း(၁၁)
## ဘဏ္ဍာရန်ပုံငွေ လက်ခံခြင်းနှင့် သုံးစွဲခြင်း

၂၆။ ကောင်စီသည် ပြည်တွင်းရှိအစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်များထံမှ အလှူငွေများ၊ ပစ္စည်းများနှင့် အခြားအကူအညီများကို လက်ခံရယူနိုင်သည်။

၂၇။ ကောင်စီသည် ပြည်ပရှိ အဖွဲ့အစည်းများနှင့် အလှူရှင်များထံမှ အလှူ ငွေများ၊ ပစ္စည်းများနှင့် အခြားအကူအညီများကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် လက်ခံရယူနိုင်သည်။

၂၈။ ကောင်စီသည် မိမိ၏ရငွေနှင့် သုံးငွေများကို တည်ဆဲဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ လက်ခံခြင်း၊ သုံးစွဲခြင်းနှင့် စာရင်းထိန်းသိမ်းထားရှိခြင်းများ ပြုလုပ်ရမည်။

၂၉။ ကောင်စီသည်–

(က) မိမိ၏ ရငွေ၊ သုံးငွေများကို ဘဏ္ဍာရေးနှစ် ကုန်ဆုံးသည့်အခါ မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေအရ အသိအမှတ်ပြုထား သည့် ပြင်ပစာရင်းစစ် ငှားရမ်း၍ စစ်ဆေးရမည်။

(ခ) စာရင်းစစ်အစီရင်ခံစာကို ဝန်ကြီးဌာနသို့ ဆောလျင်စွာ တင်ပြရ မည်။

## အခန်း(၁၂)
## မှတ်ပုံတင်ကျန်းမာရေးမှုုးနှင့် မှတ်ပုံတင်ပြည်သူ့ကျန်းမာရေးကြီးကြပ်၏ တာဝန်နှင့် အခွင့်အရေးများ

၃၀။ (က) မှတ်ပုံတင်ကျန်းမာရေးမှုုး သို့မဟုတ် မှတ်ပုံတင်ပြည်သူ့ ကျန်းမာရေးကြီးကြပ်သည်–

(၁) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်ထားသော နည်း ဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများကို လိုက်နာရမည်။

(၂) ကောင်စီက သတ်မှတ်သော နှစ်စဉ်ကြေးကို ပေးဆောင် ရမည်။

(၃) ကောင်စီက သတ်မှတ်သည့် မှတ်ပုံတင်ကျန်းမာရေးမှုုး သို့မဟုတ် မှတ်ပုံတင် ပြည်သူ့ကျန်းမာရေးကြီးကြပ် ဆိုင်ရာ ကျင့်ဝတ်သိက္ခာများကို လိုက်နာစောင့်ထိန်း ရမည်။

(၄) ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိမိတို့သင်ယူလေ့ကျင့်ခဲ့သည့် ပညာ ရပ်နှင့်အညီ ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှု ပေးရမည်။

(ခ) မှတ်ပုံတင်ကျန်းမာရေးမှုုး သို့မဟုတ် မှတ်ပုံတင်ပြည်သူ့ ကျန်းမာရေးကြီးကြပ်သည်–

(၁) ကောင်စီ၏ လုပ်ငန်းများ တိုးတက်အောင်မြင်စေရေး အတွက် ကောင်စီသို့ အကြံပြုတင်ပြနိုင်သည်။

(၂) မိမိ၏နစ်နာချက်များကို ကောင်စီသို့ တင်ပြခွင့်ရှိသည်။

(၃) ကောင်စီ၏အကြံဉာဏ် ရယူခွင့်ရှိသည်။

(၄) ကောင်စီဝင်အဖြစ် ရွေးချယ်တင်မြှောက်မှုတွင် ဆန္ဒမဲပေး ပိုင်ခွင့်နှင့် ကောင်စီဝင်အဖြစ် ရွေးချယ်တင်မြှောက် ခံပိုင်ခွင့်ရှိသည်။

## အခန်း(၁၃)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၃၁။ ကောင်စီသည် မှတ်ပုံတင်ကျန်းမာရေးမှုုး သို့မဟုတ် မှတ်ပုံတင် ပြည်သူ့ကျန်းမာရေးကြီးကြပ်တစ်ဦးဦးက ပုဒ်မ ၃၀၊ ပုဒ်မခွဲ (က) ပါ တာဝန် တစ်ရပ်ရပ်ကို လိုက်နာစောင့်ထိန်းရန် ပျက်ကွက်ကြောင်း စစ်ဆေးတွေ့ရှိ လျှင်ဖြစ်စေ၊ အကျင့်စာရိတ္တနှင့် သက်ဆိုင်သော ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားရုံး တစ်ခုခုက ပြစ်ဒဏ်ချမှတ်ခြင်းခံရကြောင်း သိရှိလျှင်ဖြစ်စေ အောက်ပါစီမံ ခန့်ခွဲမှုဆိုင်ရာ နည်းလမ်းတစ်ရပ်ရပ်ဖြင့် အရေးယူနိုင်သည်–

(က) သတိပေးခြင်း၊

(ခ) မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်း ခြင်း၊

(ဂ) မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း။

*(ဆက်လက်ဖော်ပြပါမည်)*

# မောင်တောမြို့နယ် အငူမော်-မောင်တောသွား ကားလမ်းပေါ်၌ မော်တော်ယာဉ် တစ်စီးအား AA အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ငယ်များဖြင့် ပစ်ခတ်

နေပြည်တော် ဩဂုတ် ၇

**ရခိုင်ပြည်နယ် မောင်တောမြို့နယ် မြင်းလွတ်ကျေးရွာအနီးရှိ အငူမော်- မောင်တောသွား ကားလမ်းပေါ်၌ မော်တော်ယာဉ် တစ်စီးအား AA အကြမ်းဖက်သောင်းကျန်းသူများက ဩဂုတ် ၆ ရက်က လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။**

အဆိုပါသတင်းထုတ်ပြန်ချက်တွင် မောင်တောမြို့နယ် မြင်းလွတ်ကျေးရွာအနီးရှိ အငူမော်-မောင်တောသွား ကားလမ်းပေါ်၌ မောင်းနှင်နေသည့် မော်တော်ယာဉ်တစ်စီးအား ဩဂုတ် ၆ ရက် ညပိုင်းတွင် AA အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ငယ်များဖြင့် ပစ်ခတ်သဖြင့် ယာဉ်မောင်းဖြစ်သူနှင့် ယာဉ်ပေါ်တွင် လိုက်ပါလာသူ တစ်ဦးတို့တွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း။

ဖြစ်စဉ်မှာ မောင်တောမြို့နယ် ခရေမြိုင်ကျေးရွာနေ ဦးအောင်မျိုးသန့်(ခ) ညီပုချေသည် တစ်ရွာတည်းနေ ဦးသန်းဝင်းနှင့်အတူ ဩဂုတ် ၆ ရက် ည ၇ နာရီ မိနစ် ၂၀ ခန့်တွင် SURF အမျိုးအစား မော်တော်ယာဉ်ဖြင့် မောင်တောမြို့ ၃ မိုင်လမ်းဆုံမှ ခရီးသည်တစ်ဦးအား တင်ဆောင်၍ အင်းဒင်ကျေးရွာသို့ ပို့ဆောင်ပြီး အငူမော် – မောင်တော ကားလမ်းအတိုင်း ပြန်လည်မောင်းနှင်လာစဉ် မြင်းလွတ်ကျေးရွာအနီးသို့အရောက်တွင် AA အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သဖြင့် ဦးအောင်မျိုးသန့်တွင် လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာနှင့် ဦးသန်းဝင်းတွင် ကားလေကာမှန်ကွဲစ စိုက်ဝင်ဒဏ်ရာများ အသီးသီးရရှိခဲ့ကြပြီး မော်တော်ယာဉ်တွင်လည်း လက်နက်ငယ်ကျည်များ ထိမှန်ပျက်စီးခဲ့ကြောင်း။

အဆိုပါ ဒဏ်ရာရရှိသူများအား မောင်တောပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုပေးလျက်ရှိပြီး ၎င်းနေရာတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားသည်။ **သတင်းစဉ်**

# တောင်ဥက္ကလာပမြို့နယ်တွင် ဖြစ်ပွားခဲ့သည့် လူသတ်မှုမှ ပြစ်မှုကျူးလွန်သူနှစ်ဦးကို ဖမ်းဆီးရမိ

**ရန်ကုန် ဩဂုတ် ၇**

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၁၃)ရပ်ကွက်နေ ဦး----- သည် ဇူလိုင် ၃၁ ရက် ညနေ ၅ နာရီခန့်တွင် ၎င်းနှင့်ရင်းနှီးသည့် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်နေ မ-----က တောင်ဥက္ကလာပမြို့နယ် (၇)ရပ်ကွက် မင်းရဲကျော်စွာ ၆ လမ်း (ခ) အမှတ်-၁၃၁ (၄)လွှာနေ အစ်မဖြစ်သူ မလှလှ ကို ဖုန်းခေါ်မရသဖြင့် သွားရောက်ကြည့်ရှုပေးပါရန် အကူအညီတောင်းခံသောကြောင့် ည ၇ နာရီခန့်တွင် အဆိုပါတိုက်ခန်း၏ မြေရှင်၊ ဆယ်အိမ်မှူးတို့နှင့်အတူ သွားရောက်ကြည့်ရှုရာ နေအိမ်အိပ်ခန်း၌ မလှလှ ကို မှောက်လျက်အနေအထားဖြင့်လည်းကောင်း၊ မလှလှ၏ ခင်ပွန်းဖြစ်သူ ကိုထွန်းလှိုင်ကို အခြားအိပ်ခန်းတစ်ခုအတွင်း၌ ထိုးသွင်းပြတ်ရှဒဏ်ရာများဖြင့် လည်းကောင်း သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် ပြစ်မှုကျူးလွန်သူကို စုံစမ်းဖော်ထုတ်အရေးယူပေးပါရန် တောင်ဥက္ကလာပမြို့မရဲစခန်းသို့ အမှုဖွင့်တိုင်တန်းခဲ့သည်။



ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးက သတင်းရလျှင်ရချင်း ပြစ်မှုကျူးလွန်သူ စုံစမ်းဖော်ထုတ်ရရှိရေး အမြန်ဆောင်ရွက်ရန် ညွှန်ကြားချက်အရ ဒုတိယတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်မင်းဦး၊ အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှသိန်း၊ အမှတ်(၂)မှုခင်း ရဲတပ်ဖွဲ့ခွဲ(အင်းစိန်)၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ အုပ်ချုပ်မှုဌာနစု၊ မှုခင်းအကူဌာနစု၊ လုံခြုံရေးတပ်ခွဲ(၁)၊ လုံခြုံရေးတပ်ခွဲ(၂)နှင့် တောင်ဥက္ကလာပမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် အခင်းဖြစ်ရပ်ကို စစ်ဆေးခဲ့ကြပြီး အထူးအမှုစစ်အဖွဲ့က ပတ်ဝန်းကျင်သက်သေများနှင့် သေဆုံးသူတို့၏ သတင်းအချက်အလက်များကို စုံစမ်းဆောင်ရွက်ကာ ပြစ်မှုကျူးလွန်သူအား အမြန်ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်သူမှာ သေဆုံးသူ မလှလှနှင့် ဆွေမျိုးနီးစပ်သော စစ်တွေမြို့ စဉ့်ကူးလမ်းရပ်ကွက် အကွက်(၁) ဝိသာခါလမ်းနေ အောင်ကျော်မြင့်နှင့် ဘောလုံးကွင်းရပ်ကွက် မေယုလမ်းနေ ဝင်းမောင်တို့ဖြစ်နိုင်ကြောင်း စုံစမ်းသိရှိရသဖြင့် ၎င်းတို့နှစ်ဦးအား ဖမ်းဆီးရမိရေး စစ်တွေမြို့နယ် ရဲတပ်ဖွဲ့နှင့် ချိတ်ဆက်ဆောင်ရွက်ခဲ့သည်။

စစ်တွေနယ်မြေရဲစခန်းမှူး ရဲအုပ်သိန်းထိုက်နှင့်အဖွဲ့က ဩဂုတ် ၆ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်ခန့်တွင် အမှုဖြင့် အလိုရှိသူ မသင်္ကာသူ အောင်ကျော်မြင့်ကို စစ်တွေမြို့ ဆပ်ရိုးကျတံတားအောက်မှ လည်းကောင်း၊ ဝင်းမောင်အား စစ်တွေဆေးရုံကြီးရှေ့ သုံးဘီးဆိုင်ကယ်ဂိတ်မှ လည်းကောင်း ဖမ်းဆီးရမိထားကြောင်း အကြောင်းကြားချက်အရ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ အထူးအမှုစစ်အဖွဲ့က ရရှိသတင်းအချက်အလက်များအား ရဲအုပ်သိန်းထိုက်ထံ ပေးပို့တိုက်ဆိုင်စစ်ဆေးခဲ့ရာ ၎င်းတို့နှစ်ဦးမှာ ဇူလိုင် ၃၀ ရက်တွင် စစ်တွေမြို့မှ ရန်ကုန်မြို့သို့ လေယာဉ်ဖြင့် လိုက်ပါလာပြီး ပြစ်မှုကျူးလွန်ကာ ဇူလိုင် ၃၁ ရက်တွင် စစ်တွေမြို့သို့ ပြန်သွားခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သည်။

ပြစ်မှုကျူးလွန်သူ အောင်ကျော်မြင့် (၃၀ နှစ်) နှင့် ဝင်းမောင် (၅၁ နှစ်) တို့အား ဥပဒေနှင့်အညီ တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **ရဲပြန်ကြား**

# ဖားကန့်၊ ပင်လည်ဘူး၊ ကော့သောင်း၊ ရမည်းသင်းနှင့် မိုင်းရယ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၇**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၅ ရက် မွန်းလွဲ ၂ နာရီခွဲက ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု လယ်ပြင်ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် တိုယိုတာ အမျိုးအစား ခရီးသည်တင်ယာဉ်အား ရပ်တန့်စစ်ဆေးရာ ခရီးသည် ကျွမ်းရင်၊ မဟွာမိန်း စီ(ခ) မိအေးနှင့် မအေတို့ထံမှ စိတ်ကြွရူးသွပ် ဆေးပြား ၃၅၁၀၀၊ မြန်မာငွေကျပ် ၅၆၀၀၀၀ နှင့် လက်ကိုင်ဖုန်းသုံးလုံးတို့ကို လည်းကောင်း။

အလားတူ ယင်းနေ့ နံနက် ၁၁ နာရီတွင် မူးယစ်ဆေးဝါးတား ဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ပင်လည်ဘူးမြို့နယ် ခေါက်စင်းကျေးရွာအုပ်စု ဝါးဘိုးချောင်းကျေးရွာအနီး ပင်လည်ဘူး-ဖောင်းပြင်ကားလမ်းတွင် ယောဆက် မောင်းနှင်ပြီး လာမာလေး လိုက်ပါလာသည့် မော်တော်ယာဉ်နှင့် အားကျိန်(ခ)အားစိန်(ခ)ခေါ်တား မောင်းနှင်ပြီး နက်ရှိုင်း(ခ)ကိုကိုမင်းနှင့် မခင်စန်းကြည်(ခ) မခင်ဝင်းကြည်တို့လိုက်ပါလာသည့် မော်တော်ယာဉ်တို့ကို စစ်ဆေးရှာဖွေရာ ငွေကျပ် ၂၈၃၆ ဒသမ ၇၅ သိန်းတန်ဖိုးရှိ ဘိန်းဖြူ၂၃ ဒသမ ၉၈ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၈၇၇၅၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ ညပိုင်းက ကော့သောင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ကော့သောင်းမြို့ ပိတောက်ရွှေဝါရပ်ကွက် သီရိမြိုင်လမ်းတွင် သူရအောင်နှင့် သန်းလွင်ဦးတို့အား စစ်ဆေးရှာဖွေရာ သူရအောင်မှာ ထွက်ပြေးသွားပြီး သန်းလွင်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၉၆ ပြား သိမ်းဆည်းရမိရာ ကွင်းဆက်အရ ဩဂုတ် ၆ ရက် နံနက်တွင် ကော့သောင်းမြို့ ရွှေပြည်သာရပ်ကွက် ဗန္ဓုလလမ်းနေ ကျော်မင်းသူ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၆၇၅၀၊ မြန်မာငွေကျပ် ၅၀၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံး စုစုပေါင်း ငွေကျပ် ၃၈၆၂ ဒသမ ၃၈ သိန်း တန်ဖိုးရှိ မူးယစ်ဆေးဝါးများကို လည်းကောင်း။

အလားတူ ဩဂုတ် ၅ ရက် ညပိုင်းက တူးကုန်းရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များသည် ရမည်းသင်းမြို့နယ် ဝါးဖြူတောင်ကျေးရွာအရှေ့ဘက်ရှိ ဒေသအခေါ် နှာဘူးတောင်အနီးတွင် မော်တော်ဆိုင်ကယ်သုံးစီးနှင့်အတူ တွေ့ရှိသည့် ဝေလင်းအောင်၊ သန်းတိုးအောင်၊ အောင်သူတို့အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၃၃၃ ပြား၊ လက်ကိုင်ဖုန်း တစ်လုံး၊ မြန်မာငွေကျပ် ၆၇၅၀၀၀ နှင့် နာရီတစ်လုံးတို့ကို လည်းကောင်း၊ ထို့အတူ ဩဂုတ် ၆ ရက် မွန်းလွဲ ၃ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မိုင်းရယ်မြို့နယ် ဟိုယကျေးရွာအနီး မိုင်းရယ်-လားရှိုးသွားကားလမ်း မိုင်တိုင်အမှတ် (၃၉/၅)အနီးတွင် မနန်းဆိုင်ဆာ မောင်းနှင်ပြီး မနန်းဟွမ်လှိုင် လိုက်ပါလာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

■ *ကျောဖုံးမှ*

ပါ မပါ ကြည့်ဖြစ်အောင် ကြည့်ပါလို့ တိုက်တွန်းချင်ပါတယ်။ လိုအပ်တဲ့ ပြင်ဆင်မှုတွေ ဆောင်ရွက်ပေးနိုင်ဖို့ မှာကြားထားပါတယ်။ ဒီရက်ထဲမှာ ရပ်ကွက်ရှိ လမ်းအလိုက် အိမ်နံပါတ်တွေ မှန် မမှန် တိုက်ဆိုင်စစ်ဆေးပြီး အိမ်နံပါတ်မရှိရင် အမှတ်အသားတစ်ခုခု လုပ်ပေးခဲ့ဖို့ရှိပါတယ်” ဟု ပြောသည်။

မရမ်းကုန်းမြို့နယ်၌ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံးမှ ပေးပို့သောစာရင်းများအရ ဩဂုတ် ၇ ရက်ထိ မဲစာရင်းကြည့်သူပေါင်း ၆၀၀၀၀ ကျော်ရှိပြီး မိမိအမည်စာရင်းမပါရှိ၍ ပုံစံ ၃ ဖြင့် ဖြည့်စွက်လျှောက်ထားသူ ၄၀၀၂ ဦး၊ မပါဝင်သင့်သူများ ပါဝင်နေခြင်းကို ကန့်ကွက်သည့်ပုံစံ(၄)ဖြင့် ဖြည့်စွက်တင်ပြလာသူ ၃၁၅ ဦး၊ အမှားပြင်ဆင်ရန်ပုံစံ(၄-က)ဖြင့် ဖြည့်စွက်တင်ပြလာသူ ၂၄၀၁ ဦး ရှိကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

◆ *ကျောဖုံးမှ*

သို့ဖြစ်ပါ၍ သာပေါင်းမြို့နယ်နှင့် ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

●*ကျောဖုံးမှ*

အာဆင်နယ်အသင်းသည် အက်ဖ်အေဖလားကို ဆွတ်ခူးနိုင်ခဲ့သောကြောင့် လာမည့်ဘောလုံးရာသီတွင် ယူရိုပါလိဂ်ကစားခွင့်ရရှိခဲ့သည်။ ဝီလီယံ သည် ၂၀၁၃ ခုနှစ်တွင် ရုရှားကလပ် Anzhi Makhachkala အသင်းမှ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်ပြီး အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၃၃၉ ပွဲပါဝင်ကစားထားပြီး ၆၃ ဂိုးသွင်းယူပေးထားနိုင်ကြောင်း သိရသည်။ ထို့အပြင် ချယ်လ်ဆီးအသင်းနှင့်အတူ ပရီမီယာလိဂ် အမှတ်ပေးဖလားကို ၂၀၁၄-၂၀၁၅ ခုနှစ်နှင့် ၂၀၁၆-၂၀၁၇ ခုနှစ်တို့တွင် ဆွတ်ခူးရရှိထား၍ အက်ဖ်အေဖလားကို ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ရရှိထားကာ ယူရိုပါလိဂ်ဖလားကို ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ဆွတ်ခူးရရှိထားသူဖြစ်သည်။ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် EFL ဖလားကိုလည်း ဆွတ်ခူးရရှိထားသူဖြစ်သည်။

အခြားသတင်းတစ်ရပ်တွင် အာဆင်နယ်အသင်းသည် အသင်းခေါင်းဆောင် အူဘာမီယန်နှင့် သုံးနှစ်စာချုပ်သစ် ချုပ်ဆိုရန်အတွက် သဘော တူညီမှုရရှိရန် နီးစပ်လာပြီဖြစ်ကြောင်း သိရသည်။ အာဆင်နယ်အသင်းအနေဖြင့် အူဘာမီယန်ကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုနိုင်ခဲ့ပါက ၂၀၂၃ ခုနှစ်အထိ အမ်းမရိတ်တွင် ထိန်းထားနိုင်တော့မည်ဖြစ်သည်။ ထိုစာချုပ်သစ်တွင် အူဘာမီယန်အနေဖြင့် တစ်ပတ်ပေါင် ၂၅၀၀၀၀ ရရှိမည့်အပြင် အပိုဆုကြေးများလည်း ရရှိဖွယ်ရှိကြောင်း သိရသည်။ **အောင်ဇော်**

# ယူရိုပါလိဂ် ၁၆ သင်းအဆင့်ပြီးဆုံး ကွာတားပွဲစဉ်များ ထွက်ပေါ်

ယူအီးအက်ဖ်အေ ယူရိုပါလိဂ် ၁၆ သင်းအဆင့် ရှုံး/ထွက် ဒုတိယအကျော့ ပွဲစဉ်များအနက် ဩဂုတ် ၇ ရက် နံနက်ပိုင်းတွင် နောက်ဆုံးယှဉ်ပြိုင် ကစားခဲ့သည့် အင်္ဂလန်ကလပ် ဝုလ်ဗာဟမ်တန်နှင့် ဂရိကလပ် အိုလံပီယာကို့စ်ပွဲတွင် တစ်ဂိုး-ဂိုးမရှိဖြင့် ဝုလ်အသင်း အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် အိမ်ရှင် ဝုလ်ဗာဟမ်တန်က ၃-၄-၃ ကစားကွက်ဖြင့် ပွဲထွက်ခဲ့ပြီး ဧည့်သည် အိုလံပီယာကို့စ်သည် ၄-၃-၃ ပုံစံဖြင့် ပွဲထွက်လာသည်။ ယင်းနှစ်သင်းသည် ပထမအကျော့ ဂရိမြေတွင် ယှဉ်ပြိုင်ခဲ့စဉ်က တစ်ဖက်တစ်ဂိုးစီသရေကျခဲ့ပြီး ယနေ့ပွဲတွင် ပွဲချိန် ကိုးမိနစ်၌ ပယ်နယ်တီအခွင့်အရေးမှ ရာအူးဂျီမီနက်ဇ်က အနိုင်ဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။ နှစ်ကျော့ပေါင်းရလဒ် နှစ်ဂိုး-တစ်ဂိုးဖြင့် ဝုလ်အသင်းသည် ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။ ယူရိုပါလိဂ်ကွာတားဖိုင်နယ်သို့ နှစ်ကျော့ပေါင်းရလဒ်ဖြင့် တက်ရောက်ခဲ့သည့် အခြားအသင်းများမှာ မန်ယူက LASK ကို ခုနစ်ဂိုး-တစ်ဂိုး၊ ဘေဆယ်လ်က ဖရန့်ဖတ်ကို လေးဂိုး-ဂိုးမရှိ၊ ဆီဗီလာက ရိုးမားကို နှစ်ဂိုး-ဂိုးမရှိ၊ အင်တာက ဂီတာဖေးကို နှစ်ဂိုး-ဂိုးမရှိ၊ ရှက်တာဒိုးနက်ခ်က ဝုဖ်ဘတ်ကို ငါးဂိုး-တစ်ဂိုး၊ လေဗာကူဆင်က ရိန်းဂျားကို လေးဂိုး-တစ်ဂိုးနှင့် ကိုပင်ဟေဂင်က အစ္စတန်ဘူလ်ကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြကာ နောက်တစ်ဆင့်သို့ တက်ရောက်ခဲ့ကြသည်။

ယူအီးအက်ဖ်အေ ကွာတားဖိုင်နယ်ပွဲစဉ် တွေ့ဆုံမှုများ ထွက်ပေါ်ခဲ့ရာ အီတလီကလပ် အင်တာနှင့် ဂျာမန်ကလပ် လေဗာကူဆင်၊ အင်္ဂလန်ကလပ် မန်ယူနှင့် ဒိန်းမတ်ကလပ် ကိုပင်ဟေဂင်တို့ တွေ့ဆုံခဲ့ပြီး ယင်းနှစ်ပွဲကို ဩဂုတ် ၁၁ ရက် နံနက် ၁ နာရီခွဲတွင် ယှဉ်ပြိုင်မည်ဖြစ်သည်။ ဩဂုတ် ၁၂ ရက် နံနက် ၁ နာရီခွဲတွင် ယူကရိန်းကလပ် ရှက်တာဒိုးနက်ခ်နှင့် ဆွစ်ဇာလန်ကလပ် ဘေဆယ်လ်၊ အင်္ဂလန်ကလပ် ဝုလ်ဗာဟမ်တန်နှင့် စပိန်ကလပ် ဆီဗီလာတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ယူရိုပါလိဂ်ပွဲစဉ်များကို ဩဂုတ်လအတွင်း အပြီးသတ်ယှဉ်ပြိုင်ကြမည်ဖြစ်ကာ အကြိုဗိုလ်လုပွဲကို ဩဂုတ် ၁၇ ရက်နှင့် ၁၈ရက် နံနက် ၁ နာရီခွဲတွင် ယှဉ်ပြိုင်ကြ မည်ဖြစ်ရာ ဗိုလ်လုပွဲစဉ်ကြီးကို ဩဂုတ် ၂၂ ရက် စနေနေ့ နံနက် ၁ နာရီခွဲတွင် ဂျာမနီနိုင်ငံ ကိုလုံးမြို့တွင် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ **သီဟ**

# လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် စာစစ်ဌာနများမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို မြန်မာ့အသံမှ ထုတ်လွှင့်ကြေညာပေးမည်

**နေပြည်တော်  ဩဂုတ်  ၇**

၂၀၂၀ ပြည့်နှစ် မတ်လတွင် ကျင်းပစစ်ဆေးခဲ့သော တက္ကသိုလ်ဝင်ခွင့်စာမေးပွဲအောင်စာရင်းကို တစ်ပြည်လုံးအတွက် တစ်ပြိုင်တည်း၊ တစ်ရက်တည်းဖြင့် အပြီးထုတ်ပြန်ကြေညာသွားမည်ဖြစ်ရာ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စာစစ်ဌာနများမှ အောင်မြင်ကြသူများအတွက် ယခင်နှစ်များကအတိုင်း ဩဂုတ် ၉ ရက် နံနက် ၆ နာရီတွင် မြန်မာ့အသံ(ရေဒီယို)တိုင်းရင်းသားအစီအစဉ်များမှ စတင်ထုတ်လွှင့်ကြေညာပေးမည်ဖြစ်ကြောင်း သိရသည်။

**စာစစ်ဌာနများ**

ထုတ်လွှင့်ပေးမည့် စာစစ်ဌာနများမှာ-**ကချင်ပြည်နယ်မှ** ဆင်ဘို၊ တနိုင်း၊ ရှင်ဗွေယန်၊ ချီဗွေ၊ ခတ်ချို၊ ဆဒုံး၊ မိုင်းနား၊ ဖားကန့်၊ ကာမိုင်း၊ ဆိပ်မူ၊ တာမခန်၊ လုံးခင်း၊ လွယ်ဂျယ်၊ ဒေါ့ဖုန်းယန်၊ ပူတာအို၊ ဒုတ္တန်၊ လေယာဉ်ကွင်း၊ ခေါင်လန်ဖူး၊ ဆွမ်ပရာဘွမ်၊ မချမ်းဘောနှင့် နောင်မွန်စာစစ်ဌာန၊ **ကယားပြည်နယ်မှ** ရှားတော၊ ဒီးမော့ဆို၊ ဒေါ်ငံခါး၊ နန်းမယ်ခုံ၊ ထ(၁)ငွေတောင်၊ ဒေါ်တမဲယ်၊ ဖရူဆို၊ ဘောလခဲ၊ ဖားဆောင်းနှင့် မယ်စဲ့စာစစ်ဌာန၊ **ကရင်ပြည်နယ်မှ** လိပ်သို၊ ဖာပွန်၊ ကမမောင်း၊ ကြာအင်းဆိပ်ကြီး၊ ကျိုက်ဒုံ၊ ဘုရားသုံးဆူ၊ တံခွန်တိုင်၊ ခလယ်၊ သင်္ကန်းညီနောင်နှင့် ထ(ခွဲ)ဝါးတော စာစစ်ဌာန၊ **ချင်းပြည်နယ်မှ** ရိခေါဒါရ်၊ ကျီခါး၊ ခိုင်ကမ်း၊ ထုတ်လိုင်၊ တွီးထန်၊ မင်းတပ်၊ ကန်ပက်လက်၊ ကျင်ဒွေး၊ မတူပီ၊ လိုင်လင်းပီ၊ ရေဇွာ၊ လုံငိုး၊ ဆဘောင်သဲ၊ ပလက်ဝနှင့် ဆမီးစာစစ်ဌာန၊ **ရခိုင်ပြည်နယ်မှ** ပုဏ္ဏားကျွန်း၊ ကျွဲထိုး၊ အလယ်ချောင်း၊ ယိုးတရုတ်၊ ပိုးရှိပြင်၊ သဝင်ချောင်း၊ လက်ပံပြား၊ ရသေ့တောင်၊ ဦးဂါ၊ စေတီပြင်၊ ဇီးကိုင်း၊ လောင်းချောင်း၊ ကူတောင်၊ မြောက်ဦး၊ တိန်ညို၊ ကျီရာပြင်၊ မြောင်းဘွေ၊ ကျောက်တော်၊ ကန်စောက်၊ ညောင်ပင်လှ၊ ဒုက္ကန်ချောင်း၊ ကျားနင်းကန်၊ ရွှေပြည်၊ သရက်တပင်၊ အပေါက်ဝ၊ မင်းပြား၊ ကမ်းနီ၊ ပန်းမြောင်း၊ မင်းရွာ၊ ယိုးဆန္ဒင်း၊ ကမ်းထောင်းကြီး၊ ရက်ချောင်း၊ သရက်တောင်၊ ကြာအင်းတောင်၊ မောင်တော၊ ဘူးသီးတောင်နှင့် လက်ဝဲဒက်ပုဇွန်ချောင်းစာစစ်ဌာန၊ **ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှ** မိုင်းခတ်၊ မိုင်းယန်း၊ မိုင်းဖြတ်၊ မိုင်းယောင်း၊ မိုင်းဆတ်၊ မိုင်းတုံနှင့်မိုင်းပျင်း စာစစ်ဌာန၊ **ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ** ကွမ်းလုံ၊ ဟိုပန်၊ လောက်ကိုင်၊ နမ့်ဆန်(မြောက်)၊ မန်တုံ၊ မိုးမိတ်၊ မန်ကျည်းပင်၊ မဘိမ်းနှင့် ငါးအိုးစာစစ်ဌာန၊ **ရှမ်းပြည်နယ် (တောင်ပိုင်း)မှ** ပင်ခွန်၊ တင်းတက်၊ ဆောင်းပြောင်း၊ ထီရယ်၊ လွယ်ဘောင်း၊ ကွန်ဟိန်း၊ မိုင်းကိုင်၊ ကျေးသီးမံစံ၊ မိုင်းနောင်၊ မိုင်းရှူး၊ ဝမ်ကန်၊ မိုင်းပန်၊ တုန်ဟုန်းနှင့် မောက်မယ်စာစစ်ဌာန၊ **တနင်္သာရီတိုင်းဒေသကြီးမှ** မေတ္တာ၊ ကတ္တလူ၊ စခန်းသစ်၊ ကံမော်၊ သဇင်၊ ပုလော၊ ရှပ်ပုံ၊ ပလောက်၊ ပလ၊ ဘုတ်ပြင်းနှင့် ပြည်ကြီးမဏ္ဍိုင်စာစစ်ဌာန၊ **မကွေးတိုင်းဒေသကြီးမှ** ပေါက်၊ စသိန်း၊ ဇီးပြား၊ ကိုင်းလယ်၊ ရေပြာ၊ သရက္ကန်၊ ကမ်းပျို၊ နံ့သာ၊ ဒီးဒုတ်ကွင်း၊ စေတုတ္တရာ၊ ဘူး၊ တန့်လည်ကျင်း၊ ငဖဲ၊ ပဒါန်း၊ ထီးလင်း၊ ညောင်ကန်၊ ဆေးမင်းတော၊ ကျင်းရွာ၊ ရေမျက်နီ၊ အကြည်ဘန်း၊ ဆော၊ ကျောက်ထု၊ တပြင်း၊ ကံကြီး၊ လောင်းရှည်၊ လက်ပန်းနှင့် ကြီး စာစစ်ဌာန၊ **စစ်ကိုင်းတိုင်းဒေသကြီးမှ** မော်လိုက်၊ ကင်းတပ်၊ ပန်းသာ၊ ဖောင်းပြင်၊ မင်းယား၊ သရောင်း၊ ရေအောက်တောင်း၊ ကရား၊ မိုင်းချောင်း၊ စန္ဒား၊ လေရှီး၊ ဆွမ္မရာ၊ လဟယ်၊ နန်းယွန်းနှင့် ပန်ဆောင်စာစစ်ဌာန၊ **ရန်ကုန်တိုင်းဒေသကြီးမှ** ကိုကိုးကျွန်းစာစစ်ဌာနတို့ဖြစ်သည်။

**ဖမ်းယူနားဆင်နိုင်**

အဆိုပါ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်း ကြေညာချက်များကို မြန်မာနိုင်ငံအထက်ပိုင်းဒေသရှိ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တိုင်း ဒေသကြီးနှင့် ပြည်နယ်များရှိ စာစစ်ဌာနများအတွက် လှိုင်းတို ၅၀ ဒသမ ၇၁ မီတာ (၅၉၁၅ ကီလိုဟာ့ဒ်) နှင့် လှိုင်းတို ၃၀ ဒသမ ၈၅ မီတာ (၉၇၃၀ ကီလိုဟာ့ဒ်)တို့မှလည်းကောင်း၊ မြန်မာနိုင်ငံအောက်ပိုင်းဒေသရှိ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စာစစ်ဌာနများအတွက် လှိုင်းလတ် ၄၁၁ ဒသမ ၅၂ မီတာ (၇၂၉ ကီလိုဟာ့ဒ်) မှလည်းကောင်း ဖမ်းယူနားဆင်နိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# စိုက်ပျိုးရေးရာမေးမြန်းပါ၊ စိုက်ပျိုးရေး ကောစင်တာ

နေပြည်တော်  ဩဂုတ်  ၇

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မူဝါဒများနှင့် လုပ်ငန်းစဉ်များကို ခိုင်ခိုင်မာမာ ရေးဆွဲချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသကဲ့သို့ တောင်သူပညာပေး လုပ်ငန်းများကို ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း (One Stop Service)အသွင်ဖြင့် ဆောင်ရွက်ပေးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန Call Center ကို ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် နေပြည်တော်၌ ဖွင့်လှစ်ပေးခဲ့သည်။**

တောင်သူလယ်သမားဦးကြီးများ၊ လယ်ယာကဏ္ဍနှင့် ပတ်သက်သူများ၊ စိုက်ပျိုးရေးလုပ်ငန်းကို စိတ်ဝင်စားသူများအနေဖြင့် နည်းပညာဆိုင်ရာ အခက်အခဲများ၊ ပိုးမွှားရောဂါပြဿနာများ၊ မြေဆီလွှာနှင့်မြေဩဇာဆိုင်ရာများ၊ အခြားသိရှိလိုကြသည့် မေးခွန်းများ ဖြေကြားပေးခြင်းကို အစိုးရရုံးဖွင့်ရက်များတွင် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ Call Center တာဝန်ကျဝန်ထမ်းများက ဖြေကြားပေးလျက်ရှိရာ ၂၀၁၇ ခုနှစ် မတ် ၁ ရက်မှ ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၃၁ ရက်အထိ ၅၁၄၈ ကြိမ် ဖြေကြားပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

၂၀၂၀ပြည့်နှစ် ဇူလိုင်လအတွင်း Call Center သို့ Hot Line ဖြင့် ၃၃ ကြိမ်၊ ကြိုးဖုန်းဖြင့် ၃၂ ကြိမ်၊ Facebook ဖြင့် ၃၁ ကြိမ်နှင့် Viber ဖြင့် ၂၆ ကြိမ် စုစုပေါင်း ၁၂၂ ကြိမ် ခေါ်ဆိုမေးမြန်းခဲ့ပြီး မေးခွန်းများအနေဖြင့် သီးနှံကာကွယ်ရေးဆိုင်ရာ ၃၅ကြိမ်၊ စိုက်သိပ္ပံနှင့်အထွေထွေဆိုင်ရာ ၂၇ ကြိမ်၊ စိုက်ပျိုးပညာပေးရေးဆိုင်ရာ ၂၇ ကြိမ်၊ ဥယျာဉ်/ဇီဝ ၁၇ ကြိမ်၊ မြေအသုံးချရေးဆိုင်ရာ ၁၀ ကြိမ်၊ စက်မှုသီးနှံဆိုင်ရာ သုံးကြိမ်နှင့် မျိုးစေ့ဆိုင်ရာသုံးကြိမ်တို့ဖြစ်ကြောင်း Call Center တာဝန်ခံ ဒေါ်အေးအေးခိုင်ထံမှ သိရသည်။

"စိုက်ပျိုးရေး နည်းပညာရပ်ဆိုင်ရာတွေအတွက် သက်ဆိုင်ရာဘာသာရပ်အလိုက် ကျွမ်းကျင်သူတာဝန်ကျဝန်ထမ်းတွေက အမြန်ဆုံးတုံ့ပြန်ဖြေကြားပေးနေကြပါတယ်။ နည်းပညာနဲ့ မသက်ဆိုင်ပေမယ့်လည်း ဖြေကြားသင့်တဲ့မေးခွန်းတွေအတွက် သက်ဆိုင်ရာဌာနတွေကို စုံစမ်းဆက်သွယ်ပြီး ကြိုးစားဖြေကြားပေးနေပါတယ်။ Hot Line ဖုန်းငါးလုံးရှိလို့ တစ်ချိန်တည်းမှာ မေးမြန်းသူငါးဦးသာ ဆက်သွယ်နိုင်မှာဖြစ်လို့ တချို့အခြေအနေမျိုးမှာ ခေါ်ဆိုရခက်ခဲနိုင်ပါတယ်။ Hot Line ခေါ်လို့ခက်ခဲတဲ့အခါမျိုးမှာ Facebook နဲ့ Viber တို့က မက်ဆေ့ချ်ပို့မေးမြန်းထားလို့လည်း ရပါတယ်။ မေးခွန်းအကြောင်းအရာအလိုက် ကျွန်မတို့ Call Center က အမြန်ဆုံးပြန်လည်ဖြေကြားပေးနေပါတယ်"ဟု ဒေါ်အေးအေးခိုင်က ပြောသည်။

နေပြည်တော် ရုံးအမှတ်(၄၃)တွင် အခြေစိုက်ဖွင့်လှစ်ထားသည့် စိုက်ပျိုးရေးဦးစီးဌာန Call Centerကို ဆက်သွယ်လိုပါက Hot Line 01-2399555၊ Viber 09-764000841၊ ကြိုးဖုန်း 067-3410139၊ Facebook account- စိုက်ပျိုးရေးဦးစီးဌာန Call Center၊ facebook စာမျက်နှာ www.facebook.com/doamoali တို့သို့ ဆက်သွယ်နိုင်ကြောင်းနှင့် Website www.doa.gov.mm တွင်လည်း ဝင်ရောက်လေ့လာနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**



စိုက်ပျိုးရေး Call Center တွင် တာဝန်ကျဝန်ထမ်းများက ဖြေကြားပေးစဉ်။

# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး CEC အစည်းအဝေးက တေးရေး တေးဆို ဒါရိုက်တာ ယုန်လေးကို ရိုက်ကူးရေးနှင့်ပတ်သက်၍ ထောက်ခံချက်ပေးခြင်း တစ်နှစ်ရပ်ဆိုင်းရန်ဆုံးဖြတ်

**ရန်ကုန်  ဩဂုတ်  ၇**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဝင်္ကဘာလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအစည်းအဝေးခန်းမတွင် ကျင်းပသည့် CEC အစည်းအဝေးဆုံးဖြတ်ချက်အရ တေးရေး တေးဆို ဒါရိုက်တာ ယုန်လေးကို ရိုက်ကူးရေးနှင့်ပတ်သက်၍ ထောက်ခံချက်ပေးခြင်း တစ်နှစ် ရပ်ဆိုင်းလိုက်ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ သိရသည်။

ယင်းကဲ့သို့ ဆုံးဖြတ်ချက်ချခဲ့ခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးညီညီထွန်းလွင်က "ဒီမှာ အားလုံးညှိနှိုင်းတိုင်ပင်တာကတော့ 'စည်းလုံးသင့်ပြီ မြန်မာပြည်' ယုန်လေးရိုက်တဲ့ MTV အခွေနဲ့ ပတ်သက်ပြီး တစ်နိုင်ငံလုံးလည်း ရိုက်ခတ်နေတယ်။ အဲဒီကိစ္စကတော့ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အနေနဲ့ ဘာမှအရေးမယူဘူးလား၊ အပြစ်မပေးဘူးလား။ ဒီမေးခွန်းတွေကလည်း စုံအောင်တက်နေတယ်။ ဒီလိုတက်တော့ အစည်းအရုံးဝင်တွေထဲမှာလည်း သဘောထားအမျိုးမျိုး ရှိကြပါတယ်။ ကျွန်တော်တို့ဆီ လွန်ခဲ့တဲ့ တစ်ရက်နှစ်ရက်က ပြောထားတာရှိတယ်။ ကျွန်တော်တို့က NGO ပါ။ ဒါကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ ပြန်ကြားရေးဝန်ကြီးဌာန၊ ဆင်ဆာဌာနပေါ့။ ဒါပေမယ့် MTV ဖြစ်တဲ့အတွက် ဆင်ဆာတင်ဖို့ မလိုဘူးဖြစ်နေတယ်။ နောက်ပိုင်းမှာ ဥပဒေတွေ၊ စည်းကမ်းချက်တွေ ပြဋ္ဌာန်းရမယ်။ အွန်လိုင်းကနေ ဇာတ်လမ်းတွဲပဲဖြစ်ဖြစ်၊ MTV ဇာတ်လမ်းတွဲပဲဖြစ်ဖြစ် ရိုက်မယ်ဆိုရင် ဥပဒေ စည်းကမ်းအတိုင်းပဲ လုပ်ဆောင်ဖို့ပေါ့။ ဒါပေမယ့် ဥပဒေစည်းကမ်းသတ်မှတ်ချက်တွေပြဋ္ဌာန်းဖို့ကျတော့ ကျွန်တော်တို့ ရုပ်ရှင်အစည်းအရုံးအနေနဲ့ သိပ်မဆိုင်ဘူး။ အဲဒီလိုဖြစ်နေတယ်။ အဲဒီတော့ ကျွန်တော်တို့ အစည်းအရုံးဝင်တွေအနေနဲ့ ဆုံးဖြတ်လိုက်တာကတော့ ကိုဗစ်ကာလမှာ ဘယ်သူမှ မရိုက်ကူးရဘူး။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတာတွေ ရှိတယ်။ လောကသားတွေအားလုံး စည်းကမ်းကိုလိုက်နာရမယ်။ ယုန်လေးအနေနဲ့ စည်းကမ်းလိုက်နာမှုမရှိတဲ့အတွက် အရေးယူသင့်တယ်။ ကျွန်တော်တို့ အမှုဆောင်တော်တော်များများက အဲဒီလိုသဘောထားရှိတယ်။ အဲဒါကြောင့်မို့ ရိုက်ကူးရေးနဲ့ပတ်သက်တဲ့ ထောက်ခံချက်တွေ၊ ရိုက်ကူးရေးပဲဖြစ်ဖြစ်၊ ပြသရေးပဲဖြစ်ဖြစ် အစည်းအရုံးရဲ့ ထောက်ခံချက်တွေပါနေတယ်။ အခုလောလောဆယ် ထုတ်ပြန်မယ့် ကြေညာချက်ကတော့ ရိုက်ကူးရေးနဲ့ ပတ်သက်ပြီးတော့ ထောက်ခံချက်ပေးတဲ့ကိစ္စတွေမှာ "ယုန်လေး" သူ့ကို တစ်နှစ်ရပ်ဆိုင်းလိုက်ကြောင်း အဲဒီ အမိန့်ကြေညာချက်ကို ထုတ်ဖို့ ဆုံးဖြတ်လိုက် တယ်"ဟု ပြောသည်။

ရုပ်ရှင်လောက ရိုက်ကူးရေးဆိုရာတွင် သရုပ်ဆောင်နှင့်ဒါရိုက်တာများပါဝင်ပြီးဖြစ်ကြောင်း၊ ပြသရေး လုပ်ငန်းစဉ်နှင့် သက်ဆိုင်မှုမရှိကြောင်း၊ ယခုရပ်ဆိုင်းသည့် အမိန့်ကြေညာစာမှာ ၎င်း MTV တွင်ပါဝင်သူများနှင့် သက်ဆိုင်မှုမရှိကြောင်း၊ MTV နှင့်ပတ်သက်၍ ကိုယ်တိုင်တာဝန်ရှိသည်ဟု ဖော်ပြထားခြင်းကြောင့်ဖြစ်ကြောင်း၊ ရုပ်ရှင်လောကသားတစ်ယောက်အနေဖြင့်သာ ယခုကဲ့သို့အရေးယူခြင်းဖြစ်ပြီး အစည်းအရုံးမှ ထုတ်ပယ်မှုမပြုခြင်းမှာ ယုန်လေးသည် အစည်းအရုံးဝင်တစ်ဦး မဟုတ်သောကြောင့်ဖြစ်ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးညီညီထွန်းလွင်က အမှုဆောင် အစည်းအဝေးအပြီး သတင်းမီဒီယာများနှင့်တွေ့ဆုံစဉ် ပြောကြားသည်။

"ဒီကိစ္စက နည်းနည်းတော့ ဖြေရှင်းရခက်ခဲတယ်။ ဖြေရှင်းရတဲ့အခါမှာလည်း NGO ဖြစ်နေတဲ့အတွက် ဗီဒီယိုတစ်ကားတောင်မှ ဒီလိုကြေညာပြီး ဖြန့်ဖြူးပိုင်ခွင့်မှမရှိတာ။ အဲဒီလို ရက်ချိတ်စည်းကမ်းကို ဖောက်ဖျက်ရင် ရက်ချိတ်တာကို သုံးလပိတ်တာ၊ ခြောက်လပိတ်တာတွေ ရှိခဲ့တယ်။ ဒီကိစ္စက ကြီးကျယ်ပါတယ်။ သဘောထားအမျိုးမျိုးလည်း ကွဲလွဲသွားပါတယ်။ ကြိုက်တဲ့သူရှိသလို မကြိုက်တဲ့သူတွေလည်းရှိပါတယ်။ ပရိသတ်ကို ပြောချင်တာက ကြိုက်တဲ့သူရှိသလို မကြိုက်တဲ့သူလည်းရှိမယ်။ ဟိုဘက်ဒီဘက် ဘက်တွေကလည်းမတူဘူး။ ကာလာတွေမတူဘူး။ ကျွန်တော်တို့ အစည်းအရုံးအနေနဲ့ကတော့ ဘက်မလိုက်ဘဲနဲ့ပြောရရင် မကြိုက်တဲ့သူတွေက အဲဒီအခွေကို တော်တော်ကို မကြိုက်ကြဘူး။ ကြိုက်တဲ့သူတွေဘက်က ပြောရင်လည်း သူတို့က တော်တော်ကိုကြိုက်တာ။ We Stand With ဘာညာ ဆိုပြီးထွက်နေတယ်။ ဒါပေမယ့်ကျွန်တော်တို့ကတော့ ကြားချပြီးတော့ ဟိုဘက်ဒီဘက် အကုန်လုံး ရပ်တည်ပေးရတယ်။ ကိုယ့်တစ်ဦးတစ်ယောက်ရဲ့ ကိုယ်ပိုင်ဆန္ဒ လုံးဝမပါဘူး။ ဒီအပေါ်မှာ ဘယ်လိုသဘောမှ မဖြစ်မိပါဘူး။ မိမိဆန္ဒအရ ဝေဖန်ခွင့်ရှိပါတယ်။ ဝေဖန်ပါလို့ ပြောချင်တယ်" ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌဦးညီညီထွန်းလွင်က ထပ်မံပြောကြားသည်။

**ရွှေမြိုင်မောင်ဖုန်း**

## မှတ်သားဖွယ်ရာ မိုးရေချိန်

နေပြည်တော်  ဩဂုတ် ၇

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ဂွမြို့တွင် ၄ ဒသမ ၈၀ လက်မ၊ ကျောက်ဖြူမြို့တွင် ၃ ဒသမ ၉၀ လက်မ၊ မောင်တောမြို့တွင် ၃ ဒသမ ၁၉ လက်မ၊ ဥက္ကံမြို့တွင် ၃ ဒသမ ၁၅ လက်မ၊ စစ်တွေမြို့နှင့် ရန်ကုန်(မြို့လယ်)တို့တွင် ၃ ဒသမ ၁၁ လက်မစီ၊ ရမ်ကလောင်းတွင် ၂ ဒသမ ၇၂ လက်မ၊ တောင်ကုတ်မြို့တွင် ၂ ဒသမ ၆၈ လက်မ၊ အမ်းမြို့တွင် ၂ ဒသမ ၆၄ လက်မ၊ လှိုင်းဘွဲ့မြို့တွင် ၂ ဒသမ ၄၄ လက်မ၊ မအူပင်မြို့တွင် ၂ ဒသမ ၁၉ လက်မ၊ ကော့ကရိတ်မြို့တွင် ၂ ဒသမ ၁၅ လက်မနှင့် ဗန်းမော်မြို့တွင် ၂ ဒသမ ၀၁ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# အမေရိကန်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှနုတ်ထွက်မည့်ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်စေလိုကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်ပြော

ဂျီနီဗာ ဩဂုတ် ၇

**ကမ္ဘာ့ကျန်းမာရေးအဖွဲ့ညွှန်ကြားရေးမှူးချုပ် တက်ဒရော့စ်အက်ဒမ်နွမ် ဂယ်ဘရီယက်စ်ဆုစ်က ကိုဗစ်- ၁၉ ရောဂါ ပိုမိုပြန့်ပွားလာသည့် အခြေအနေကို ရင်ဆိုင်ရာတွင် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် စည်းလုံးညီညွတ်စွာ အတူတကွ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပြီး အမေရိကန်အစိုးရအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်မှ နုတ်ထွက်မည့် ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်စေလိုကြောင်း ဩဂုတ် ၆ ရက်က ပြောကြားလိုက်သည်။**



ဂျီနီဗာမြို့ရှိ ဌာနချုပ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ညွှန်ကြားရေးမှူးချုပ် တက်ဒရော့စ်အက်ဒမ်နွမ်ကို တွေ့ရစဉ်။

လက်ရှိအချိန်တွင် နိုင်ငံအသီးသီး အနေဖြင့် အတူတကွညှိနှိုင်း ဆောင်ရွက်ကာ ကပ်ရောဂါကို ရင်ဆိုင်ဖြေရှင်းရမည့် အချိန်ဖြစ်ကြောင်း၊ အလွန်သေးမွှားပြီး မမြင်နိုင်လောက်သည့် ကိုဗစ်- ၁၉ ရောဂါပိုးက တစ်ကမ္ဘာလုံးကို ခြိမ်းခြောက်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့်လည်း သင်ခန်းစာယူပြီး အေးအတူပူအမျှ အသိုက်အဝန်းတစ်ခုကို တည်ဆောက်သွားရမည်ဖြစ်ကြောင်း တက်ဒရော့စ်က သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားလိုက်သည်။

အမေရိကန်နိုင်ငံ အနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တွင် ပြဿနာရှိသည်ဟု ယူဆပါက ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် မည်သည့်ပုံစံမျိုး သုံးသပ်မှုမျိုးကိုမဆို တံခါးဖွင့်လက်ခံထားကြောင်းနှင့် အမေရိကန်နိုင်ငံအနေဖြင့် နုတ်ထွက်ရန် မလိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် အမေရိကန်နိုင်ငံသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တွင် တက်ကြွစွာပါဝင်နေပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် အနီးကပ်ဆက်သွယ်မှုတည်ရှိနေသောကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်နှင့် ပုံမှန်ဆက်ဆံရေး ဆက်လက်ဖြစ်ထွန်းရန် မျှော်လင့်ကြောင်း တက်ဒရော့စ်က ပြောကြားသည်။

လက်ရှိအချိန်တွင် ကမ္ဘာ့ခွဲထွက်ရေးအခြေအနေသို့ ရောက်ရှိနေခဲ့လျှင် မိမိတို့အနေဖြင့် ကိုဗစ်-၁၉ ရောဂါကို တိုက်ဖျက်နိုင်မည် မဟုတ်ကြောင်း၊ လက်ရှိကမ္ဘာကြီးအနေဖြင့် ချစ်ခင်စည်းလုံးမှုရှိရန် လိုအပ်ပြီး နိုင်ငံကြီးများအကြား စည်းလုံးညီညွတ်စွာ ပူးပေါင်း ဆောင်ရွက်လုပ်ကိုင်ရန် လိုအပ်ကြောင်း၊ နိုင်ငံကြီးများအနေဖြင့် ကမ္ဘာ့စည်းလုံးညီညွတ်မှုအတွက် တွန်းအားပေးဆောင်ရွက်သွားစေလိုကြောင်း ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံ အစိုးရသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ နုတ်ထွက်ရန် ဇူလိုင် ၆ ရက်က ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်ကို အကြောင်းကြားခဲ့သည်။

အမေရိကန် သမ္မတ ဒေါ်နယ် ထရမ့်သည် မေ ၂၉ ရက်တွင် အမေရိကန်၏ တောင်းဆိုချက်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ မလိုက်လျောနိုင်သည့်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် အဆက်အဆံကို ဖြတ်တောက်ရပ်ဆိုင်းမည် ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ထည့်သွင်းရမည့် အသင်းဝင်ကြေးအား လျစ်လျူရှုခဲ့သည့်အတွက် နိုင်ငံတကာ၏ဝေဖန်မှုများကို ခံနေရသည်။

ဆင်ဟွာ

# တိုကျိုတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူ ၄၆၂ ဦး ထပ်မံတွေ့ရှိ

**တိုကျို ဩဂုတ် ၇**

တိုကျိုတွင်ကိုဗစ်-၁၉ နောက်ထပ် ကူးစက်ခံရသူ ၄၆၂ ဦးထပ်မံတွေ့ရှိခဲ့သည်ဟု တိုကျိုမြို့ မြို့တော်အစိုးရက ဩဂုတ် ၇ ရက်တွင် အတည်ပြုပြောကြားခဲ့သည်။

ဩဂုတ် ၂ ရက်က ကူးစက်ခံရသူ ၄၇၂ ဦး တွေ့ရှိခဲ့ရာ ယခုအနည်းငယ်လျော့ကျသွားသည်ကို တွေ့ရသည်။ တိုကျိုမြို့တွင် ကူးစက်ခံရသူ ၁၅၁၀၇ ဦးရှိရာ ဂျပန်နိုင်ငံရှိ ခရိုင် ၄၇ ခုမှာ ကူးစက်မှုအမြင့်ဆုံးပင် ဖြစ်သည်။ ဂျပန်နိုင်ငံမြို့တော် ဧရိယာများတွင် ကူးစက်မှု တစ်ကျော့ပြန် မြင့်တက်လာမည်ကို စိုးရိမ်နေသည့်ကြားတွင် တိုကျိုမြို့သည် တစ်နိုင်ငံလုံးဖြစ်ပွားမှု၏ ဗဟိုချက်မနေရာဖြစ်နေဆဲဖြစ်သည်။ တိုကျိုဒေသခံများအနေဖြင့် မကြာမီရောက်ရှိလာမည့် အားလပ်ရက်ကာလတွင် တခြားသော ခရိုင်များသို့ခရီးသွားလာခြင်းမပြုကြရန် တိုကျိုမြို့အုပ်ချုပ်ရေးမှူး ယူရီကို ကိုအိခဲက ပြောသည်။



တိုကျိုအုပ်ချုပ်ရေးမှူး ယူရီကို ကိုအိခဲကို သတင်းစာရှင်းလင်းပွဲတွင် တွေ့ရစဉ်။

တိုကျိုမြို့တွင် ကိုဗစ် – ၁၉ သတိပေးမှုအဆင့် သတ်မှတ်ချက်ကို အမြင့်ဆုံးထားရှိပြီး ကူးစက်မှုပျံ့နှံ့နေသည်ဟု အဓိပ္ပာယ်ရသည်။ မြို့တော်တွင် အခြေအနေ ဆိုးရွားနေသည့်အတွက် တိုကျိုဒေသခံများအနေဖြင့် အားလပ်ရက်ကာလအတွင်း နေရပ်ပြန်ခြင်းမျိုး မပြုလုပ်ကြရန်နှင့် ဆွေမျိုးများဆီ သွားရောက်လည်ပတ်ခြင်းများ မပြုကြရန် အုပ်ချုပ်ရေးမှူးက တိုက်တွန်းထားသည်။

လုံခြုံစိတ်ချရသည့် လူနေမှုပုံစံ ပြန်လည်ရရှိရေး ဆွေမျိုးများနှင့် လူကိုယ်တိုင်သွားရောက်တွေ့ဆုံခြင်း မပြုဘဲ ဖုန်းများနှင့် အွန်လိုင်းပေါ်မှသာ တွေ့ဆုံကြရန်လည်း ၎င်းက ဆက်လက်တိုက်တွန်းခဲ့သည်။

အကယ်၍ တိုကျိုမြို့ အခြေအနေ ယခုထက် ပိုဆိုးရွားခဲ့လျှင် လူပေါင်း ၁၄ သန်း မှီတင်းနေထိုင်သည့်မြို့ကို နိုင်ငံတော်အရေးပေါ် အခြေအနေအဖြစ် ကြေညာမှုပြုကောင်းပြုနိုင်သည်ဟုလည်း ဆက်လက်ပြောကြားခဲ့သည်။

ဆင်ဟွာ

# တာလီဘန် အကျဉ်းသား ၄၀၀ ကို ပြန်လွှတ်ပေးရေး အာဖဂန်နစ္စတန်နိုင်ငံတွင် စုဝေးမှုစတင်

**ကဘူးလ် ဩဂုတ် ၇**

တာလီဘန်အကျဉ်းသား ၄၀၀ ၏ ကံကြမ္မာကို အဆုံးအဖြတ်ပေးရေး ထောင်ပေါင်းများစွာသော အာဖဂန်များသည် သုံးရက်ကြာစည်းဝေးမှုကို ဩဂုတ် ၇ ရက်တွင် စတင်လိုက်ပြီဖြစ်ကြောင်း သိရသည်။

တာလီဘန်နှင့် အာဖဂန်အစိုးရတို့ကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲ စတင်နိုင်ရေး အကျဉ်းသားများ ပြန်လွှတ်ပေးရေးမှာ အဓိကကျသည့်နေရာမှ ပါဝင်သည်။ ငြိမ်းချမ်းရေး ဆွေးနွေးပွဲစတင်ရန်မှာ အကျဉ်းသားလဲလှယ်မှုကို စတင်ရမည်ဟု သဘောတူညီချက်ရှိသည်။

အာဖဂန်နစ္စတန်နိုင်ငံ အနေဖြင့် ငြိမ်းချမ်းရေးသို့ ဦးတည်လိုလျှင် အကျဉ်းသားလဲလှယ်ရေးကို ပြုလုပ်သင့်သည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက တိုက်တွန်းခဲ့သည်။

အကျဉ်းသား ပြန်လွှတ်ပေးရေး အစီအစဉ်မှာ လူကြိုက်မများကြောင်း မိုက်ပွန်ပီအိုက ပြောကြားခဲ့သည်။

အာဖဂန်အစိုးရသည်တာလီဘန် အကျဉ်းသားပေါင်း ၅၀၀၀ ကို ပြန်လွှတ်ပေးခဲ့ပြီးဖြစ်သည်။ တာလီဘန်တို့က တောင်းဆိုထားသော နောက်ဆုံး ကျန်ရှိနေသေးသော အကျဉ်းသား ၄၀၀ ပြန်လွှတ်ပေးရေးကို အာဏာပိုင်များက တွန့်ဆုတ်နေကြသည်။ အကျဉ်းသား ၄၀၀ ကိုသာ ပြန်လွှတ်ပေးပါက သုံးရက်အတွင်း ငြိမ်းချမ်းရေး ဆွေးနွေးပွဲကို တိုက်ရိုက်စတင်နိုင်ပြီဟု တာလီဘန်များက ပြောသည်။

အာဖဂန်သမ္မတ အက်ရှ်ဂါနီက အာဖဂန်လူမျိုးစု ခေါင်းဆောင်များနှင့် ခေါင်းဆောင်များတွေ့ဆုံသည့် ရှေးရိုးစဉ်လာ အာဖဂန်တွေ့ဆုံပွဲကို ပြုလုပ်ပေးခဲ့သည်။

အကယ်၍ အကျဉ်းသားများကို သာ ပြန်လွှတ်မပေးပါက စစ်ပွဲများ ပြန်စတင်မည်ဟု ပြောကြားရုံသာမက ပိုမိုပြင်းထန်ကောင်း ပြင်းထန်နိုင်ကြောင်း ပြောကြားလိုက်သည်။

သို့သော်လည်း တိုင်းပြည်အတွင်း ဆွေးနွေးမှုများ မပြုလုပ်ရသေးဘဲ ပြန်လွှတ်ပေးရေးမှာ မဖြစ်နိုင်ဟု အာဖဂန်သမ္မတက ပြောကြားခဲ့သည်။

အေအက်ဖ်ပီ



# ဂျာမနီနိုင်ငံတွင် ဗိုင်းရပ်စ်ကူးစက်မှု အသစ်များကြောင့် ကျောင်းနှစ်ကျောင်း ပိတ်လိုက်ရ

**ဘာလင် ဩဂုတ် ၇**

ဂျာမနီနိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်မှုများကြောင့် ကျောင်းနှစ်ကျောင်း ပိတ်လိုက်ရသည့်အတွက် ရာနှင့်ချီသည့်ကလေးများကို အိမ်ပြန်ပို့ပေးခဲ့ရကြောင်း သိရသည်။

ဆရာတစ်ဦးတွင် ကိုဗစ် -၁၉ ကူးစက်ခံထားရကြောင်း စမ်းသပ်တွေ့ရှိရပြီးနောက် လူးဝစ်ဆလပ်မြို့ရှိ ကျောင်းတစ်ကျောင်းမှကျောင်းသား ၈၀၀ ခန့်ကို နေအိမ်ပြန်ပို့ပေးခဲ့ရကြောင်းသိရသည်။

ပြီးခဲ့သည့်တနင်္လာနေ့ အလယ်တန်းကျောင်း စတင်ဖွင့်လှစ်သည့်အချိန်မှစတင်ကာ ကိုဗစ် -၁၉ ကူးစက်ခံထားရသည့် ကျောင်းဆရာမှာ စာသင်ချိန်တစ်ချိန်မှ မသင်ကြားရသေးသော်လည်း အခြားသောကျောင်းဆရာ ၅၅ ဦးကိုမူ ကိုဗစ် -၁၉ ကူးစက်ခံရခြင်း ရှိ မရှိစစ်ဆေးသွားမည်ဖြစ်သည်။

ဗုဒ္ဓဟူးနေ့မတိုင်မီအထိ ကျောင်းကို ဆက်လက်ပိတ်သွားမည်ဖြစ်သည်။ ရိုစတော့ခ်ခရိုင်မှ မူလတန်းကျောင်းရှိ ကျောင်းသားတစ်ဦးတွင် ကိုဗစ် -၁၉ ကူးစက်ခံထားရကြောင်းတွေ့ရှိပြီးနောက် အခြားကျောင်းသား ၁၀၀ ကိုလည်း သီတင်းနှစ်ပတ်ကြာ သီးခြားစောင့်ကြည့်မှုများ ပြုလုပ်ထားကြောင်း သိရသည်။

အေအက်ဖ်ပီ



နေအိမ်ပြန်ပို့ခံရသည့် မူလတန်းကျောင်းသားများကို တွေ့ရစဉ်။

# အိန္ဒိယနိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူပေါင်း နှစ်သန်းအထိ ရှိလာပြီဖြစ်

**နယူးဒေလီ ဩဂုတ် ၇**

အိန္ဒိယနိုင်ငံတွင် တစ်နေ့တည်း ကိုဗစ်- ၁၉ ကူးစက်ခံရသူ ၆၀၀၀၀ ကျော် ထပ်မံတွေ့ရှိခဲ့သည့်အတွက် တိုင်းပြည်အတွင်းစုစုပေါင်းကူးစက်ခံရသူ အရေအတွက်မှာ နှစ်သန်းကျော်ရှိသွားပြီဟု သိရသည်။

ဩဂုတ် ၇ ရက်တွင် ကိုဗစ် -၁၉ ကူးစက်ခံရသူ ၆၂၅၃၈ ဦး ထပ်မံတွေ့ရှိခဲ့သည်ဟု အစိုးရက သတင်းထုတ်ပြန်ထားသည်။ အိန္ဒိယနိုင်ငံအတွင်း ကူးစက်ခံရသူစုစုပေါင်းမှာ ၂၀၂၇၀၇၄ ဦးရှိပြီး သေဆုံးသူစုစုပေါင်းမှာ ၄၁၅၈၅ ဦး ရှိသည်။ အိန္ဒိယသည် အမေရိကန်နှင့်ဘရာဇီးပြီးလျှင် တတိယမြောက် ကူးစက်မှုအမြင့်ဆုံးနိုင်ငံလည်း ဖြစ်သည်။ နိုင်ငံအတွင်း နေ့စဉ်ကူးစက်မှု ၅၀၀၀၀ ကျော်ရှိနေသည်မှာ တစ်ပတ်ကျော်ကြာမြင့်နေပြီဖြစ်သည်။ ဂျွန်ဟော့ကင်းတက္ကသိုလ်၏ စာရင်းအချက်အလက်များအရ ကိုဗစ် – ၁၉ နေ့စဉ်ကူးစက်မှုနှုန်းတွင် အိန္ဒိယသည် အမေရိကန်ကိုကျော်လွန်ကာ အမြင့်ဆုံးဖြစ်နေသည်ဟု သိရသည်။ စီးပွားရေးကိုအလေးပေးနေသည့်အတွက် အသွားအလာပိတ်ဆို့ကန့်သတ်မှုများ ထပ်မံပြုလုပ်ရန် အိန္ဒိယအစိုးရသည် တွန့်ဆုတ်လျက်ရှိသည်။

အင်န်အိတ်ချ်ကေ

# ဘေရွတ်မြို့၌ပေါက်ကွဲမှုကြောင့် သေဆုံးသူ ၁၃၅ ဦးအထိ ရှိလာသည့်အတွက် ပါဝင်ပတ်သက်သူများကို နေအိမ်အကျယ်ချုပ်ချထားရန် သမ္မတတောင်းဆို

ဘေရွတ် ဩဂုတ် ၇

**ဩဂုတ် ၄ ရက်က ပေါက်ကွဲမှုကြောင့် လက်ဘနွန်နိုင်ငံမြို့တော် ဘေရွတ်မြို့အနှံ့ထိခိုက်ပျက်စီးမှုများ ဖြစ်ပွားခဲ့ကြောင်းနှင့် သေဆုံးသူအရေအတွက် ၁၃၅ ဦးအထိရောက်ရှိလာခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြသည်။**



လက်ဘနွန်ဖုံးပေါက်ကွဲမှုကြောင့် ပျက်စီးဆုံးရှုံးမှုများကို တွေ့ရစဉ်။

ဗဟိုအစိုးရသည် အရေးပေါ်အခြေအနေကြေညာခဲ့ပြီး ဗုံးလုပ်ရာတွင် အသုံးပြုနိုင်သည့် ဓာတုဒြပ်ပေါင်းများကို မည်သည့်အတွက်ကြောင့် နှစ်ပေါင်းများစွာ သိုလှောင်သိမ်းဆည်းခဲ့သလဲဆိုသည့် နောက်ကွယ်မှ အကြောင်းရင်းနှင့် ယခုကိစ္စကို ပေါ့ပေါ့ဆဆကိုင်တွယ်ခဲ့သည့် တာဝန်ရှိသူများကို စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

လက်ဘနွန်ကျန်းမာရေးဝန်ကြီးက အဆိုပါဖုံးပေါက်ကွဲမှုတွင် အနည်းဆုံးလူ ၁၃၅ ဦးခန့် သေဆုံးခဲ့ပြီး ၅၀၀၀ ခန့် ဒဏ်ရာရရှိခဲ့ကြောင်း ပြောကြားခဲ့ပြီး လူအတော်များများ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဒေသတွင်းသတင်းမီဒီယာများက မကြာသေးမီက ပြောကြားလိုက်သည်။

လူ ၃၀၀၀၀ ခန့်နေအိမ်များ ဆုံးရှုံးခဲ့ပြီး ပေါက်ကွဲမှုကြောင့် အမေရိကန်ဒေါ်လာ ၃ ဘီလီယံနှင့် ၅ ဘီလီယံကြား တန်ဖိုးရှိသည့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ခဲ့ကြောင်း ဘေရွတ်မြို့တော်ဝန်က ပြောကြားလိုက်သည်။

ပေါက်ကွဲမှုဖြစ်ပွားရာ ဘေရွတ်ဆိပ်ကမ်းရှိ သိုလှောင်ရုံတွင် အန္တရာယ်ကြီးသော ဓာတုပစ္စည်းတစ်ခုဖြစ်သည့် အမိုနီယမ်နိုက်ထရိတ်တန်ချိန် ၂၇၅၀ ခန့်ကို ခြောက်နှစ်ကြာ သိုလှောင်သိမ်းဆည်းခဲ့ကြောင်း သိရသည်။

လက်ဘနွန်သမ္မတ မစ်ရှယ်အွန်းက လွန်ခဲ့သော ၂ ရက်က အစိုးရအဖွဲ့အရေးပေါ်အစည်းအဝေးတစ်ရပ် ကျင်းပခဲ့ပြီး နှစ်ပတ်ကြာအရေးပေါ်အခြေအနေ ကြေညာခဲ့သည်။

အဆိုပါ ဓာတုပစ္စည်းသိုလှောင်မှုတွင် ပါဝင်သူများကို နေအိမ်တွင် အကျယ်ချုပ်ချထားရန် တောင်းဆိုလိုက်ကြောင်းလည်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# လူသားများအားလုံးအတွက် အဏုမြူလက်နက်ကင်းစင်သောကမ္ဘာကြီး ယူဆောင်ပေးမည်ဟု ဘိုင်ဒင်ပြော

**ဝါရှင်တန် ဩဂုတ် ၇**

အမေရိကန် ဒုတိယသမ္မတဟောင်း ဂျိုးဘိုင်ဒင်က ၎င်းအနေဖြင့် နျူကလီးယားလက်နက်ကင်းစင်သည့် ကမ္ဘာကြီးဖြစ်အောင် ကြိုးစားလုပ်ဆောင်သွားမည်ဖြစ်ကြောင်း (၇၅) နှစ်မြောက် ဟီရိုရှီးမားဗုံးကြဲခံရခြင်း နှစ်ပတ်လည်နေ့အထိမ်းအမှတ်သို့ ပေးပို့သော သတင်းစကားတွင် ပြောကြားလိုက်သည်။

အဆိုပြုခံ ဒီမိုကရက်တစ်သမ္မတလောင်း ဂျိုးဘိုင်ဒင်က ဩဂုတ် ၆ ရက်က ထုတ်ပြန်လိုက်သော ကြေညာချက်တွင် ထိုသို့ မှတ်ချက်ပြုပြောကြားလိုက်ခြင်းဖြစ်သည်။

သံတမန် ကြိုးစားမှုများနှင့် အိုဘားမား- ဘိုင်ဒင်အစိုးရသည် အီရန်နျူကလီးယားမျှော်မှန်းချက်ကို ထိန်းသိမ်းနိုင်ခဲ့ပြီး နျူကလီးယားလက်နက်လျှော့ချရေးအတွက် လမ်းပြမြေပုံတစ်ခုကို ဖန်တီးနိုင်ခဲ့ကြောင်း ဘိုင်ဒင်က ၎င်း၏ ကြေညာချက်တွင် ရေးသားခဲ့သည်။

ဘိုင်ဒင်က သမ္မတဒေါ်နယ်ထရမ့်အစိုးရသည် စနစ်တကျဖြင့် နိုင်ငံတကာ သဘောတူညီချက်ပေါင်းများစွာမှ စွန့်ခွာခဲ့ကြောင်း၊ ထိုသို့ စွန့်ခွာခဲ့ရာတွင် ဖြစ်ပေါ်လာမည့်အကျိုးဆက်ကိုလည်း ထည့်မတွက်သလို စွန့်ခွာခဲ့သည့် သဘောတူညီမှုနေရာတွင် အခြားအစားထိုးမည့် အစီအစဉ်လည်းမရှိခဲ့ကြောင်း ဘိုင်ဒင်က ပြောကြားလိုက်သည်။



ဒီမိုကရက်တစ်သမ္မတလောင်း ဂျိုးဘိုင်ဒင်

အီရန်နှင့် နျူကလီးယားသဘောတူညီမှုမှ ထွက်ခွာလာခဲ့သည့်အတွက်လည်း အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ကို ဘိုင်ဒင်က ပြစ်တင်ဝေဖန်လိုက်သည်။

ဘိုင်ဒင်က သမ္မတတစ်ဦးသာ ဖြစ်ခဲ့မည်ဆိုပါက ထိတ်လန့်ချောက်ချားစရာကောင်းသည့် ဟီရိုရှီးမားနှင့် နာဂါဆာကီတို့လို အဖြစ်မျိုးနောက်တစ်ခါ ထပ်မဖြစ်အောင် သူ့အနေဖြင့် လူတိုင်းကို နျူကလီးယား လက်နက်ကင်းစင်သော ကမ္ဘာကြီးတစ်ခု ယူဆောင်ပေးမည်ဖြစ်ကြောင်း ဘိုင်ဒင်က ပြောကြားလိုက်သည်။

ဘိုင်ဒင်က သူ့အနေဖြင့် သမ္မတဟောင်း အိုဘားမား၏ စိတ်ကူးစိတ်သန်းများအတိုင်း ဆက်လက်ဆောင်ရွက်သွားရန် ရည်မှန်းထားကြောင်းနှင့် သမ္မတအိုဘားမားသည်လည်း နျူကလီးယားကင်းစင်ဖြစ်ပေါ်လာရေး အာသီသရှိခဲ့ကြောင်း ပြောကြားသည်။

ထရမ့် အစိုးရလက်ထက်တွင် ရုရှားနှင့် ဆွေးနွေးလျက်ရှိသော (စတာ့တ်စာချုပ်) ထပ်မံသက်တမ်းတိုးရေးကိစ္စတွင် ကြန့်ကြာမှုများ ဖြစ်ပေါ်လျက်ရှိသည်။ အဆိုပါ စာချုပ်ကို အိုဘားမားလက်ထက်က လက်မှတ်ရေးထိုးခဲ့ပြီး လာမည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

## အသက် ၉၅ နှစ်အရွယ် မဟာသီယာ နိုင်ငံရေးပါတီသစ်ထူထောင်

**ကွာလာလမ်ပူ ဩဂုတ် ၇**

မလေးရှားနိုင်ငံမှ အသက် ၉၅ နှစ် အရွယ် မဟာသီယာမိုဟာမက်သည် အစိုးရအတွင်း ပါဝင်လိုသည့်အတွက် နိုင်ငံရေးပါတီသစ် ထူထောင်လိုက်ကြောင်း သိရသည်။

၎င်းဝန်ကြီးချုပ် ရာထူးမှ နုတ်ထွက်ပြီးနောက် ၎င်း၏အစိုးရအဖွဲ့ ပြိုကွဲသွားပြီး လပေါင်းများစွာအကြာတွင် ယခုလို နိုင်ငံရေးပါတီသစ်ထူထောင်လိုက်ခြင်းဖြစ်သည်။

မဟာသီယာသည် ဖေဖော်ဝါရီလအတွင်းက ရာထူးမှ နုတ်ထွက်ခြင်းမပြုမီ ကမ္ဘာ့အသက်အကြီးဆုံး နိုင်ငံရေးခေါင်းဆောင်ဖြစ်ပြီး လွှတ်တော်အမတ်အဖြစ် ၁၉၆၄ ခုနှစ်တွင် စတင်ထမ်းဆောင်ခဲ့ခြင်း ဖြစ်သည်။ ဝန်ကြီးချုပ်အဖြစ် အချိန်အကြာဆုံး တာဝန်ထမ်းဆောင်ခဲ့သူလည်းဖြစ်သည်။ တိတ်ဆိတ်စွာ အနားယူပြီးသည့်နောက်တွင် ၎င်းနေရာတွင် အစားထိုးလိုက်သူအတွက် တရားဝင်ဖြစ်စေရေး စိန်ခေါ်မှုတစ်ရပ်ဖြစ်နေဆဲဖြစ်သည်။

ထို့နောက် ဩဂုတ် ၇ ရက်တွင် ပါတီသစ်ထူထောင်လိုက်ကြောင်း ကြေညာခဲ့သည်။ ငွေကြေးများခိုးယူနေပြီး အကျင့်ပျက်ခြစားမှုပြုလုပ်နေသည့်ပါတီများကို တိုက်ဖျက်သွားမည်ဟု သတင်းစာရှင်းလင်းပွဲတွင် ၎င်းက ပြောကြားခဲ့သည်။

ယခုအသစ်တည်ထောင်ထားသည့်ပါတီသစ်တွင် မဟာသီယာက ဥက္ကဋ္ဌဖြစ်သော်လည်း လက်ရှိအစိုးရတွင် ပါဝင်ခြင်းမရှိသကဲ့သို့ အတိုက်အခံများ၏ မဟာမိတ်အဖြစ်လည်း ပါဝင်မည်မဟုတ်ဟု ပြောသည်။

ပါတီသစ်ထူထောင်ကြောင်း ကြေညာသည့်ပွဲတွင် မဟာသီယာနှင့်အတူ အခြားသော လွှတ်တော်အမတ်များလည်း တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဂျပန်နိုင်ငံတွင် လာမည့်နှစ် ဇန်နဝါရီနှင့် မတ်လကြားတွင် ဖြန့်ဝေသွားမည်

**တိုကျို ဩဂုတ် ၇**

ဂျပန်နိုင်ငံက ပထမဆုံးထောက်ပံ့ခဲ့သော ဗြိတိန်ဆေးဘက်ဆိုင်ရာ အကြီးဆုံးကုမ္ပဏီကြီး တစ်ခုဖြစ်သည့် အက်စ်ထရာဇနီးကားက ပြုလုပ်နေသော ကိုဗစ်-၁၉ ကာကွယ်ဆေးကို လာမည့်နှစ်ဇန်နဝါရီနှင့် မတ်လကြားတွင် ဖြန့်ဝေသွားမည်ဖြစ်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

ဂျပန်ကျန်းမာရေးဆိုင်ရာအရာရှိများက ကာကွယ်ဆေးတိုးတက်မှုအဆင့်ဆင့်ကို အင်န်အိတ်ချ်ကေသို့ သတင်းပေးပို့သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

အဆိုပါ ကိုဗစ် - ၁၉ ကာကွယ်ဆေးကို အက်စ်ထရာဇနီးကားနှင့် အောက်စ်ဖို့ဒ်တက္ကသိုလ်တို့က ပူးပေါင်းဖော်စပ်နေခြင်း ဖြစ်သည်။ ကာကွယ်ဆေးဖော်စပ်မှု နောက်ဆုံးအဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

အချို့နိုင်ငံများတွင် ဆေးရုံဆေးခန်းများ၌ နောက်ဆုံးအဆင့်အနေဖြင့် စမ်းသပ်ကုသနေပြီ ဖြစ်သည်။

ဂျပန်နိုင်ငံရှိ ကျန်းမာရေးအရာရှိများက ဂျပန်နိုင်ငံတွင်လည်း အဆိုပါဆေးကို ယခုလမှစတင်ကာ ဆေးရုံဆေးခန်းများတွင် စမ်းသပ်ကုသသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ ထောက်ပံ့ဖြန့်ဖြူးရေးဆိုင်ရာ ကြိုတင် ပြင်ဆင်မှုများကိုလည်း လုပ်ဆောင်နေကြောင်း သိရသည်။

အခြေအနေ အားလုံးကောင်းပါက လာမည့်နှစ် ပထမသုံးလတွင် ကာကွယ်ဆေး တစ်ခါသောက်ပမာဏ သန်း ၁၂၀ စီစဉ်ထားသည့်အနက် သန်း ၃၀ ကို ဖြန့်ဖြူးသွားနိုင်ရန် မျှော်လင့်ထားကြောင်း ကျန်းမာရေးအရာရှိများက ပြောကြားလိုက်သည်။

လူတစ်ဦးလျှင် ကာကွယ်ဆေးကို တစ်ကြိမ်၊ နှစ်ကြိမ်လောက်သောက်ရမည်ဖြစ်ပြီး လူဦးရေမည်ရွေ့ မည်မျှ ကာကွယ်ဆေးရရှိနိုင်မည် ဆိုသည်ကို မဆုံးဖြတ်ရသေးကြောင်း သိရသည်။

အမေရိကန် ဆေးကုမ္ပဏီတစ်ခုဖြစ်သော ပီဖစ်ဇာကလည်း အကယ်၍ ကာကွယ်ဆေးထုတ်လုပ်မှု အဆင်ပြေပါက ဂျပန်နိုင်ငံရှိ လူဦးရေ သန်း ၆၀ အတွက် ကာကွယ်ဆေးထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

**အင်န်အိတ်ချ်ကေ**



ကိုဗစ်-၁၉ ကာကွယ်ဆေးဖော်ထုတ်ရန် ကူညီပေးနေသော အက်စ်ထရာဇနီးကား ဓာတ်ခွဲခန်းမှ ဝန်ထမ်းတစ်ဦးကို တွေ့ရစဉ်။

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံး တစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှု စစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့် မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

**ရွေးကောက်ပွဲ ကျင်းပရန်**

**၉၂ ရက်သာ**

**လိုတော့သည်။**

## လွယ်ဂျယ်မြို့၌ မဲစာရင်းလာရောက်ကြည့်ရှုသူ ၁၃ ရက်အတွင်း ဦးရေ ၂၉၀၀ ကျော် ရှိ

လွယ်ဂျယ် ဩဂုတ် ၇

ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့တွင် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရပ်ကွက်နှင့် ကျေးရွာအုပ်စု (၈) ခုရှိ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဇူလိုင် ၂၅ ရက်မှစတင်၍ ပထမအကြိမ် မဲစာရင်းကြေညာထားရာ ဩဂုတ် ၆ ရက်အထိ ၁၃ ရက်အတွင်း မဲစာရင်းကြည့်ရှုသူ ၂၉၆၆ ဦး အထိ ရှိပြီဖြစ်ကြောင်း သိရသည်။

အဆိုပါမဲစာရင်းများ ကြေညာထားရှိရာတွင် မဲစာရင်းတွင် အမည်စာရင်းမပါရှိ၍ ပုံစံ(၃)ဖြင့် လျှောက်ထားသူ ၆၃၂ ဦး၊ မဲစာရင်းတွင် ပါဝင်ခွင့်မရှိ၍ ပုံစံ (၄) ဖြင့် ကန့်ကွက်သူ ၁၂၈၇ ဦး၊ မဲစာရင်းတွင် အချက်အလက်များ မှားယွင်း၍ ပုံစံ (၄ – ဂ) ဖြင့် ပြင်ရန် လျှောက်ထားသူ ၂၁၇ ဦး ရှိကြောင်း သိရသည်။

လွယ်ဂျယ်မြို့အနေဖြင့် မြို့ပေါ် (၇) ရပ်ကွက်ကျေးရွာအုပ်စု (၁) အုပ်စုတွင် မဲရုံ (၈) ရုံ လျာထားပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၆၇၃၃ ဦးရှိကြောင်း သိရသည်။

**ထွန်းထွန်းနိုင် (ပြန်/ဆက်)**







## မဲစာရင်းတွင် အမည်ပါရှိရေး ဆောင်ရွက်ရန်အချက်များ

- ✤ မဲဆန္ဒနယ်တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များ၏ မဲစာရင်းတွင် မိမိ၏အမည် ပါရှိနေပါက မိမိမဲပေးလိုသည့် မဲဆန္ဒနယ်တွင် မဲပေးနိုင်ရေးအတွက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊ မဲဆန္ဒနယ် တစ်ခုအတွင်းတွင် ရှိသော ရပ်/ကျေး တစ်ခုထက်ပိုသည့် မဲစာရင်းများတွင် မိမိ၏အမည် ပါရှိနေပါက မိမိမဲပေးလိုသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတွင် မဲပေးနိုင်ရေးအတွက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊
- ✤ ဒေသတစ်ခုမှ အခြားဒေသတစ်ခုသို့ ပြောင်းရွှေ့လိုသည့်အခါ ၁၉၅၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး နည်းဥပဒေ ၂၆ (၂)နှင့် နည်းဥပဒေ ၂၇ (၁) တို့အရ ထုတ်ပေးသော ပုံစံ (၁၀) သို့မဟုတ် (၉၀/၁/န(သ) နှင့်အတူ လက်ရှိမဲဆန္ဒနယ်စာရင်း၌ မိမိအမည်ကိုပယ်ဖျက်၍ အခြား မဲဆန္ဒနယ်သို့ပြောင်းရွှေ့ပေးရန် တောင်းဆိုလွှာပုံစံ (၄–က) ဖြင့် သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းဆောင်ရွက်ရန်၊
- ✤ အပိုဒ်ခွဲ (ဆ) အရ ဆောင်ရွက်ပြီးနောက် မိမိ၏ အမည်ကို မဲစာရင်းမှ ပယ်ဖျက်ပြီးကြောင်း အထောက်အထားဖြစ်သည့် ပုံစံ (၄–ခ) ကို ယင်းရပ်/ကျေးကော်မရှင် အဖွဲ့ခွဲမှ ရယူရမည်။ ထို့နောက် မိမိပြောင်းရွှေ့ ရောက်ရှိသည့် နေရာ၏ အိမ်ထောင်စုဇယားနှင့် ပုံစံ(၄–ခ)တို့ ပူးတွဲ၍ တောင်းဆိုလွှာ ပုံစံ(၃) ကို မိမိပြောင်းရွှေ့နေထိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းလျှောက်ထားရန်၊
- ✤ အနည်းဆုံး ရက်ပေါင်း ၉၀ ထက်မနည်း မဲဆန္ဒနယ် ပြင်ပသို့ ရောက်ရှိနေပြီး မိမိ၏ အမြဲတမ်းနေရပ်သို့ ပြန်လည်ပြီး မဲပေးလိုခြင်း မရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ရွေးကောက်ခံသော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲ ပေးပိုင်ခွင့်ရရှိရေးအတွက် တောင်းဆိုလွှာ ပုံစံ (၃–က) ဖြင့် သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့သို့ တင်ပြလျှောက်ထားရန်။

**သင့်မဲဖြင့် အနာဂတ်ကို ပုံဖော်ဖို့ မဲစာရင်းကို ကြည့်ကြစို့**

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၇-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ

၁။ (၆-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသား ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၄၄၀)ခုတွင်-
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၂) ဦး တွေ့ရှိရပါသည်။

၂။ သို့ဖြစ်ရာ (၇-၈-၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၅၉)ဦး ရှိပြီဖြစ်ပါသည်။

၃။ (၆-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL) မှ ဓာတ်ခွဲနမူနာ (၈၁၆) ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR) မှ ဓာတ်ခွဲနမူနာ (၁၃၅) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၅၈) ခု
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၈၀) ခု
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၁၉) ခု
- စုစုပေါင်း (၁,၃၀၈) ခုအား စစ်ဆေးခဲ့ပြီးဖြစ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**

**(၇-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၆-၈-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၄၄၀) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၂) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၇-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၂) ဦး | (၃၅၉) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၃၀၈) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

**(၆-၈-၂၀၂၀) ရက်နေ့ COVID-19 ဓာတ်ခွဲစစ်ဆေးမှုများတွင် ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု**

**(၇-၈-၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| လူနာ အမှတ်စဉ် | အသက် | ကျား/ မ | နေရပ်လိပ်စာ | COVID-19 ရောဂါ အတည်ပြုလူနာများ နှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 358 | ၂၈ နှစ် | ကျား | ကလေးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | ပြည်သူ့ဆေးရုံကြီး ကလေးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (တွန်းဇံမြို့နယ်) |
| 359 | ၂၄ နှစ် | ကျား | တီးတိန်မြို့နယ်၊ ချင်းပြည်နယ် | မရှိ | ရှိ (အိန္ဒိယ) | ပြည်သူ့ဆေးရုံကြီး တီးတိန်မြို့ | တွေ့ရှိ | |

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၇-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၇-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၃၇၀)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR) မှ ဓာတ်ခွဲနမူနာ (၁၁၁) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၆၆) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၃၁) ခု၊
- စုစုပေါင်း (၆၇၈)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၇-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၇-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၇၀) ခု |
| (၇-၈-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၁၁) ခု |
| (၇-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၆၆) ခု |
| (၇-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၁) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ (၇-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ (၃၅၉) ဦး ရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၁)ဦး (Case-254) ရှိသဖြင့် စုစုပေါင်း (၃၀၉) ဦးရှိပါသည်။ ၎င်းတို့အနက် (၂၉၆) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက် ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၆-၈-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၇-၈-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၂၄) ဦးရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၇-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၃၅၉) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၁) ဦး | (၃၀၉) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

❑ *ကျောဖုံးမှ*

ဆွစ်ဇာလန်မှ တစ်ဦး၊ ယူကိုဆလားဗီးယားမှ တစ်ဦး၊ ဂျာမနီမှ တစ်ဦး၊ မြန်မာနိုင်ငံသား စုစုပေါင်း ၁၇၄ ဦးတို့ လိုက်ပါလာကြသည်။ အဆိုပါ မြန်မာနိုင်ငံသားများအနေဖြင့် ယနေ့ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ၂၁ ရက်တာ အသွားအလာ ကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးကြသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ မြန်မာနိုင်ငံသား စုစုပေါင်း ၁၀၀၁၄ ဦး အား ကယ်ဆယ်ရေးလေယာဉ် / အထူးလေယာဉ်များဖြင့် ပြန်လည်ခေါ်ဆောင် ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မဖြစ်သင့်သည်များ မဖြစ်အောင် ကာကွယ်သည့် ခြေလှမ်းများကို လှမ်းရ



ပြည်သူများ၏ လုံခြုံမှု၊ လိုအပ်ချက်များကို ဖြေရှင်းပေးနိုင်ရန်အတွက် မဖြစ်သင့်သည်များ မဖြစ်အောင် ယခုချိန်မှစပြီး ကာကွယ်သည့်ခြေလှမ်းများကိုလည်း လှမ်းရပါကြောင်း၊ ပြဿနာဖြစ်ပြီးမှ ကုသခြင်းထက် ကာကွယ်သည်က ပိုကောင်းပါကြောင်း၊ ပုံမှန်ဝင်ငွေမရှိသည့်အတွက် ဝင်ငွေပြတ်သွားပြီး ဒုက္ခရောက်သည့်အခါမှ ကူညီခြင်းထက် ဝင်ငွေမပြတ်အောင် မည်သို့နည်းလမ်းများ ချမှတ်ရမည်ကို နိုင်ငံတော်အစိုးရနှင့် လုပ်ငန်းရှင်များဘက်က ဝိုင်းပြီးစဉ်းစားပေးစေလိုပါကြောင်း။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၃-၇-၂၀၂၀ ရက်နေ့တွင် COVID-19 နှင့် ဆောက်လုပ်ရေးကဏ္ဍအပေါ် သက်ရောက်မှုများနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေသူများနှင့် အပြန်အလှန်ဆွေးနွေးသတင်းမှ ကောက်နုတ်ချက်)

## ကိုဗစ် - ၁၉ ရောဂါပိုးရှိသူ နှစ်ဦး ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၃၅၉ ဦးရှိပြီ

နေပြည်တော် ဩဂုတ် ၇

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ နှစ်ဦး ထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၃၅၉ ဦး ရှိပြီဖြစ်ပြီး ပိုးတွေ့ရှိသူနှစ်ဦးမှာ အိန္ဒိယနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများ ဖြစ်ကြသည်။

ရောဂါပိုးတွေ့ရှိသူ ၃၅၉ ဦးအနက် သေဆုံးသူ ၆ ဦး၊ ပိုးမတွေ့ရှိတော့သူ ၃၀၉ ဦး၊ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၂၉၆ ဦးနှင့် ဩဂုတ် ၆ ရက် မွန်းတည့် ၁၂ နာရီမှ ဩဂုတ် ၇ ရက်မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၂၄ ဦး ရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၂၃၄၄၁ | ၃၅၉ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၃၀၉ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၆၉၀၆

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၂၉၆ ဦး ( အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ )

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၇၁ | ၅ |
| ၂ | ချင်း | ၁၇ | |
| ၃ | ရခိုင် | ၁၆ | |
| ၄ | ပဲခူး | ၉ | ၁ |
| ၅ | စစ်ကိုင်း | ၉ | |
| ၆ | မွန် | ၇ | |
| ၇ | ကရင် | ၅ | |
| ၈ | ရှမ်း(တောင်) | ၄ | |
| ၉ | မန္တလေး | ၄ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ရှမ်း(ရှေ့) | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၂ | |
| စုစုပေါင်း | | ၃၅၉ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၇-၈-၂၀၂၀ ရက်၊ ည (၈) နာရီ

## ၇-၈-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၅၀၃၉၉၇၈ | ၂၅၇၉၁၉၁ | ၁၆၂၈၉၆ |
| ၂။ | ဘရာဇီး | ၂၉၁၇၅၆၂ | ၂၀၄၇၆၆၀ | ၉၈၆၄၄ |
| ၃။ | အိန္ဒိယ | ၂၀၅၇၈၀၆ | ၁၄၀၂၀၇၆ | ၄၂၀၂၆ |
| ၄။ | ရုရှား | ၈၇၇၁၃၅ | ၆၈၃၅၉၂ | ၁၄၇၂၅ |
| ၅။ | တောင်အာဖရိက | ၅၃၈၁၈၄ | ၃၈၇၃၁၆ | ၉၆၀၄ |
| ၆။ | မက္ကဆီကို | ၄၆၂၆၉၀ | ၃၀၈၈၄၈ | ၅၀၅၁၇ |
| ၇။ | ပီရူး | ၄၅၅၄၀၉ | ၃၁၀၃၃၇ | ၂၀၄၂၄ |
| ၈။ | ချီလီ | ၃၆၆၆၇၁ | ၃၄၀၁၆၈ | ၉၈၈၉ |
| ၉။ | ကိုလံဘီယာ | ၃၅၇၇၁၀ | ၁၉၂၃၅၅ | ၁၁၉၃၉ |
| ၁၀။ | စပိန် | ၃၅၄၅၃၀ | စိစစ်ဆဲ | ၂၈၅၀၀ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၇- ၈ - ၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဖိလစ်ပိုင် | ၁၂၂၇၅၄ | ၆၆၈၅၂ | ၂၁၆၈ |
| အင်ဒိုနီးရှား | ၁၂၁၂၂၆ | ၇၇၅၅၇ | ၅၅၉၃ |
| စင်ကာပူ | ၅၄၇၉၇ | ၄၈၃၁၂ | ၂၇ |
| မလေးရှား | ၉၀၆၃ | ၈၇၂၈ | ၁၂၅ |
| ထိုင်း | ၃၃၄၅ | ၃၁၄၈ | ၅၈ |
| ဗီယက်နမ် | ၇၈၄ | ၃၉၅ | ၁၀ |
| မြန်မာ | ၃၅၉ | ၃၀၉ | ၆ |
| ကမ္ဘောဒီးယား | ၂၄၃ | ၂၁၄ | ၀ |
| ဘရူနိုင်း | ၁၄၂ | ၁၃၈ | ၃ |
| လာအို | ၂၀ | ၁၉ | ၀ |

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်ပစ္စည်းများ လှူဒါန်း

**ရန်ကုန် ဩဂုတ် ၇**

ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သောပစ္စည်းများ လှူဒါန်းခြင်းကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

လှူဒါန်းပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

လှူဒါန်းပွဲတွင် ဝန်ကြီးချုပ်က ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကူညီမှုများကြောင့် ရောဂါကို ကာကွယ်ထိန်းချုပ်နိုင်ကြောင်း၊ ထို့ကြောင့် ကူညီပေးခဲ့သူများအားလုံးကို ကျေးဇူးတင်ပါကြောင်းနှင့် ကိုဗစ် – ၁၉ ရောဂါသည် ရပ်တန့်ပျောက်ကွယ်သွားပြီဟု ပြောလို့မရကြောင်း သို့ဖြစ်၍ Coronavirus Disease 2019 (COVID – 19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ လိုက်နာနေထိုင်သွားရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက်ရွှေနဂါးစိုက်ပျိုးရေးစွမ်းအားစု ကုမ္ပဏီက အလှူငွေကျပ်သိန်း ၁၆၂၀ တန်ဖိုးရှိ လက်သန့်ဆေးရည်များ၊ Rotary Class of Yangon ၊ Rotary Class of Great Yangon ၊ Rotary Class of Central Yangon မှ နှာခေါင်းစည်းအစု ၃၀၀၀၀၀၊ လက်သန့်ဆေးရည်ဘူး ၁၂၀၀၊ ဦးဝင်းညွန့် –ဒေါ်သက်သက် မိသားစုက အလှူငွေကျပ်သိန်း ၅၀ တန်ဖိုးဆေးပစ္စည်းများ၊ ရန်ကုန်တိုင်းစက်မှုဇုန်၂၉ ဇုန်မှ အလှူငွေကျပ် ၃၀၂၂၅၀၀ တန်ဖိုးရှိသော ခြောက်ပြည်ဝင် ဆန်အိတ် ၄၆၅ အိတ်၊ မိုးမြင့်စံ ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်က Quarantine Center များတွင် စားသောက်စရိတ်အတွက် ငွေကျပ် ၂၅ သိန်း၊ ထာဝရမိဘမေတ္တာ ဦးညွန့်ဦး မိသားစုက ငွေကျပ် ၁၅၂၇၅၀၀ တန်ဖိုးရှိ ဆန်ခြောက်ပြည်ဝင်အိတ် ၂၃၅ အိတ်၊ လှိုင် Quarantine Center 5 H – ၅လွှာ ပြည်တော်ပြန်အဖွဲ့က ငွေကျပ် ၇၆၀၀၀၀ နှင့် အမေရိကန်ဒေါ်လာ ၅၂၀ တန်ဖိုးရှိ လိုအပ်သောပစ္စည်းများ၊ ဦးဝင်းကျော်စွာ – ဒေါ်နှင်းပွင့်ဖြူ မိသားစုက အလှူငွေ အမေရိကန်ဒေါ်လာ ၆၀၀ တန်ဖိုးရှိ ဆေးပစ္စည်းများကို လှူဒါန်းကြရာ ဝန်ကြီးချုပ်နှင့်ဝန်ကြီးများက လက်ခံရယူပေးကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြသည်။

**ဆန်းကျော်ဦး (ပြန် / ဆက်)**



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း အလှူရှင်တစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

## မကွေးတိုင်းဒေသကြီး၌ ကိုဗစ် – ၁၉ ကာလတွင် ငါးသားပေါက်များထောက်ပံ့

**မကွေး ဩဂုတ် ၇**

မကွေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက ငါးမွေးတောင်သူများအား ငါးသားပေါက်များ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့ နံနက်ပိုင်းက တောင်တွင်းကြီး ငါးလုပ်ငန်းစခန်း၌ ကျင်းပသည်။

တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းမော်ဌေး၊ တိုင်းဒေသကြီးဦးစီးဌာနမှူး ဦးမြင့်ရွှေတို့ က နိုင်ငံတော်မှ ထောက်ပံ့ပေးအပ်ခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးနှင့် မကွေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးဌာနမှူး ညွှန်ကြားရေးမှူးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက ငါးမွေးတောင်သူများအား ငါးသားပေါက်များ လွှဲပြောင်းပေးအပ်သည်။

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီး ငါးလုပ်ငန်းစခန်းတွင် ငါးသားပေါက်များကို ပထမဆုံးပေးအပ်ခြင်းဖြစ်ပြီး မကွေးတိုင်းဒေသကြီးအတွင်း ငါးမွေးတောင်သူ ၂၂၃ ဦး၊ ငါးမွေးကန်ဧက ၃၇၉ ဒသမ ၈၀ အတွက် စုစုပေါင်း ငါးသားပေါက်ကောင်ရေ သိန်း ၇ ဒသမ ၆၀ ဖြန့်ဖြူးထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် ဩဂုတ် ၇**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ်ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်နှင့် မုတ္တမကွေ့၊ မွန်–တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**


### အမုန်းစကားမပြောရ။

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊
ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့်
နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို
အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ
တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။




# မြဝတီမြို့ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှ မြန်မာရွှေ့ပြောင်းလုပ်သား ၉၆၀ ဆက်လက်ဝင်ရောက်

**မြဝတီ ဩဂုတ် ၇**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၉၆၀ သည် မြဝတီမြို့ မြန်မာ–ထိုင်း အမှတ် (၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့ ဆက်လက်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့ပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသောလိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



မြန်မာ–ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှ ပြန်လည်ဝင်ရောက်လာသူတစ်ဦးအား ကိုယ်အပူချိန်တိုင်းတာစစ်ဆေးစဉ်။

ပြန်လည်ဝင်ရောက်လာသူများ အနေဖြင့် မေ ၁ ရက်မှ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်မှ ၃၁ ရက်အထိ ၁၈၅၉၇ ဦး၊ ဩဂုတ် ၁ ရက်မှ ၇ ရက်အထိ ၅၂၁၆ ဦး စုစုပေါင်း ၆၀၈၃၁ ဦးတို့ ပြန်လည်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ အမျိုးသား ၆၀၁ ဦး၊ အမျိုးသမီး ၃၅၉ ဦး စုစုပေါင်း ၉၆၀ ဖြစ်ပြီး သက်ဆိုင်ရာအသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**



# အင်းလေးကန်ဝန်းကျင်တွင် မိုးရွာသွန်းမှုကြောင့် ကန်ရေပြန်လည်မြင့်တက်



ညောင်ရွှေ ဩဂုတ် ၇

အင်းလေးကန်ဝန်းကျင်နှင့် ရေဝေရေလဲဒေသများတွင် ဩဂုတ်လပထမပတ်အတွင်း မိုးရွာသွန်းမှုများကြောင့် အင်းလေးကန်အတွင်း ရေမျက်နှာပြင် နှစ်ပေခန့် မြင့်တက်လာကြောင်း သိရသည်။

အင်းလေးကန်သည် ဧပြီလအတွင်း ကန်စပ်နေရာများတွင် ရေလျော့နည်းမှုများ ဖြစ်ပေါ်ခဲ့ပြီး ရေလယ်၌ ရေအနက်ခြောက်ပေခုနစ်ပေခန့်၊ အဓိကရေလမ်းမကြီးများ၌ နှစ်ပေ သုံးပေခန့်ရှိရာမှ ယခုအခါ မိုးရွာသွန်းမှုများကြောင့် ယခင်ထက် နှစ်ပေခန့် မြင့်တက်လာကြောင်း၊ ယခုအချိန်တွင် အင်းလေးကန်အတွင်းစီးဝင်သည့် ချောင်းများအားလုံး ရေစီးဝင်လျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦးက ပြောသည်။

အင်းလေးကန်အတွင်းသို့ ရေစီးဝင်သည့် အဓိကချောင်းမကြီးလေးချောင်းဖြစ်သည့် နမ့်လတ်ချောင်း၊ နယ်ခြား(ရေပယ်)ချောင်း၊ ကလော(သန်းတောင်)ချောင်း၊ အထက်ဘီလူးချောင်း အပါအဝင် ချောင်းပေါင်း ၂၉ ချောင်း ရေစီးဝင်လျက်ရှိပြီး ရေဆင်းဧရိယာ ၁၄၂၂ စတုရန်းမိုင်ရှိကြောင်း သိရသည်။

**နေမျိုးသူရိန်**

# ပန်းတောင်း၌ ဆိုလာအသေးစားလျှပ်စစ်ဓာတ်အားစနစ်ဖြင့် မီးလင်း

ပန်းတောင်း ဩဂုတ် ၇

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ပြည်-တောင်ကုတ်အဝေးပြေးလမ်းမကြီးဘေးရှိ ညောင်ဂျိုးကျေးရွာတွင် ဆိုလာစနစ်အသေးစား လျှပ်စစ်ဓာတ်အားပေးစက်ရုံဖြင့် ကွန်ကရစ်မီးတိုင်များ စိုက်ထူကာမီးလင်းရေး ဆောင်ရွက်ခဲ့ရာ ဩဂုတ်လပထမပတ်မှစ၍ အိမ်ခြေ ၁၆၁ အိမ်မှာ ၂၄ နာရီစမ်းသပ် မီးလင်းနေပြီဖြစ်သည်။

အဆိုပါ ညောင်ဂျိုးကျေးရွာသည် ဥသျှစ်ပင်မြို့နှင့် ၁၈ မိုင်ဝေးကွာပြီး မဟာဓာတ်အားလိုင်း သွယ်တန်းမရနိုင်သော တောင်ပေါ်ကျေးရွာဖြစ်သည့်အတွက် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးနိုင်ရန်တင်ပြခဲ့ရာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မဟာဓာတ်အားလိုင်း ပြင်ပကျေးရွာများတွင် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းမှ ဆိုလာစနစ်အသေးစား လျှပ်စစ်ဓာတ်အားစနစ်ဖြင့် နိုင်ငံတော်အစိုးရမှ ၆၀ ရာခိုင်နှုန်း ငွေကျပ်သိန်း ၃၀၀၀ ကျေးရွာပြည်သူလူထုမှ ၂၀ ရာခိုင်နှုန်း ငွေကျပ်သိန်း ၁၀၀၀၊ ဆောက်လုပ်ရေးကုမ္ပဏီဖြစ်သည့် မဂ္ဂါဂလိုဘယ်ဂရင်းမှ ၂၀ ရာခိုင်နှုန်း ငွေကျပ်သိန်း ၁၀၀၀ စုစုပေါင်းကုန်ကျငွေကျပ်သိန်း ၅၀၀၀ ဖြင့် ဆောင်ရွက်ပေးခဲ့ရာ ယခုအခါ ၂၄ နာရီ စမ်းသပ်မီးလင်းလျက်ရှိနေပြီ ဖြစ်သည်။

"ကျွန်တော်တို့ ညောင်ဂျိုးရွာလေးက ရခိုင်ရိုးမတောင်ပေါ်မှာပါ။ ပဲခူးတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ် နယ်စပ်ဆိုတော့ မြို့တွေနဲ့ အတော်အလှမ်းကွာတယ်။ မီးလင်းဖို့က မလွယ်ကူးဘူးလေ။ အိမ်ခြေက ၂၂၉ အိမ်၊ လူဦးရေက ၁၇၁၆ ဦးရှိတယ်။ အခုလိုနိုင်ငံတော်က စီစဉ်ပေးတော့ ဆောက်လုပ်ရေးကုမ္ပဏီရဲ့ လိုအပ်တဲ့မြေနေရာ ရှာပေးခြင်း၊ ကွန်ကရစ်ဓာတ်တိုင်စိုက်ထူတာ၊ စက်ပစ္စည်းတွေ တောင်ပေါ်အရောက် သယ်ပေးတာတွေ ဆောင်ရွက်ပေးပြီး ၂၄-၉-၂၀၁၉ ရက်ကစတင်ဆောင်ရွက်ခဲ့တာ အခုဩဂုတ်လအတွင်းမှာ ဓာတ်အားခွဲရုံ တစ်ရုံ၊ ကွန်ကရစ်မီးတိုင်တွေ စိုက်ထူပြီး အိမ်ခြေ ၁၆၁ အိမ်ကို ၂၄ နာရီလုံး စမ်းသပ်မီးလင်းနေပါပြီ။ မီတာခက တစ်ယူနစ်ငွေကျပ် ၅၀၀ နှုန်းနဲ့ ကိုးနှစ်ကောက်ခံသွားပြီး ကိုးနှစ်ကျော်ရင် ကျေးရွာပိုင်ဖြစ်ပါပြီ။ ကျန်နေသေးတဲ့ အိမ်တွေကိုလည်း မီးလင်းရေး ဆက်လက်ဆောင်ရွက်သွားမှာပါ"ဟု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလှစိုးက ပြောပြသည်။

**အောင်မြင့်(ပန်းတောင်း)**




## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၇ - ၈ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၃၇၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၃၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၅၈၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၃၇၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၃၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၅၈၄၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၄၀/၅၇၀ ကျပ် | ၅၇၀/၅၈၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၅၀/၅၈၅ ကျပ် | ၅၈၅/၅၉၅ ကျပ် |
| အောက်တိန်း ၉၂ | ၄၉၀/၅၂၀ ကျပ် | ၅၅၀/၅၆၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၂၀/၆၃၅ ကျပ် | ၆၇၅/၆၉၀ ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၆၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၀၈ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၂ . ၁၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၈၂ . ၂ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၈၇ . ၉ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၈၀ . ၆၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၅ . ၄၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၁၅၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၄ . ၇၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၄ . ၅၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၆၃၂ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၁၀၅၀၀ | ၁၉၃၈ | ၁၉၄၆၀၅၀၀ |
| MTSH | ၃၇၅၀ | ၃၈၀၀ | ၁၃၆၈ | ၅၁၃၁၈၀၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၃၃၅ | ၂၆၈၀၀၀၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၅၁၀ | ၁၀၉၈၄၀၀၀ |
| TMH | ၂၈၅၀ | ၂၈၀၀ | ၆၃၃ | ၁၇၇၃၅၅၀ |
| EFR | ၂၉၅၀ | ၃၁၀၀ | ၁၄၆၉ | ၄၄၉၈၀၀၀ |

ခင်ရတနာ - စုစည်းသည်

## နိုင်ငံတကာအနုပညာ သတင်းပဒေသာ

### Wonder Woman 1984 ရုပ်ရှင်နမူနာထွက်ရှိ

အခုဆိုရင် Wonder Woman 1984 ရုပ်ရှင်နမူနာထွက်ရှိလို့လာပါပြီ။ ဒီဇာတ်လမ်းမှာတော့ ၁၉၈၄ ခုနှစ် စစ်အေးကာလကို ရုပ်ရှင်မင်းသမီး ခရစ္စတင်းဝင်းဂ်ဟာ ရှေးဟောင်းသုတေသနပညာရှင် ဘာဘရာအန်း မင်နာဗာ အဖြစ်ကနေ ဗီလိန်ချီတက်အဖြစ် ပြောင်းလဲသွားတာကို တွေ့မြင်ရမှာပါ။ ဒီရုပ်ရှင်ဟာ ၂၀၁၇ ခုနှစ် ဂဲလ်ဂါဒေါ့ သရုပ်ဆောင်ခဲ့တဲ့ ၂၀၁၇ ခုနှစ်က ထွက်ရှိခဲ့တဲ့ Wonder Woman ရဲ့ နောက်ဆက်တွဲရုပ်ရှင်လည်း ဖြစ်ပါတယ်။

ဒီရုပ်ရှင်ဇာတ်ကားကိုတော့ ပတ်တီ ဂျန်ကင်က ရိုက်ကူးထားပြီး ခရစ်ပိုင်း၊ ရောဘင်ဝရိုက်နဲ့ ကွန်နီ နီရယ်ဆန်တို့က ပါဝင်သရုပ်ဆောင်ထားပါတယ်။ Wonder Woman 1984 ရုပ်ရှင်ကားကိုတော့ ကိုဗစ် – ၁၉ ရောဂါကြောင့် နှောင့်နှေးမှုတွေ ဖြစ်ပေါ်ခဲ့ပြီးတဲ့နောက် အောက်တိုဘာလကျမှ ရုံတင်ပြသခွင့်ရမယ်လို့ ခန့်မှန်းထားကြပါတယ်။

အမေရိကန်ပြည်ထောင်စုမှာ ပြသမယ့်ရက်ကိုတော့ ၂၀၂၀ အောက်တိုဘာ ၂ ရက်လို့ သတ်မှတ်ထားပြီး အမေရိကန်ဒေါ်လာ ၁၇၅ သန်း အကုန်အကျခံ ရိုက်ကူးထားတဲ့ဇာတ်ကားလည်း ဖြစ်ပါတယ်။

**စကိုင်းနယူး**



Wonder Woman ဇာတ်ဝင်ခန်းတစ်ခုကို တွေ့ရစဉ်။

### သရုပ်ဆောင်အလုပ်ကနေ အနားယူလိုက်တဲ့နောက် ငြိမ်းချမ်းမှုကို တွေ့ရှိသွားတယ်ဟု ကင်မရွန်းဒီးယက်ဇ်ပြော

ရုပ်ရှင်မင်းသမီး ကင်မရွန်းဒီးယက်ဇ်ဟာ လွန်ခဲ့တဲ့နှစ်နှစ်က သရုပ်ဆောင်လောကကနေ အနားယူလိုက်တဲ့နောက် သူ့ရဲ့စိတ်ဟာ ငြိမ်းချမ်းမှုကို ရှာတွေ့သွားတယ်လို့ ပြောခဲ့ပါတယ်။ ကင်မရွန်းဒီးယက်ဇ်ဟာ There's Something About Mary၊ Charlie's Angels နဲ့ Shrek အစရှိတဲ့ ရုပ်ရှင်ကားတွေမှာ နာမည်ကြီးခဲ့သူလည်း ဖြစ်ပါတယ်။

ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်နိုင်တဲ့အတွက် စိတ်ငြိမ်းချမ်းမှုကို ရှာတွေ့သွားတယ်လို့ ဒီးယက်ဇ်က ပြောပါတယ်။ ဒီအကြောင်းအရာဟာ ပြောပြဖို့တော့ နည်းနည်းဆန်းကြယ်နေမယ်လို့ အသက် ၄၇ နှစ်ရွယ် ကင်မရွန်းဒီးယက်ဇ်က ပြောပါတယ်။

သူဟာ ၂၀၁၈ ခုနှစ်မှာ ရုပ်ရှင်လောကနေ အနားယူပြီလို့ အတည်ပြုကြေညာခဲ့ပါတယ်။ တစ်နေ့နေ့မှာ ရုပ်ရှင်လောကကို ပြန်လာဖို့အတွက်တော့ ယတိပြတ်ကြီး ငြင်းပယ်ထားတာမျိုးတော့ မရှိပါဘူး။ ကိုယ့်ကိုယ်ကိုယ်ပြန်ဂရုစိုက်ဖို့ သရုပ်ဆောင်အလုပ်တွေကို ရပ်နားလိုက်တယ်။

ရုပ်ရှင်တစ်ကားရိုက်မယ်ဆိုရင် ကိုယ့်ကိုယ်ကိုယ် မပိုင်တော့ဘူး။ ရိုက်ကူးရေးတွေနဲ့တစ်နေ့မှာ ၁၂နာရီ အလုပ်ရှုပ်နေပြီး တခြားကိစ္စတွေလုပ်ဖို့ အချိန်မရှိတော့ဘူးလို့ ကင်မရွန်းဒီးယက်ဇ်က ပြောခဲ့ပါတယ်။ ကင်မရွန်းဒီးယက်ဇ်ဟာ အသက် ၄၁ နှစ်အရွယ် ရော့ခ်ကာတစ်ဦးဖြစ်သူ ဘန်ဂျီမက်ဒင်နဲ့ ၂၀၁၅ ခုနှစ်မှာ လက်ထပ်ခဲ့ပြီး ၂၀၁၉ ခုနှစ်မှာ သူတို့ရဲ့ ပထမဆုံးကလေးကို ရရှိခဲ့ပါတယ်။

**စကိုင်းနယူး**



ရုပ်ရှင်မင်းသမီး ကင်မရွန်းဒီးယက်ဇ်



# နိုင်ငံတော်အလံအား အလေးပြုကြသည် နိုင်ငံတော်အလံကို အလေးပြု

**မောင်ခင်မင် (ဓနုဖြူ)**

“သမီးရေ... ခေတ်ပြားဟောင်းတစ်ချပ် ဖွင့်လက်စမို့ နောက်တစ်ချပ် ထပ်ဖွင့်ကြအုံးစို့”

“ရှင်၊ ဘာဆိုလိုတာပါလဲ ဘဘ”

“သြော်...‘မှ’လား၊ ‘က’လားဆိုတဲ့အကြောင်း ဆွေးနွေးပြီးပြီဆိုတော့ အခု‘ကို’လား၊ ‘အား’လားဆိုတဲ့ ခေတ်ပြားဟောင်းဖွင့်ဖို့ အလှည့်ကျလာတာကို ပြောတာပါ”

“ဟုတ်ပါတယ် ဘဘရယ်။ ဒီခေတ်ပြားဟောင်းတွေ ဘဘ အကြိမ်ကြိမ်ဖွင့်နေတာတောင် မှားကြတုန်းပဲနော်”

“ကဲ... သမီးကို တစ်ခုမေးကြည့်မလို့။ အခမ်းအနားတွေမှာ နိုင်ငံတော်အလံကို အလေးပြုဖို့ အမိန့်ပေးတာ ကြားဖူးမှာပေါ့”

“ကြားဖူးပါတယ် ဘဘ”

“ဘယ်လိုအမိန့်ပေးတာ ကြားဖူးသလဲသမီး”

“ ‘နိုင်ငံတော်အလံအား အလေးပြု’ လို့ အမိန့်ပေးပါတယ် ဘဘ”

“ဟုတ်တယ်။ ကျဆုံးသွားတဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေကို အလေးပြုဖို့ရော ဘယ်လိုအမိန့်ပေးသလဲ”

“ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်များအား အလေးပြုလို့ အမိန့်ပေးပါတယ် ဘဘ”

“ဟုတ်ပါပြီ။ ဘဘလဲ အဲဒီလိုပဲ ကြားနေကျပါ။ သမီးကို နောက်တစ်ခုမေးအုံးမယ်။ အဲဒီ အမိန့်ပေးတဲ့ စကားတွေက အပြောစကားလား၊ စာစကားလား”

“ဟာ...ဘဘကလဲ၊ ပရိသတ်ကို အမိန့်ပေးတဲ့သူက တိုက်ရိုက်အမိန့်ပေးတာပဲဟာ၊ အပြောစကားနဲ့ပဲ အမိန့်ပေးရမှာပေါ့ ဘဘ၊ စာစကားနဲ့ အမိန့်ပေးလို့ ဘယ်ဆီလျော်ပါ့မလဲ”

“အဲဒီအချက်ထင်ရှားစေချင်လို့ တမင်မေးတာပါ။ တစ်ယောက်က တစ်ယောက်ကို အမိန့်ပေးတာပဲဖြစ်ဖြစ်၊ အများကို အမိန့်ပေးတာပဲဖြစ်ဖြစ် စကားပြောသလိုပဲ အမိန့်ပေးမှာပေါ့။ စာဖတ်သလို အမိန့်ပေးရင် ဘယ်သဘာဝကျမှာလဲ။ ‘ထိုင်ပါ’၊ ‘ထွက်သွား’၊ ‘မြန်မြန်ပြေး’၊ ‘အဲဒါငါ့ဆီယူလာခဲ့’ ဆိုတဲ့ စကားမျိုးတွေကအစ ‘ညာညီ၊ ဘယ်လှည့်၊ အမြန်လျှောက်၊ တန်းထ၊ သစ္စာဓိဋ္ဌာန်ဆို၊ အလေးပြု’ဆိုတဲ့ အမိန့်ပေးတဲ့ စကားတွေအားလုံးဟာ အမိန့်ပေးသူ က အမိန့်နာခံရမဲ့သူကိုပြောတဲ့ စကားတွေချည်းပဲ မဟုတ်လား။ အဲဒီလိုမပြောဘဲ ‘ထိုင် လော့၊ ထွက်သွားလော့၊ ညာညီ လော့၊ အမြန်လျှောက်ကြ လော့၊ အလေးပြုကြလော့’လို့ စာဖတ်သလိုအမိန့် ပေးရင် ရယ်စရာဖြစ်မှာပေါ့။ မလေးစားရာလဲ ကျမှာပေါ့”

“ဟုတ်ပါတယ် ဘဘ”

“ဒီလိုဆိုရင် ခုနပြောတဲ့ ‘နိုင်ငံတော် အလံအား အလေးပြု’ဆိုတာ အပြောစကားလား၊ စာစကားလား သမီး”

“ဟာ...ဟုတ်တယ်နော် ဘဘ။ ‘အား’ကို အပြောစကားမှာမှ မသုံးတာ။ စာ စကားကြီးဖြစ်နေတယ်။ ဒီတော့ ‘နိုင်ငံတော်အလံအား အလေးပြု’ ဆိုတာ အပြောစကားမဟုတ်ပါဘူး ဘဘ။ စာစကားပါ”

“အဲဒါပြောချင်တာပါ။ အပြောစကားစစ်စစ်နဲ့ အမိန့်ပေးမယ်ဆိုရင် ‘နိုင်ငံတော်အလံကို အလေးပြု၊ ခေါင်းဆောင်ကြီးများကို အလေးပြု’ လို့ အမိန့်ပေးရမှာလေ။ အခုတော့ အပြောစကားထဲမှာ ‘အား’ ကြီးက ကန့်လန့် ကန့်လန့်ဝင်နေလေရဲ့”

“ဟုတ်တယ်နော် ဘဘ။ ဒါဆို သမီးတစ်ခု စဉ်းစားမိတာက စာစကားနဲ့ရေးရင် ‘နိုင်ငံတော် အလံအား အလေးပြုကြသည်’ လို့ ရေးရင်မှန်တာပေါ့နော်”

“အေး၊ ဟုတ်တယ်။ စာစကားနဲ့ရေးရင် ‘အား’ သုံးတာကို လက်ခံပါတယ်။ ရှိသေလေးစားအပ်တဲ့ အရာကို ‘အား’နဲ့ သုံးနိုင်တယ်လို့ ပညာရှင်တွေက ဆိုကြတယ်။ ဒါပေမဲ့–ဒါက စာသုံးကို ဆိုလိုတာလေ။ အပြောမှာတော့ ‘အား’ ထည့်ပြောတာ အဆင်မပြေဘူးကွဲ့”

“ဟုတ်ကဲ့”

“အပြောစကားဖြစ်ရက်သားနဲ့ ‘အား’ တွေ ပလူပျံအောင် ထည့်ပြောနေတာကတော့ ရုပ်မြင်သံကြားသတင်းကြေညာတဲ့သူတွေပဲ။ သတင်းရေးတဲ့သူက ‘အား’ တွေနဲ့ရေးလို့ သတင်းဖတ်တဲ့သူတွေကလဲ ‘အား’ တွေနဲ့ ဖတ်ကြရတယ်ဆိုတာ နားလည်ပါတယ်။ ဒီတော့ သတင်းရေးတဲ့သူတွေကိုယ်တိုင်က အပြောစကားမှာ ‘အား’ တွေ ရှောင်ရေးဖို့ လိုတာပေါ့ကွယ်”

“ဟုတ်ကဲ့ပါ”

> **“အပြောစကားဖြစ်ရက်သားနဲ့ ‘အား’တွေ ပလူပျံအောင်ထည့်ပြောနေတာကတော့ ရုပ်မြင်သံကြားသတင်းကြေညာတဲ့သူတွေပဲ။ သတင်းရေးတဲ့သူက ‘အား’ တွေနဲ့ ရေးလို့ သတင်းဖတ်တဲ့သူတွေကလဲ ‘အား’ တွေနဲ့ ဖတ်ကြရတယ်ဆိုတာ နားလည်ပါတယ်။ ဒီတော့ သတင်းရေးတဲ့သူတွေကိုယ်တိုင်က အပြောစကားမှာ ‘အား’ တွေ ရှောင်ရေးဖို့ လိုတာပေါ့ကွယ်”**

“သတင်းစာ၊ ဂျာနယ်တွေကျတော့တစ်မျိုး၊ သူတို့က စာစကားနဲ့ ရေးတာဆိုတော့ ‘အား’ ကို သူ့နေရာနဲ့သူ မှန်မှန်ကန်ကန်သုံးရင် ဆီလျော်ပါတယ်။ ဒါပေမဲ့ ‘ကို’ သုံးရမဲ့နေရာမှာ ‘အား’ တွေ ဖောဖောသီသီထည့်သုံးနေတာ တွေ့နေရတာပါပဲကွယ်”

“ဘယ်လိုအသုံးတွေလဲ ဘဘ”

“အခမ်းအနားအားကျင်းပသည်၊ စာမေးပွဲအား ပြုလုပ်သည်၊ ပြဿနာအား လေ့လာသည်၊ စာတမ်းအား ဖတ်ကြားသည်၊ မေးခွန်းအား ဖြေကြားသည်၊ အစီရင်ခံစာအား အတည်ပြုသည် ဆိုတာမျိုးတွေပေါ့ကွယ်။ အဲဒီအသုံးတွေအားလုံး ‘ကို’ သုံးရမှာလေ။ တိုက်ရိုက်ပြုလုပ်ခံရတာမို့ ‘စာမေးပွဲကို ကျင်းပသည်၊ စာတမ်းကို ဖတ်ကြားသည်’ ဆိုတာမျိုး သုံးရမှာပေါ့”

“ဟုတ်ကဲ့”

“သတိထားမိတာ တချို့ကတော့ ‘အား’ သုံးလိုက်၊ ‘ကို’ သုံးလိုက် အလဲအလှယ်နဲ့ သုံးကြတယ်။ ဘယ်လိုသုံးသုံး အတူတူပဲလို့ ထင်လို့လားမသိဘူးကွယ်”

“ဟုတ်ပါတယ် ဘဘ”

“ဒီနေရာမှာပြောချင်တာက ‘ကို’ ဟာ အပြောစကားမှာရော၊ စာစကားမှာရော သုံးတဲ့စကားမို့ စာစကားနဲ့ ရေးရင်လဲ ‘ကို’ ကို စိတ်ချလက်ချ သုံးနိုင်ပါတယ်လို့ ပြောချင်တာပါ။ ‘အား’ကတော့ စာစကားမှာပဲ လက်ခံတဲ့အဓိပ္ပာယ်နဲ့သုံးတယ်။ မောင်မောင်သည် သူ့အင်္ကျီကို ကျွန်တော့်အား ရောင်းသည်’ ဆိုတာမျိုးပေါ့။ ဒါတောင် ‘မောင်မောင်သည် ကျွန်တော့်ကို သူ့အင်္ကျီရောင်းသည်’ လို့ ‘အား’ မထည့်ဘဲ ‘ကို’ နဲ့ သုံးလို့ရနေတာလေ။ ဒီတော့ ‘အား’ ဟာ ဒီအရေးစကားထဲမှာ မရှိတော့ဘူး၊ စာစကားမှာလဲ ‘အား’ က မသုံးမဖြစ် မဟုတ်ပါဘူး။ ‘ကို’ ကို ‘အား’ နေရာမှာ သုံးလို့ရတယ်။ ဒါကြောင့် ‘အား’ ကို လုံးဝမသုံးဘဲ နေလို့ရတယ်လို့ ဘဘ ခဏခဏပြောဖူးပါတယ်ကွယ်”

“ဟုတ်ပါတယ် ဘဘ”

“တီဗွီက သတင်းကြေညာတဲ့သူက ‘အခမ်းအနားအား ကျင်းပပါတယ်’လို့ ပြောလိုက်ရင် နားထဲကျ ကန့်လန့်ကြီးဝင်သွားရောလေ။ ‘အား’ က စာစကား၊ ‘တယ်’ က အပြောစကား၊ အပြောစကားထဲမှာ ‘အား’ ကြီးထည့်ထည့်ပြောတာ နားထောင်ရတာ နားထဲကို ဆူးစူးသွားသလို ခံစားရတယ်သမီးရယ်”

“ဟုတ်ကဲ့ပါ”

“ဒါကြောင့် ဘဘက ဒီခေတ်ပြားဟောင်းကို ပြန်ဖွင့်နေရတာပါ။ အရေးကြီးတာက ကျောင်းသားလူငယ်တွေ အဟုတ်မှတ်ပြီး အတုခိုးမှားမှာစိုးလို့ပါ”

“ရှင်းပြပါအုံး ဘဘ”

“ရေဒီယိုတို့၊ တီဗွီတို့က လွှင့်တဲ့စကားဆိုရင် စံနမူနာယူပြီး မှတ်သားရမဲ့စကားလို့ ပညာတတ်အသိုင်းအဝိုင်းက ယူဆကြတာလေ။ ကျောင်းတွေ၊ တက္ကသိုလ်တွေကလဲ အဲဒီစကားတွေကို ‘စံစကား’ အဖြစ် အသိအမှတ်ပြုကြတာ။ မြန်မာနိုင်ငံမှာရော၊ နိုင်ငံတကာမှာရော ဒီလိုခံယူကြတာလေ။ ဒီတော့ လူငယ်တွေက ရုပ်မြင်သံကြားက လွှင့်တဲ့စကားကို စံနမူနာပြုပြီး မှတ်သားကြမှာပဲပေါ့။ သူတို့မှားရင် အားလုံးလိုက်မှားနိုင်တာပေါ့ကွယ်”

“ဟုတ်ကဲ့ပါ၊ မှတ်သားစရာပါ ဘဘ”

“ ‘ကို’ အကြောင်းပြောလို့ နိုင်ငံတော်သမ္မတရုံးကထုတ်တဲ့ ရာထူးခန့်အမိန့်တွေမှာ ‘ကို’ ကို တစ်သမတ်တည်းသုံးနေတာ သတိထားမိတယ်။ ‘ဦးမောင်မောင် ကို အမြဲတမ်းအတွင်းဝန်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်’၊ ‘ဦးထွန်းထွန်း ကို ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်’ဆိုတာမျိုးလေ။ ရှေးမြန်မာစာပေတွေထဲက ‘မဟာသမ္မတကို မင်းမြှောက်သည်’ဆိုတဲ့ အသုံးမျိုးပါပဲ။ ‘ကို’ကို တစ်သမတ်တည်း သုံးလို့ရပါတယ်”

“ဟုတ်ကဲ့ပါ”

“ကဲ... သမီးရေ ‘နိုင်ငံတော်အလံအား အလေးပြုကြသည်’လို့ စာစကားနဲ့ရေးတာ မှန်ပေမဲ့ အပြောစကားနဲ့ အမိန့်ပေးရင်တော့ ‘နိုင်ငံတော်အလံကို အလေးပြု’လို့ အမိန့်ပေးမှအသုံးမှန်မယ်ဆိုတာနဲ့ပဲ နိဂုံးချုပ်ကြစို့ကွယ်”။ ॥

# ၂၀၂၀ ပြည့်နှစ်၊ ဝင်ငွေခွန်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

**ဇယား ၁**

**အခွန်နှုန်းများ**

( ပုဒ်မ ၁၂ နှင့် ပုဒ်မ ၁၃ )

၁။ တစ်ဦးချင်းပုဂ္ဂိုလ်များအတွက် သတ်မှတ်သည့် ဝင်ငွေခွန်နှုန်းများမှာ အောက်ပါအတိုင်း ဖြစ်သည် -

| စဉ် | အခွန်စည်းကြပ်ရန်ဝင်ငွေ (ကျပ်) | | အခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| ၁ | ၁ | ၂,၀၀၀,၀၀၀ | ၀ % |
| ၂ | ၂,၀၀၀,၀၀၁ | ၅,၀၀၀,၀၀၀ | ၅ % |
| ၃ | ၅,၀၀၀,၀၀၁ | ၁၀,၀၀၀,၀၀၀ | ၁၀ % |
| ၄ | ၁၀,၀၀၀,၀၀၁ | ၂၀,၀၀၀, ၀၀၀ | ၁၅ % |
| ၅ | ၂၀,၀၀၀,၀၀၁ | ၃၀,၀၀၀,၀၀၀ | ၂၀ % |
| ၆ | ၃၀,၀၀၀,၀၀၁ နှင့်အထက် | | ၂၅ % |

၂။ ကုမ္ပဏီအတွက် ဝင်ငွေခွန်နှုန်းမှာ ၂၅ ရာခိုင်နှုန်း ဖြစ်သည်။

၃။ ရန်ကုန်စတော့အိတ်ချိန်းစာရင်းဝင် အများပိုင်ကုမ္ပဏီများဖြစ်ပါက ဝင်ငွေခွန်နှုန်းမှာ ၂၀ ရာခိုင်နှုန်းဖြစ်သည်။

၄။ အမွေပုံပစ္စည်းအတွက် ဝင်ငွေခွန်နှုန်းမှာ ၁၀ ရာခိုင်နှုန်း ဖြစ်သည်။

၅။ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ်(၂) အရ ဝင်ငွေခွန်နှုန်းများမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) အာမခံပရီမီယံတစ်ရပ်အတွက် ၅ ရာခိုင်နှုန်း၊

( ခ ) အတိုး၊ ခိုင်ကြေး၊ နှစ်ကြေး၊ စီမံခန့်ခွဲမှုအခ၊ နည်းပညာအခ အတွက် ၁၅ ရာခိုင်နှုန်း၊

( ဂ ) ဖျော်ဖြေသူတစ်ဦး သို့မဟုတ် ဖျော်ဖြေသူအုပ်စုတစ်စုသို့ ပေးချေသည့် ငွေကြေးပမာဏအတွက် ၁၅ ရာခိုင်နှုန်း၊

(ဃ) ဇယား ၃၊ အပိုင်း ( ၅ )၊ အပိုဒ် (၁) ၊ အပိုဒ်ခွဲ (က) အရ အကျိုးအမြတ်မယူသည့် အဖွဲ့ အစည်း သို့မဟုတ် ယခင်တည်ရှိခဲ့သည့် အကျိုးအမြတ်မယူသည့် အဖွဲ့အစည်းက ကင်းလွတ်ခွင့်ပြုထားသည့် ဝင်ငွေမှပေးချေသည့် အမြတ်ဝေစုအတွက် ၁၅ ရာခိုင်နှုန်း၊

( င ) အခြားမည်သည့် အမြတ်ဝေစုအတွက်မဆို ၁၅ ရာခိုင်နှုန်း။

၆။ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (က) အရ အခြေပစ္စည်းမှ မြတ်စွန်းခွန်နှုန်းသည် ၁၀ ရာခိုင်နှုန်း ဖြစ်သည်။

**ဇယား ၂**

**ငွေကြေးမဟုတ်သည့် အကျိုးခံစားခွင့်များ၏ တန်ဖိုး**

[ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် ( ၂ ) ]

၁။ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ ဝန်ထမ်းတစ်ဦး၏ အလုပ်အကိုင်မှ ဝင်ငွေတွင် ပါဝင်သည့် ငွေသားမဟုတ်သည့် အကျိုးခံစားခွင့် တစ်ရပ်၏ တန်ဖိုးကို ဤဇယားနှင့်အညီ သတ်မှတ်ရမည်။

၂။ ငွေသားမဟုတ်သည့် အကျိုးခံစားခွင့်တစ်ရပ်၏ တန်ဖိုးသည် ယင်းအကျိုးခံစားခွင့်ကို ပေးအပ်သည့် လစာကာလရှိ အလုပ်အကိုင်မှ ဝင်ငွေတွင် ပါဝင်သည်။

**ကြွေးမြီလျှော်ပေးသည့် အကျိုးခံစားခွင့်**

၃။ အလုပ်ရှင်တစ်ဦးက ဝန်ထမ်းတစ်ဦး ယင်းအလုပ်ရှင်ထံ ပေးချေရန် သို့မဟုတ် ပြန်လည်ပေးဆပ်ရန် ငွေကြေးပမာဏတစ်ရပ်အတွက် တာဝန်ရှိမှုကို လျှော်ပေးလိုက်ခြင်းသည် ကြွေးမြီလျှော်ပေးသည့် အကျိုးခံစားခွင့် ဖြစ်သည်။

၄။ ကြွေးမြီလျှော်ပေးသည့် အကျိုးခံစားခွင့်တစ်ရပ်၏ တန်ဖိုးသည် လျှော်ပေးလိုက်သည့် ငွေကြေးပမာဏ ဖြစ်သည်။

**နေအိမ်ဝန်ထမ်း ခန့်ထားပေးသည့် အကျိုးခံစားခွင့်**

၅။ အလုပ်ရှင်တစ်ဦးက ဝန်ထမ်းတစ်ဦးအတွက် ထောက်ပံ့ပေးသည့် နေအိမ်ဝန်ထမ်းများ၏ ဝန်ဆောင်မှုသည် နေအိမ်ဝန်ထမ်းခန့်ထားပေးသည့် အကျိုးခံစားခွင့်ဖြစ်သည်။

၆။ လစာကာလတစ်ရပ်အတွက် နေအိမ်ဝန်ထမ်း ခန့်ထားပေးသည့် အကျိုးခံစားခွင့် တစ်ရပ်၏တန်ဖိုးသည် ယင်းနေအိမ်ဝန်ထမ်းအား ယင်းလစာကာလတွင် ယင်းဝန်ထမ်းအတွက် ဆောင်ရွက်ပေးခဲ့သည့် ဝန်ဆောင်မှုများ အတွက် ပေးချေသည့် စုစုပေါင်းအလုပ်အကိုင်ဆိုင်ရာ ဝင်ငွေအနက်မှ ယင်းဝန်ထမ်းက ထိုဝန်ဆောင်မှုများအတွက် ပေးချေခဲ့မှုမှန်သမျှကို နုတ်ယူထားသည့် ငွေကြေးပမာဏဖြစ်သည်။

**အိမ်ရာဆိုင်ရာ အကျိုးခံစားခွင့်**

၇။ အလုပ်ရှင်တစ်ဦးက ဝန်ထမ်းတစ်ဦးသို့ ပေးအပ်သည့် နေထိုင်ရန်နေရာ သို့မဟုတ် အိမ်ရာသည် အိမ်ရာဆိုင်ရာ အကျိုးခံစားခွင့်ဖြစ်သည်။

၈။ အလုပ်ရှင်တစ်ဦးက ဝန်ထမ်းတစ်ဦးသို့ ပေးအပ်သည့် အိမ်ရာဆိုင်ရာ အကျိုးခံစားခွင့်တစ်ရပ်၏ လစာကာလတစ်ရပ်အတွက် တန်ဖိုးသည် ယင်းကာလတွင် ယင်းနေထိုင်ရန်နေရာ သို့မဟုတ် အိမ်ရာကို အလုပ်ရှင် သို့မဟုတ် တွဲဖက်လုပ်ကိုင်သူတစ်ဦးက ပိုင်ဆိုင်ခြင်းဖြစ်ပါက ယင်းနေထိုင်ရန် နေရာ သို့မဟုတ် အိမ်ရာ၏ ယင်းလစာကာလအတွက် ပြင်ပဈေးကွက် ပေါက်ဈေးဖြစ်သည့် ငှားရမ်းခမှ ယင်းဝန်ထမ်းက ထိုနေထိုင်ရန်နေရာ သို့မဟုတ် အိမ်ရာအတွက် ပေးချေမှုမှန်သမျှကို နုတ်ပယ်ထားသည့် ငွေကြေးပမာဏ ဖြစ်သည်။

၉။ အလုပ်ရှင်တစ်ဦးက ဝန်ထမ်းတစ်ဦးသို့ ပေးအပ်သည့် အိမ်ရာဆိုင်ရာ အကျိုးခံစားခွင့်တစ်ရပ်၏ လစာကာလတစ်ရပ်အတွက် တန်ဖိုးသည် ယင်း ကာလတွင် ယင်းအလုပ်ရှင်က ထိုနေထိုင်ရန်နေရာ သို့မဟုတ် အိမ်ရာကို ငှားရမ်းရယူထားခြင်းဖြစ်ပါက ယင်းအလုပ်ရှင်က ထိုနေထိုင်ရန်နေရာ သို့မဟုတ် အိမ်ရာအတွက် ယင်းလစာကာလအတွက်ပေးချေသည့်ငှားရမ်းခမှ ယင်းဝန်ထမ်း က ထိုနေထိုင်ရန်နေရာ သို့မဟုတ် အိမ်ရာအတွက် ပေးချေမှုမှန်သမျှကို နုတ်ပယ် ထားသည့် ငွေကြေးပမာဏဖြစ်သည်။

**ချေးငွေအပေါ် အတိုးနှုန်းလျှော့ပေါ့သည့် အကျိုးခံစားခွင့်**

၁၀။ အပိုဒ် ၁၂ နှင့် မဆန့်ကျင်စေဘဲ အလုပ်ရှင်တစ်ဦးက ဝန်ထမ်းတစ်ဦးသို့ ပေးအပ်သည့် ချေးငွေ တစ်ရပ်အတွက် အတိုးနှုန်းသည် ဈေးကွက်ရှိ ချေးငွေဆိုင်ရာအတိုးနှုန်းအောက် လျှော့နည်းနေပါက ချေးငွေအပေါ် အတိုးနှုန်း လျှော့ပေါ့သည့် အကျိုးခံစားခွင့်ဖြစ်သည်။

၁၁။ လစာကာလတစ်ရပ်အတွက် ချေးငွေအပေါ် အတိုးနှုန်းလျှော့ပေါ့သည့် အကျိုးခံစားခွင့်တစ်ရပ်၏ တန်ဖိုးသည် ယင်းဝန်ထမ်းက ထိုလစာကာလအတွက် ယင်းချေးငွေအပေါ် ပေးချေသည့် အတိုးနှုန်း (ရှိပါက)နှင့် ထိုချေးငွေကို ထိုလစာကာလအတွက် ဈေးကွက်ရှိ ချေးငွေဆိုင်ရာ အတိုးနှုန်းဖြင့် ချေးယူခဲ့ခြင်းဖြစ်ပါက ယင်းဝန်ထမ်းက ထိုလစာကာလအတွက် ထိုချေးငွေအပေါ်ပေးချေခဲ့မည် ဖြစ်သည့် အတိုးနှုန်းတို့ နှစ်ရပ်အကြား ခြားနားမှုဖြစ်သည်။

၁၂။ ယင်းဝန်ထမ်းသည် ချေးငွေဆိုင်ရာ ငွေကြေးများကို စည်းကြပ်ထိုက်သော ဝင်ငွေတွင် ပါဝင်သည့် ငွေကြေးပမာဏကိုရရှိရန် အသုံးပြုသည့် အတိုင်းအတာ အထိ အပိုဒ် ၁၀ သည် အကျိုးသက်ရောက်ခြင်း မရှိစေရ။

**မော်တော်ယာဉ်ဆိုင်ရာ အကျိုးခံစားခွင့်**

၁၃။ အလုပ်ရှင်တစ်ဦးက ဝန်ထမ်းတစ်ဦးအား ယင်းဝန်ထမ်း၏ ကိုယ်ရေးကိုယ်တာအတွက် အပြည့်အဝဖြစ်စေ တစ်စိတ်တစ်ပိုင်းဖြစ်စေ အသုံးပြုရန် ပေးအပ်သည့် မော်တော်ယာဉ်တစ်စီးသည် မော်တော်ယာဉ်ဆိုင်ရာ အကျိုးခံစား ခွင့်ဖြစ်သည်။

၁၄။ အပိုဒ် ၁၅ နှင့် အပိုဒ် ၁၆ တို့နှင့် မဆန့်ကျင်စေဘဲ မော်တော်ယာဉ်ဆိုင်ရာ အကျိုးခံစားခွင့်တစ်ရပ်၏ လစာကာလတစ်ရပ်အတွက် တန်ဖိုးသည် အောက်ပါ ပုံသေနည်းအရ တွက်ချက်သည့် ငွေကြေးပမာဏဖြစ်သည် -

$$\frac{A \times 20\ \%}{B}$$

ယင်းတွင် -

A သည် ယင်းအလုပ်ရှင်က ယင်းမော်တော်ယာဉ်ကို ရယူခြင်းအတွက် ကုန်ကျစရိတ် သို့မဟုတ် မော်တော်ယာဉ်သည် ယင်းအလုပ်ရှင်က ငှားရမ်းယူထားခြင်းဖြစ်ပါက ငှားရမ်းမှု စတင်ချိန်တွင်ရှိသည့် ယင်းမော်တော်ယာဉ်၏ ပြင်ပဈေးကွက်ပေါက်ဈေးဖြစ်သည်၊

B သည် ယင်းဝန်ထမ်း၏ အခွန်နှစ်တစ်နှစ်အတွက် လစာကာလများ၏ အရေအတွက် ဖြစ်သည်။

၁၅။ မော်တော်ယာဉ်ဆိုင်ရာ အကျိုးခံစားခွင့်တစ်ရပ်၏ တန်ဖိုးသည် အပိုဒ် ၁၄ အရ တွက်ချက်ရရှိသည့်ပမာဏမှ အောက်ပါတို့ကို နုတ်ယူထားသည့် ငွေကြေးပမာဏဖြစ်သည် -

(က) ယင်းဝန်ထမ်းက ယင်းမော်တော်ယာဉ်ကို အသုံးပြုမှုအတွက် သို့မဟုတ် ထိန်းသိမ်းမှုနှင့် အသုံးပြုမှုဆိုင်ရာ ကုန်ကျစရိတ်များ အတွက် ပြုလုပ်သည့် မည်သည့်ပေးချေမှုမဆို၊

( ခ ) ယင်းဝန်ထမ်းက ယင်းမော်တော်ယာဉ်ကို အလုပ်အကိုင်ကိစ္စ ဆောင်ရွက်ရာ၌ အသုံးပြုသည့် အချိုးအစား (ရှိပါက)၊

(ဂ) ယင်းဝန်ထမ်းအား ယင်းမော်တော်ယာဉ်ကို ကိုယ်ရေးကိုယ်တာ အသုံးပြုရန် ပေးအပ်ထားခြင်းမရှိသည့် လစာကာလ၏ အချိုးအစား (ရှိပါက)။

၁၆။ ဤဇယားရှိ ဝန်ထမ်းတစ်ဦးထံသို့ ကိုယ်ရေးကိုယ်တာ အသုံးပြုရန် ပေးအပ်ထားသည့် မော်တော်ယာဉ်တစ်စီးအား ရည်ညွှန်းချက်တွင် ဝန်ထမ်း တစ်ဦး ကိုယ်ရေးကိုယ်တာ အသုံးပြုရန် အသင့်ထားရှိပေးစေကာမူ ယင်းဝန်ထမ်းက တစ်စုံတစ်ရာသောနေ့ရက်တွင် ကိုယ်ရေးကိုယ်တာအတွက် အမှန်တကယ် အသုံးပြုခြင်းမရှိသည့် မော်တော်ယာဉ်တစ်စီး ပါဝင်သည်။

**ကိုယ်ရေးကိုယ်တာ အသုံးစရိတ်ဆိုင်ရာ အကျိုးခံစားခွင့်**

၁၇။ အလုပ်ရှင်တစ်ဦးက ပေးအပ်သည့် အသုံးစရိတ်သည် ဝန်ထမ်းတစ်ဦး အတွက် ကိုယ်ရေးကိုယ်တာ အကျိုးခံစားခွင့်တစ်ရပ်ကို ပေါ်ပေါက်စေသည့် အတိုင်းအတာအထိ ကိုယ်ရေးကိုယ်တာ အသုံးစရိတ်ဆိုင်ရာ အကျိုးခံစားခွင့်ဖြစ် သော်လည်း အလုပ်ရှင်တစ်ဦးက ပေးအပ်သည့် အသုံးစရိတ်သည် ဤဇယား၏ အပိုဒ် ၂၃ မှလွဲ၍ အခြားအပိုဒ်တစ်ခုအရ ဝန်ထမ်းတစ်ဦး၏ ငွေသားမဟုတ်သည့် အကျိုးခံစားခွင့်တစ်ရပ်ဖြစ်ပါက ယင်းအသုံးစရိတ် ပါဝင်ခြင်းမရှိစေရ။

၁၈။ ကိုယ်ရေးကိုယ်တာ အသုံးစရိတ်ဆိုင်ရာ အကျိုးခံစားခွင့်တစ်ရပ်၏ တန်ဖိုးသည် အပိုဒ် ၁၇ အရ ကိုယ်ရေးကိုယ်တာ အသုံးစရိတ်ဆိုင်ရာ အကျိုး ခံစားခွင့်တစ်ရပ်အဖြစ် မှတ်ယူသည့် အသုံးစရိတ်ပမာဏ ဖြစ်သည်။

**ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများဆိုင်ရာ အကျိုးခံစားခွင့်**

၁၉။ အလုပ်ရှင်တစ်ဦးက ဝန်ထမ်းတစ်ဦးသို့ ပစ္စည်းလွှဲပြောင်းခြင်း သို့မဟုတ် ဝန်ဆောင်မှုများ ပေးအပ်ခြင်းသည် ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများဆိုင်ရာ အကျိုးခံစားခွင့်ဖြစ်သည်။

၂၀။ အပိုဒ် ၂၁ နှင့် မဆန့်ကျင်စေဘဲ ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများဆိုင်ရာ အကျိုးခံစားခွင့်၏ တန်ဖိုးသည် အောက်ပါတစ်ရပ်ရပ်ဖြစ်သည် -

(က) ယင်းအလုပ်ရှင်သည် တူညီသည့်ပိုင်ဆိုင်မှု သို့မဟုတ် ဝန်ဆောင် မှုများကို ဖောက်သည်များအား ပုံမှန်လုပ်ငန်းဆောင်ရွက်မှု နည်းလမ်းဖြင့် ထောက်ပံ့ပေးလျှင် ယင်းပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ၏ ပုံမှန်ရောင်းဈေး၏ ၇၅%၊

( ခ ) အခြားမည်သည့်ကိစ္စတွင်မဆို အလုပ်ရှင်က ယင်းပစ္စည်းကို ရယူခြင်းအတွက် ကုန်ကျစရိတ် သို့မဟုတ် ဝန်ဆောင်မှုများ ပေးအပ်ခြင်းအတွက် ကျခံရသည့် အသုံးစရိတ်။

၂၁။ အပိုဒ် ၂၀ အရ သတ်မှတ်သည့် ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများဆိုင်ရာ အကျိုးခံစားခွင့်၏ တန်ဖိုးသည် ယင်းပမာဏမှ ယင်းဝန်ထမ်းက ထိုပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများအတွက် ပြုလုပ်သည့် မည်သည့်ပေးချေမှုကိုမဆို နုတ်ပယ်ထားသည့် ငွေကြေးပမာဏဖြစ်သည်။

၂၂။ အပိုဒ် ၂၀၊ အပိုဒ်ခွဲ (က) ၏ ရည်ရွယ်ချက်များအလို့ငှာ ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများဆိုင်ရာ အကျိုးခံစားခွင့်သည် လေကြောင်းလိုင်းလုပ်ငန်း လုပ်ကိုင်သူဖြစ်သည့် အလုပ်ရှင်တစ်ဦးက အခမဲ့ သို့မဟုတ် လျှော့နှုန်းဖြင့် ပေးအပ်သည့် လေကြောင်းခရီးသွားလာခွင့်ဖြစ်လျှင် ပုံမှန်ဈေးနှုန်းသည် လေကြောင်းခရီးသွားလာမှုအတွက် ယင်းအလုပ်ရှင်က ပုံမှန်သတ်မှတ်ထား သည့် ရိုးရိုးတန်း ဈေးနှုန်းဖြစ်သည်။

**ကြွင်းကျန်သည့် အကျိုးခံစားခွင့်များ**

၂၃။ အလုပ်ရှင်တစ်ဦးက ဝန်ထမ်းတစ်ဦးသို့ ပေးအပ်သည့် ငွေသားမဟုတ် သည့် အကျိုးခံစားခွင့်တစ်ရပ်ကို ဤဇယားရှိ အခြားအပိုဒ်တစ်ခုနှင့် အကျုံးဝင်ခြင်းမရှိလျှင် ယင်းသည် ကြွင်းကျန်သည့် အကျိုးခံစားခွင့် ဖြစ်သည်။

၂၄။ ကြွင်းကျန်သည့် အကျိုးခံစားခွင့်တစ်ရပ်၏ တန်ဖိုးသည် ယင်းအကျိုး ခံစားခွင့်ကို ပေးအပ်သည့်အချိန်၌ သတ်မှတ်သည့် ပြင်ပဈေးကွက်ပေါက်ဈေးမှ ဝန်ထမ်းက ယင်းအကျိုးခံစားခွင့်အတွက် ပြုလုပ်သည့် မည်သည့်ပေးချေမှု ကိုမဆို နုတ်ယူထားသည့် ငွေကြေးပမာဏဖြစ်သည်။

**အဓိပ္ပာယ်ဖွင့်ဆိုချက်များ**

၂၅။ ဤဇယားတွင် -

(က) **“နေအိမ်ဝန်ထမ်း”** ဆိုသည်မှာ နေအိမ်ကို ထိန်းသိမ်း စောင့်ရှောက်သူ၊ ထမင်းချက်၊ ယာဉ်မောင်း၊ ဥယျာဉ်မှူး၊ လုံခြုံရေးဝန်ထမ်း၊ သို့မဟုတ် အခြားအိမ်အကူ ကိုဆိုသည်။

( ခ ) လတစ်လနှင့်စပ်လျဉ်း၍ **“ဈေးကွက်ရှိ ချေးငွေဆိုင်ရာ အတိုးနှုန်း”** ဆိုသည်မှာ အောက်ပါတစ်ရပ်ရပ်ကို ဆိုသည် -

(၁) အလုပ်ရှင်သည် စီးပွားဖြစ်ဆောင်ရွက်သည့် ဘဏ်တစ်ခု ဖြစ်ပါက အဆိုပါလအတွင်း မြန်မာနိုင်ငံတော် ဗဟိုဘဏ် က စီးပွားဖြစ်လုပ်ကိုင်သည့် ဘဏ်များသို့ ခွင့်ပြုပေးသည့် ချေးငွေများနှင့် တစ်ဆင့်လျှော့နှုန်းချေးငွေ (rediscount facilities) များ အပေါ်တွင် အတိုးနှုန်း၊

(၂) အခြားမည်သည့်အလုပ်ရှင်အတွက်မဆို အဆိုပါလအတွင်း မြန်မာနိုင်ငံတွင် တည်ရှိနေသည့် စီးပွားဖြစ်ချေးငှားသည့် အနိမ့်ဆုံး အတိုးနှုန်း။

( ဂ ) **“မော်တော်ယာဉ်”** ဆိုသည်မှာ တစ်တန်အောက်ဝန်နှင့် ခရီးသည် ကိုးဦးအောက်ကို သယ်ဆောင်ရန် ရည်ရွယ်ထုတ်လုပ်ထားသည့် မော်တော်ယာဉ်တစ်စီး ကိုဆိုသည်။

(ဃ) ဝန်ထမ်းတစ်ဦးနှင့် စပ်လျဉ်း၍ **“လစာကာလ”** ဆိုသည်မှာ အောက်ပါတစ်ရပ်ရပ်ကို ဆိုသည် -

(၁) ယင်းဝန်ထမ်းကို လစာ လစဉ်ပေးချေပါက ပြက္ခဒိန်လ တစ်လ၊

(၂) ယင်းဝန်ထမ်းကို လစာနှစ်လတစ်ကြိမ် ပေးချေပါက နှစ်လတာကာလ၊

(၃) ယင်းဝန်ထမ်းကို လစာ နှစ်ပတ်တစ်ကြိမ် ပေးချေပါက နှစ်ပတ်တာကာလ၊

(၄) ယင်းဝန်ထမ်းကို လစာ အပတ်စဉ် ပေးချေပါက တစ်ပတ် တာကာလ၊

(၅) ယင်းဝန်ထမ်းကို အထက်ပါ အပိုဒ် (က) မှ (ဃ) အထိတွင် သတ်မှတ်ထားသည့် ကာလများမဟုတ်သည့် ကာလ တစ်ရပ်အတွက် ပေးချေပါက ထိုအခြား ကာလ။

( င ) **“ဝန်ဆောင်မှုများ”** ဆိုရာတွင် ပစ္စည်းကို အသုံးပြုခြင်းနှင့် မည်သည့်အဆောက်အအုံ ကိုမဆို ရရှိအသုံးပြုနိုင်စေခြင်းလည်း ပါဝင်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

## ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော်ကြီး၏ ရွှေသင်္ကန်းကပ်လှူရာတွင် ကမ္ပည်းထိုးလှူဒါန်းထားသည့် အလှူရှင်များသိစေရန် ကြေညာချက်

ညောင်ဦးမြို့ အုံ့ဖွယ်ကိုးစုံ ရွှေစည်းခုံစေတီတော်ကြီး၏ အောက်ခြေရှိ ရွှေပန်းအိုး/ခိုင်များ၊ မီးထွန်းမုခ်စေတီများ၊ ကြေးဂူတိုက်အထွတ်စေတီ သုံးဆူတို့ကို ရွှေသင်္ကန်းကပ်လှူရာတွင် ကုန်ကျစရိတ်ကို စေတီတော်ဘဏ္ဍာတော်ငွေမှ စိုက်ထုတ်သုံးစွဲခဲ့ပြီး ၁၅-၉-၂၀၁၉ ရက်တွင် လုပ်ငန်းဆောင်ရွက်ပြီးစီးခဲ့ပါသည်။

သို့ပါ၍ ရွှေပန်းအိုး/ခိုင်များ၊ မီးထွန်းမုခ်စေတီများ၊ ကြေးဂူတိုက်အထွတ်စေတီသုံးဆူတို့၏ ယခင်အလှူရှင်များအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီ၏ ကုန်ကျစရိတ် အလှူငွေများကို လှူဒါန်းနိုင်ပါရန် အလှူရှင်များအား အသိပေးကြေညာအပ်ပါသည်။ လှူဒါန်းလိုပါက ဂေါပကအဖွဲ့ရုံးသို့ ၃၁-၁၀-၂၀၂၀ရက် နောက်ဆုံးထား ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။ ဆက်သွယ်တင်ပြခြင်းမရှိပါက အခြားလှူဒါန်းလိုသော အလှူရှင်များသို့ လွှဲပြောင်းပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ရွှေစည်းခုံစေတီတော်**
**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**
ဖုန်း-၀၉-၂၀၄၃၅၄၈၊ ၀၉-၂၀၄၃၉၀၉၊ ၀၆၁-၂၄၆၀၈၂၅

## ရန်ကုန်မြို့တော်စည်ပင်၏ MY CITY APP နှင့် ရန်ကုန်မြို့တော်ဘဏ်၏ CITY PAY

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဝန်ဆောင်မှုများအား Mobile Application ဖြစ်သော MY CITY APP ကို အသုံးပြု၍ Smart Phone ဖြင့် တစ်နေရာတည်းမှ တစ်စုတစ်စည်းတည်း အလွယ်တကူရယူ ပေးဆောင်နိုင်တော့မည် ဖြစ်ပါသည်။ စက်မှုဇုန်အမှိုက်သိမ်းဝန်ဆောင်မှု၊ ဆေးရုံ ဆေးခန်း အမှိုက်သိမ်းဝန်ဆောင်မှု၊ ရေပုပ်စုပ်ယာဉ် ဝန်ဆောင်မှုအစရှိသော ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ၏ ဝန်ဆောင်မှုများအား MY CITY APP ဖြင့် On Call ခေါ်ယူဆောင်ရွက်နိုင်မည် သာမက အဆောက်အဦဆောက်လုပ်ခွင့် (YBPS) ပါမစ်ဝန်ဆောင်ခ၊ ရေသွယ်ယူခွင့် (Water Connection) ဝန်ဆောင်ခအစရှိသော အခွန်အခများပေးသွင်းမှုအတွက် ငွေပေးချေမှုများကိုပါ တစ်ပါတည်းဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

ငွေကြေးပေးချေခြင်းများကို အလွယ်တကူဆောင်ရွက်နိုင်ရန် ရန်ကုန်မြို့တော်ဘဏ်၏ City Pay Mobile Wallet ကိုပါ MY CITY APP တွင် ထည့်သွင်းချိတ်ဆက်ထားပြီး ဖြစ်ပါသည်။ Yangon City Bank (ရန်ကုန် မြို့တော်ဘဏ်)တွင် CITY PAY Wallet Account ဖွင့်လှစ်၍ Wallet Top-up ပြုလုပ်ခြင်း၊ Wallet to Wallet ငွေလွှဲပြောင်းခြင်း၊ Bill ပေးချေခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်ပြီး Wallet Top-Up ငွေဖြည့်ခြင်းကို Yangon City Bank (ရန်ကုန်မြို့တော်ဘဏ်)၊ CB Pay၊ UAB Bank ၏ Sai Sai Pay တို့မှတစ်ဆင့် ပေးသွင်းနိုင်ပြီး မိတ်ဖက် Digital Channel ဖြစ်သည့် OK$ မှတစ်ဆင့်လည်း ပေးသွင်းနိုင်မည် ဖြစ်ပါသည်။

MY CITY APP ကို အသုံးပြုခြင်းဖြင့် ကော်မတီ၏ ဝန်ဆောင်မှုများနှင့် အခွန်အခများကို Smart Phone အသုံးပြု၍ နေ့ညအချိန်မရွေး ပေးသွင်းနိုင်ခြင်း၊ ကော်မတီ၏ စည်ပင်သာယာရေးဆိုင်ရာ ဝန်ဆောင်မှုများကို လွယ်ကူရိုးရှင်းစွာဖြင့် ရယူအသုံးပြုနိုင်ခြင်းစသည့် အကျိုးကျေးဇူးများစွာ ရရှိနိုင် မည်ဖြစ်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ MY CITY APP အား Play Store တွင် Download ရယူအသုံးပြုနိုင်ပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ အရာတော်မြို့နယ်၊ ချင်ပင်အုပ်စု၊ ချင်ပင်ကျေးရွာ အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မောင် ငြိမ်းချမ်း၏ ဖခင် အမည်မှန်မှာ ဦးပေါ့လွှား ၅/အရတ(နိုင်)၁၀၃၃၁၈ ဖြစ်ပါကြောင်း။ **ဦးပေါ့လွှား**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9I/6959 Kenbo S/W (4x2)(L) ယာဉ်လက်ဝယ်ရှိသူ ဦးဝေဖြိုးအောင် ၁၀/သကန(နိုင်)၁၁၈၃၅၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့၊ ကောင်းချွမ် ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်ဝင်းမင်းဦး၏ ဖခင်ဦးစိုးညွန့်နိုင်၏ အမည်မှန်မှာ ဦးစိုးမြင့်နိုင် ၈/ ဆဖန(နိုင်)၀၅၄၈၁၅ ဖြစ်ပါကြောင်း။ **ဦးစိုးမြင့်နိုင်**

### ပျောက်ဆုံးကြောင်း

Puma Energy Asia Sun Co.,Ltd ၏ ED No. 200008577651(30-8-2017) နှင့် ပူးတွဲပါ Customs Clearance စာရွက်စာတမ်းမူရင်းတို့မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် အသိပေးကြေညာအပ်ပါသည်။ **ဖုန်း-၀၉-၄၂၈၂၀၀၄၅၁**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2L/9137 Toyota NOAH AZR60 Mini Van ယာဉ်လက်ဝယ်ရှိသူ ဦးရဲမျိုးထွဋ် ၁၂/ဥကတ(နိုင်)၁၆၄၉၃၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ပျောက်ဆုံးကြောင်း

Asia Sun Trading Co.,Ltd ၏ ED No. 200003037410(3-3-2017) နှင့် ပူးတွဲပါ Customs Clearance စာရွက်စာတမ်းမူရင်းတို့မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် အသိပေးကြေညာအပ်ပါသည်။ **ဖုန်း-၀၉-၄၂၈၂၀၀၄၅၁**

### ပျောက်ဆုံးကြောင်း

Asia Sun Energy Co.,Ltd ၏ ED No. 200003038700(3-3-2017) နှင့် ပူးတွဲပါ Customs Clearance စာရွက်စာတမ်းမူရင်းတို့မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် အသိပေးကြေညာအပ်ပါသည်။ **ဖုန်း-၀၉-၄၂၈၂၀၀၄၅၁**

## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့ (၈)၊ ဖောင်းပြင်မြို့မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မင်းကင်း-ကနီ-တောင်တွင်းချောင်လမ်း ကျောက်စရစ်ရောမြေ အမာခံလမ်းခင်းခြင်းလုပ်ငန်းတွင် လိုအပ်သော ဒီဇယ်ဆီများအား လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

| | |
|---|---|
| တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက် | - ၁၀-၈-၂၀၂၀ရက်မှစ၍ ရုံးချိန်အတွင်း |
| တင်ဒါပုံစံ ရောင်းချမည့်နေရာ | - ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းအထူးအဖွဲ့(၈)၊ဖောင်းပြင်မြို့ |
| တင်ဒါလျှောက်လွှာ အရောင်းပိတ်မည့်ရက် | - ၂၄-၈-၂၀၂၀ရက် (တနင်္လာနေ့) ညနေ ၄နာရီ |
| တင်ဒါဖွင့်မည့်ရက် | - ၂၅-၈-၂၀၂၀ရက် (အင်္ဂါနေ့) မွန်းလွဲ ၁:၃၀နာရီ |
| တင်ဒါဖွင့်မည့်နေရာ | - ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းအထူးအဖွဲ့(၈)၊ဖောင်းပြင်မြို့ |

အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ဖောင်းပြင်မြို့**
**ဖုန်း-၀၉-၂၅၅၈၃၇၅၆၇၊**
**၀၉-၂၅၇၁၅၃၅၆၁၊**
**၀၉-၂၅၃၂၇၄၉၄၂**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8C/4886 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **ကညန၊(နေပြည်တော်)**

### ဖခင်အမည်မှန်

သထုံမြို့နယ်၊ အထက(ခွဲ) ဒေးဗရိန်း Grade- 10(B)မှ မသဇင်မိုး၏ ဖခင်အမည်မှန်မှာ စောမြင့်အောင် ၁၀/သထန(နိုင်)၂၃၅၁၂၁ ဖြစ်ပါကြောင်း။ **စောမြင့်အောင်**

### မိခင်အမည်မှန်

ဟသ်ာတမြို့ အထက(၃) Grade-11 (A)သင်ရိုးဟောင်းမှ မောင်ခန့်ရာဇာ၏ မိခင်အမည် မှန်မှာ ဒေါ်စိုး ၁၄/ဟသတ(နိုင်)၀၄၅၄၇၄ ဖြစ်ပါသည်။ **ဒေါ်စိုး**

### ဖခင်အမည်မှန်

သထုံမြို့နယ်၊ အထက(၄) တက္ကသိုလ်ဝင်တန်း (B 2)မှ မထက်နန္ဒာဇင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်စိန် ၁၀/သထန (နိုင်)၂၀၉၈၂၂ ဖြစ်ပါကြောင်း။ **ဦးမြင့်စိန်**

### မိခင်အမည်မှန်

ဟသ်ာတမြို့ အထက(၃) Grade-10 (B) သင်ရိုးသစ်မှ မောင်သီဟအောင်၏ မိခင်အမည်မှန်မှာ ဒေါ်စမ်းစမ်းဦး ၁၀/သတန(နိုင်)၀၀၇၆၀၁ ဖြစ်ပါသည်။ **ဒေါ်စမ်းစမ်းဦး**

### ဖခင်အမည်မှန်

ချောင်းဆုံမြို့နယ်၊ အထက (ကမာကေး) တက္ကသိုလ်ဝင်တန်းမှ မောင်ပြည့်စုံ၏ ဖခင်အမည်မှန်မှာ ဦးမောင်ဇော် ၁၀/ရမန (နိုင်)၀၁၅၆၈၆ ဖြစ်ပါကြောင်း။ **ဦးမောင်ဇော်**

## အထူးကိုယ်စားလှယ်လွှဲအပ်စာ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ဦးဝိစာရလမ်း၊ အမှတ်(၂၉)နေ ကျွန်တော် ဦးကျော်ဝင်း ၁၂/ကမရ(နိုင်) ၀၄၆၁၂၅မှ ဒေါ်ထွန်းသီတာဦး ၁၂/တမန (နိုင်)၀၄၇၀၉၈အား ၁၃-၈-၂၀၁၄ရက်တွင် အထူးကိုယ်စားလှယ်လွှဲစာအမှတ် (VI ၂၁၈၉၄) ဖြင့် ပေးအပ်ခဲ့သော်လည်း ယခုအခါ အထူးကိုယ်စားလှယ်လွှဲစာ အသုံးပြုရန် မလိုအပ်တော့ပါသဖြင့် ၈-၈-၂၀၂၀ရက်မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ဝင်း ၁၂/ကမရ(နိုင်)၀၄၆၁၂၅**
**ဖုန်း-၀၉-၉၇၁၃၉၀၃၃၇**

## ကန့်ကွက်နိုင်ပါကြောင်း

မုံရွာမြို့၊ ကွေ့ကြီး ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၆၇၉၊ လေ့ကူးကွေ့ကြီး)၊ ဦးပိုင်အမှတ်(၁က/၄)၊ဧရိယာ ၀ဒသမ ၁၃ ဧကရှိ မြေအား ဦးအေးလင်းသန်း အမည်ဖြင့် မြေငှားစာချုပ်(အသစ်)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန် စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်) ခွင့်ပြုမည် ဖြစ် ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော် အရာရှိ**
**မုံရွာခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

မုံရွာမြို့၊ ချမ်းမြဝတီရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၃/၄ သလ္လာမြို့သစ်)၊ဦးပိုင်အမှတ်(၁၃လမ်း၊၆၆)၊ဧရိယာ ၀ဒသမ ၁၁၀ ဧက အား အမှတ္တဲ့ အမှတ် ၄၇၁/၁၉၉၆ အရ (၁၂-၁၁-၁၉၉၆) မှ (၁၁-၁၁-၂၀၂၆)ထိ ဒေါ်ခြူးအမည်ဖြင့် နှစ်(၃၀) ရရှိထားသည့် ဝင်းမြေအား ဒေါ်ချိုချို လတ် အမည်ဖြင့် မြေငှားစာချုပ်(အမည်ပြောင်း)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန် စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အမည်ပြောင်း) ခွင့်ပြုမည် ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ကော်လိတ္တော် အရာရှိ**
**မုံရွာခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန**

### ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အထက-ဆင်ဖြူရပ် Grade-11 မှ မခိုင်သဉ္ဇာ၏ ဖခင်အမည်မှန်မှာ ဦးဂျမ်းရှိစ် ၁၀/ပမန(နိုင်)၁၃၇၈၁၂ ဖြစ်ပါကြောင်း။ **ဦးဂျမ်းရှိစ်**

### မွေးသက္ကရာဇ်အမှန်

ချောက်မြို့နယ်၊ ဆူးရစ်ကန်အုပ်စု၊ သုံးဆင့်ကျေးရွာနေ ဦးမြင့်သိန်း၏သား မောင်ကျော်သက် ၈/ခမန(နိုင်) ၂၀၅၁၁၉ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၀-၆-၁၉၉၆ ဖြစ်ပါကြောင်း။

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3F/4391 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကညန၊ တိုင်းရုံး(ပဲခူး)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9J/2490 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **ကညန၊ ကညန(နေပြည်တော်)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် CC/2094ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းတင်အေး ၁၃/လလန(နိုင်)၀၇၂၀၈၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းရုံး (ပဲခူး)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၃ယ/၉၅၀၉၇ ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ထွန်း MME - ၆၆၄၀၇၂ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက် အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက် အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး**
**(မော်လမြိုင်မြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် Mon /10356 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းထွန်း ၁၀/ကမရ(နိုင်)၀၅၀၂၈၈ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး**
**(မော်လမြိုင်မြို့)**

### ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့၊ သာစည်ရပ်ကွက်၊ အကွက်အမှတ် ၃၂ သာစည်အရှေ့၊ ဦးပိုင် ၂၁၃ (၀ဒသမ၀၈၂) ဧက အမည်ပေါက်သူ ဒေါ်မမလေး အမည်မှ ဦးသိန်းမြင့်(ခ)ဦးကျောက်ကိုကျွန်း ၁/ဗမန(နိုင်)၀၃၉၄၄၄ အမည်သို့ စက်မှုစီးပွားအမည်ပြောင်းမြေငှားဂရန်သစ် လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဦးသိန်းမြင့်(ခ)**
**ဦးကျောက်ကိုကျွန်း**

### ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့၊ ရွှေပြည်သာရပ်ကွက်၊ အကွက်အမှတ် ၁၆၉ ရွှေပြည်သာ၊ ဦးပိုင် ၁၀၀ (၀ဒသမ၂၃၇) ဧကရှိ မြေကွက်ကို မောင်ဦးစောနိုင် ၁၁/ကတန(နိုင်) ၀၇၅၀၇၂ သည် ၁၅နှစ်မှစတင်၍ ပိုင်ဆိုင်နေထိုင်ခဲ့ပြီး မြေငှားဂရန်သစ်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။ **မောင်ဦးစောနိုင်**

### ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့၊ ရွှေပြည်သာရပ်ကွက်၊ အကွက်အမှတ် ၁၆၉ ရွှေပြည်သာ၊ ဦးပိုင် ၇၃၄ (၀ဒသမ ၈၀၅)ဧကရှိ မြေကွက်ကို ဦးစိန်ဝင်း ၁/ဗမန(နိုင်)၀၄၁၉၄၆ သည် လွန်ခဲ့သော ၁၅နှစ်မှစတင်၍ ပိုင်ဆိုင်နေထိုင်ခဲ့ပြီး မြေငှားဂရန်သစ် လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဦးစိန်ဝင်း**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ နိဗ္ဗာန်လမ်း၊ သာစုအရှေ့ရပ်ကွက်၊ တိုက် (၂၆)၊ (၈-လွှာ/ A)(ခေါင်းရင်းခန်း)၏ ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသည့် ဦးရဲမောင်မောင် ၁၂/ ကမတ(နိုင်)၀၀၀၁၉၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မာဦး ၁၂/ ကမတ(နိုင်)၀၂၆၂၃၇ မှ အပြေအကျေ ငွေချေဝယ်ယူထားပြီး လက်ရောက်ရယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။

ယင်းတိုက်ခန်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူ မဆို ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ခိုင်လုံမှန်ကန်သော သက်သေအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့် အတူ ဤကြော်ငြာပါသည့်ရက်မှ ၁၀ ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ အဆိုပါ သတ်မှတ်ရက်ကျော်လွန်ပြီးကာလတွင် ကန့်ကွက်မှုတစ်စုံတစ်ရာ ပေါ်ပေါက် လာပါက ထည့်သွင်းစဉ်းစားမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-

**မင်းဇိုင်းဒေါင်ဇယ်**
**LLM(Hawai' i, USA); LL.B, DIPL, DBL**
**အထက်တန်းရှေ့နေ(စဉ်-၄၆၈၉၀)**
**အမှတ် ၁၉၂၊ ကမ္ဘာအေးဘုရားလမ်း၊ ရုံးခန်းတာဝါ-၁၊ အခန်း- ၈၊ ခုနစ်လွှာ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၉-၄၂၀၁၀၁၃၃၈**

## နှစ်ဦးသဘောတူ လင်မယား ကွာရှင်းပြတ်စဲပြီးကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန်ကြေညာခြင်း

ကျွန်မ ဒေါ်မျိုးမျိုးသန့် (ခ)မမျိုး ၁၄/ မအပ(နိုင်)၂၀၁၂၀၁ နှင့် ဦးမိုးသူရ (ခ)ဦးပြောင်ကြီး ၃/ သတန(နိုင်)၀၀၁၀၉၈ တို့ သည် ၄-၈-၂၀၂၀ရက်တွင် မင်္ဂလာဒုံ တရားရုံးတွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီး ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်မ ဒေါ်မျိုးမျိုး သန့်(ခ)မမျိုးနှင့် ဦးမိုးသူရ (ခ)ဦးပြောင်ကြီး ၃/သတန (နိုင်)၀၀၁၀၉၈ တို့သည် ဥပဒေအရ တစ်ဦးနှင့်တစ်ဦး ပတ်သက်ဆက်နွယ်မှု လုံးဝမရှိတော့ပါကြောင်းနှင့် လုံးဝ လုံးဝမသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ထို့အပြင်ဦးမိုးသူရ(ခ) ဦးပြောင်ကြီး အနေဖြင့် ဒေါ်မျိုးမျိုးသန့်(ခ)မမျိုးအား ကိုယ်၊ စိတ်၊ ဂုဏ်သရေ ထိခိုက်နစ်နာစေရန် ပြုမူဆောင်ရွက်လာပါက တည်ဆဲ ဥပဒေများအရ တရားစွဲ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မျိုးမျိုးသန့်(ခ) မမျိုး၊ ၁၄/မအပ(နိုင်)၂၀၁၂၀၁**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၃/၂၀၂၀)

၁။ ယခင်မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းကြီးကြပ်မှုအောက်ရှိ ချောက်ပင်မဌာနကြီး၊ ပုသိမ်/ထားဝယ်/မြိတ်/မြစ်ကြီးနား/ဗန်းမော်/လားရှိုး/သီပေါ/ကျိုင်းတုံဌာနခွဲ၊ ဟသ်ာတ/ကွမ်းလုံ/မအူပင်/နောင်ချိုစခန်းနှင့် နေပြည်တော်/ဘားအံ/ဟားခါး/ပဲခူး/ဟင်းငုတ်ပင်အရောင်းဆိုင်တို့ရှိ ဓာတ်ဆီ ၁၆၁၃ ဂါလန်၊ ဒီဇယ်ဆီ ၁၁၆၇၉၇ ဂါလန်နှင့် စီတိန်းဆီ ၅၉၀၅၀ ဂါလန်တို့အား မျက်မြင်အခြေအနေအတိုင်း သံကန်အပြောင်းရှင်းစနစ်ဖြင့် တည်ရှိရာဒေသအသီးသီး၌ရောင်းချမည်ဖြစ်ပါသဖြင့် တင်ဒါစာအိတ်များကို ၂-၉-၂၀၂၀ ရက် ၁၂:၀၀ နာရီ နောက်ဆုံးထား၍ သက်ဆိုင်ရာဌာနများ၌ အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ လျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို သက်ဆိုင်ရာဒေသအသီးသီး၌ ဝယ်ယူရရှိနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၃၄၁၁၄၉၂၊ ၀၂-၄၀၃၉၂၀၉၊ ၀၉-၄၂၂၂၀၆၃၂၄၊ ၀၉-၅၁၉၁၄၁၃၊ ၀၉-၄၃၁၅၂၆၂၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
**(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**မုံရွာခရိုင်တရားရုံးတော်**
**၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ် – ၆၅**

ဦးကျော်ငွေ (၎င်း၏အထွေထွေကိုယ်စားလှယ် စာရသူ ဦးကျော်နိုင်ဝင်း) **တရားလို** **နှင့်** အင်ကြင်းသွေးကုမ္ပဏီ (၎င်း၏ မန်နေဂျင်းဒါရိုက်တာ ဦးကျော်မြင့်လင်း) **တရားပြိုင်**

မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ (For Life အင်္ဂလိပ်စကားပြောသင်တန်း ဝဲဘက်) လေးထပ်တိုက် ကျောက္ကာလမ်းကူးနေ အင်ကြင်းသွေးကုမ္ပဏီ (၎င်း၏မန်နေဂျင်းဒါရိုက်တာ ဦးကျော်မြင့်လင်း) (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေကျပ် ၇၇၄၀၂၅၀၀၀/-(ကျပ်သိန်းခုနစ်ရာ ခုနစ်ဆယ့်လေးသိန်းနှစ်ထောင့်ငါးရာကျပ်) ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၂၀ရက် (၁၃၈၂ ခုနှစ် ဝါခေါင်လဆန်း ၂ ရက်)၊ မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် ဩဂုတ် ၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ချိုချိုနှင်း)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**မုံရွာခရိုင်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

မုံရွာမြို့၊ အောင်မင်္ဂလာအမှတ်(၁) လမ်းနေ ဦးတော် ၅/မရန(နိုင်)၀၃၀၀၈၁ သည် ရွှေနှင်းဆီပဲခွဲစက်၊ အကောင်းစား၊ ပဲခြမ်းကြီး၊ ရှယ်၊ ပဲမှုန့် ကုန်အမှတ်တံဆိပ်ကို ၅-၉-၂၀၁၁ရက်မှစ၍ ထုတ်လုပ်ရောင်းချခဲ့ပါသည်။ ကန့်ကွက်မည့်သူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူများမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတော်**
**ဖုန်း–၀၉–၂၁၃၁၂၁၀**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင် (၁) ရပ်ကွက်၊ အကွက်အမှတ် (ခ-၆)၊ ဦးပိုင်အမှတ်(၃၈)၊ ၆၇ x ၆၈ လမ်းကြား၊ ၄၁ x ၄၂ လမ်းကြားရှိ ဦးစောထွန်းအမည်ဖြင့် ချထားပေးသောမြေကွက်အား ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် (၂၃၇၁/၁၉၉၆) ဖြင့် ပိုင်ဆိုင်ခဲ့သူ ဒေါ်သောင်းကြည် MNN–၀၁၆၇၉၃၊ ၉/မရမ(နိုင်)၀၆၀၆၆၃၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၈၀၂/၁၉၉၆) ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ဝေဝေ ၉/ခမစ(နိုင်)၀၀၆၁၅၆ က မြေချထားမိန့်၊ လမ်းဖိုး၊ မြေဖိုး ငွေသွင်းပြေစာတို့တင်ပြ၍ အိမ်ဆောက်မိန့်လျှောက်ထားရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ် (အ–၂၀)၊ ဦးပိုင်အမှတ် (၉၂)၊ ၇၃x၇၄လမ်းကြား၊ ကုသိုလ်တော်နှင့်မင်းကြီးရန်နောင်လမ်းကြားရှိ ဦးစောမောင်အမည်ပေါက် တောဂရန်မြေကွက်အား အဘိုး ဦးစောမောင်၊ အဘွား ဒေါ်သန်းတင်၊ ဖခင် ဦးဝင်းမောင်၊ မိခင် ဒေါ်ပြုံးပြုံးလွင်တို့ အသီးသီးကွယ်လွန်သဖြင့် ကျန်ရစ်သောမြေးများဖြစ်သည့် ဦးအောင်အောင် ၉/မခန (နိုင်)၁၆၁၈၄၅၊ ဦးဝေဖြိုးအောင် ၉/မခန(နိုင်)၂၃၇၂၉၄၊ဒေါ်လှိုင်လှိုင်မိုး ၉/မခန (နိုင်)၂၉၀၇၀၂ တို့က မြေချထားမိန့်၊ ငွေသွင်းပြေစာအသိမ်းလွန်ပျောက်ဆုံးကြောင်း ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဦးကျော်ဝင်းနှင့် အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဖျောက်ဆိပ်ကုံးရပ်ကွက်၊ အမှတ် (ထထ–၇)၊ ဦးပိုင်(၇၉)၊ ဧရိယာ ၀ဒသမ၀၅၈ ဧက၊ ပေ(၄၀x၆၀)ရှိ ဂရန်အမှုတွဲအမှတ်(၄၄၉/RD ၉၀-၉၁)အရ အမည်ပေါက်သူ ဦးကျော်ဝင်း(ဘ)ဦးရွှေပြည် (AE–247579) ထံမှ ကျွန်မ ဒေါ်ခင်ဝင်းကြည် (ဘ)ဦးဝိုင်းစွန် ၉/မရတ(နိုင်)၀၈၉၂၈၃ က ၂၀၀၇ခုနှစ်၊ မေလ ၉ ရက်တွင် အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးလက်ရှိလက်ရောက်ပိုင်ဆိုင်သည့်မြေကွက်ဖြစ်ပါသည်။

အဆိုပါမြေကွက်အား ကျွန်မမှ ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်မှုရရှိစေရန်အတွက် ဦးကျော်ဝင်းမှ ကျွန်မနှင့်ဆက်သွယ်၍ ခုနစ်ရက်အတွင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးပါရန်နှင့်အကယ်၍ သတ်မှတ်ရက်အတွင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးခြင်းမရှိပါက သက်ဆိုင်ရာ တရားရုံးတော်တွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း ဦးကျော်ဝင်းနှင့်အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ –** | **လွှဲအပ်ညွှန်ကြားချက်အရ –** |
| **ဒေါ်ခင်ဝင်းကြည်(ဘ) ဦးဝိုင်းစွန်** | **ဒေါ်မိုးမိုးအောင် (LL.B)** |
| **၉/မရတ(နိုင်) ၀၈၉၂၈၃** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၈၅၈)** |
| **(ဃ–၂/၈၁)၊ ၆၄လမ်း၊ မြို့သစ်(၄)ရပ်ကွက်** | **မမ–၁၂/၇၅၄၉လမ်း၊** |
| **ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊** | **ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊** |
| **ဖုန်း ၀၉–၇၉၇၄၂၆၀၅၀** | **ဖုန်း၀၉–၇၉၇၅၅၉၂၉၀** |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## လျှပ်စစ်-စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရဘတ်ဂျတ်(GRF)ဖြင့် ဆောင်ရွက်မည့် ကျေးရွာမီးလင်းရေးလုပ်ငန်းများအတွက် 11kV နှင့် 33kV ကောင်းကင်ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်လိုအပ်သောပစ္စည်းများအားမြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည် -

- တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - (၇.၈.၂၀၂၀) မှ (၃.၉.၂၀၂၀)ထိ
- တင်ဒါပိတ်မည့်ရက် - (၄.၉.၂၀၂၀)
- တင်ဒါပိတ်မည့်အချိန် - (၁၄ : ၀၀) နာရီ

၂။ တင်ဒါပုံစံနှင့်အချက်အလက်များကို ဌာနမှသတ်မှတ်ထားသည့်အတိုင်း ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း၊ ၀၁-၂၂၀၈၅၉၊ ၀၁-၂၂၀၈၁၆ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်ပိုင်/တောင်ရပ်ကွက်၊ ၄ဝါလမ်း၊ အမှတ်-၂၄၊ အခန်း (၅-လွှာ/ခြေရင်းခန်း)၊ အလျား × အနံ (၁၆ ပေ × ၇၀ ပေ)၊ RC တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးစိုးလင်းထက် (၁၄/မမန (နိုင်) ၁၄၆၇၃၈) ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထား မူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
**ဒေါ်အိစန္ဒီစိုး *(LL.B, D.B.L, D.I.L)***
**တရားလွှတ်တော်ရှေ့နေ (စဉ်–၉၅၃၀)**
အမှတ်-၄၆ (ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း - ၀၉ ၇၉၉၁၀၇၂၆၁

## (၂၄-၇-၂၀၂၀)ရက် မြန်မာ့အလင်းသတင်းစာတွင်ပါရှိသော သိက္ခာတော်ရဆရာ ဒေါက်တာအယ်လ်ယောဟန်၏ ဦးဖလားပေါလုနှင့် သက်ဆိုင်သူများသိစေရန် ကြေညာချက်အပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်တို့၏အမှုသည်များဖြစ်သော မြန်မာနိုင်ငံ အေဂျီသာသနာအသင်းချုပ် (အမှတ်–၂) ဗဟိုကော်မတီ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ဦးဖလားပေါလုဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေသည့် မြန်မာနိုင်ငံအေဂျီသာသနာအသင်းချုပ် (အမှတ်–၂) သည် သိက္ခာတော်ရဆရာ ဒေါက်တာ အယ်လ်ယောဟန်၏ ကြေညာချက်တွင် ဖော်ပြထားသည့်အသင်းအဖွဲ့ ဖွဲ့စည်းခွင့်လက်မှတ်အမှတ် ၁၀၄၉ ကို အသုံးပြုခြင်းမရှိပါ။ မြန်မာနိုင်ငံအေဂျီသာသနာအသင်းချုပ် (အမှတ်–၂)သည် သိက္ခာတော်ရဆရာ ဒေါက်တာအယ်လ်ယောဟန် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သည့် မြန်မာနိုင်ငံအေဂျီ(ဧဝံဂေလိ)အသင်းတော်များ အထွေထွေသာသနာကောင်စီနှင့် ပတ်သက်ခြင်းလုံးဝမရှိပါ။ ထိုသို့ ပတ်သက်မှုမရှိကြောင်းကိုလည်း သိက္ခာတော်ရဆရာ ဒေါက်တာအယ်လ်ယောဟန်ကိုယ်တိုင် စာအမှတ် ဂျီစီ-၂/၁၈(၁၃၁)၊ ၂၀၁၈ ခုနှစ်၊ ဧပြီ ၃ ရက်နေ့စွဲဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံအေဂျီသာသနာအသင်းချုပ် (အမှတ်–၂) သည် သိက္ခာတော်ရဆရာ ဒေါက်တာ အယ်လ်ယောဟန်ဦးဆောင်သည့် မြန်မာနိုင်ငံအေဂျီ (ဧဝံဂေလိ)အသင်းတော်များ အထွေထွေသာသနာတော်ကောင်စီနှင့် ပတ်သက်ခြင်းမရှိသကဲ့သို့ လက်အောက်ခံအဖွဲ့အစည်းလည်းမဟုတ်ပါ။ အေဂျီခံယူချက် (၁၆)ချက်နှင့်အညီ သီးခြားရပ်တည်နေသည့်အဖွဲ့အစည်းဖြစ်ပါသည်။

အေဂျီအသင်းတော်များ (Assemblies of God) ဟူသော အမည်သည် မြန်မာနိုင်ငံ အေဂျီ (ဧဝံဂေလိ)အသင်းတော်များ အထွေထွေသာသနာကောင်စီကသာ အသုံးပြုခွင့်ရှိသည့် မူပိုင်အမည်မဟုတ်ပါ။ ကမ္ဘာတစ်ဝန်းလုံးရှိ အေဂျီအသင်းတော်များက အသုံးပြုခွင့်ရှိသည့် အများပိုင်အမည်ဖြစ်ပါသည်။ ထို့ပြင် နိုင်ငံတစ်နိုင်ငံတွင် အေဂျီဂိုဏ်းဂဏတစ်ခုတည်းသာ ရှိရမည်ဟူသော စည်းမျဉ်းဥပဒေလည်း အေဂျီအသင်းတော်များသမိုင်းတွင် မရှိပါ။

သိက္ခာတော်ရဆရာ ဒေါက်တာအယ်လ်ယောဟန်ဦးဆောင်သည့် မြန်မာနိုင်ငံအေဂျီ(ဧဝံဂေလိ) အသင်းတော်များ အထွေထွေသာသနာကောင်စီသည် ဦးဖလားပေါလု ပါ(၁၇)ဦးအား တစ်စုံတစ်ရာစုံစမ်းမေးမြန်းခြင်းမရှိဘဲ "၇–၉–၂၀၁၈ ရက်မှစပြီး အေဂျီ (ဧဝံဂေလိ)မွေအမှုတော်ဆောင်များ မဟုတ်တော့ကြောင်း" ထုတ်ပြန်ခဲ့ခြင်းသည် တစ်ဖတ်သတ်ဆုံးဖြတ်လုပ်ဆောင်ခဲ့ကြခြင်းသာ ဖြစ်ပါသည်။

ဦးဖလားပေါလု(ဥက္ကဋ္ဌ)နှင့် အဖွဲ့ဝင်(၁၇)ဦးပါဝင်သည့်အဖွဲ့အား ဒေသန္တရအသင်းတော်မှ ကိုယ်စားလှယ်ပေါင်း ၆၀၀ ကျော်တက်ရောက်သည့် သင်းလုံးကျွတ်အစည်းအဝေးက အတည်ပြုရွေးချယ်ပြီး ၂၃-၁-၂၀၂၀ရက်တွင် မြန်မာနိုင်ငံအေဂျီသာသနာအသင်းချုပ် (အမှတ်–၂)ကို ဖွဲ့စည်းခဲ့ရာ မြန်မာနိုင်ငံအေဂျီသာသနာအသင်းချုပ် (အမှတ်–၂)သည် ဘာသာရေး၊ သာသနာရေးသက်သက်ကိုသာ ကျင့်သုံးဆောင်ရွက်သောအသင်းအဖွဲ့ဖြစ်၍ ၂၀၁၄ ခုနှစ် အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ-၁၉(က)အရ မှတ်ပုံတင်ခွင့်လျှောက်ထားရန်မလိုသော ကင်းလွတ်ခွင့်ရရှိသည့်အသင်းချုပ်ဖြစ်ပါသည်။

ဤသို့ သီးခြားရပ်တည်ဆောင်ရွက်နေသည့် အဖွဲ့အစည်းအား သိက္ခာတော်ရဆရာ ဒေါက်တာအယ်လ်ယောဟန်၏ကြေညာချက်တွင် " မြန်မာနိုင်ငံအေဂျီ (ဧဝံဂေလိ) အသင်းတော်များ အထွေထွေသာသနာကောင်စီ၏ အမည်နာမကို အသုံးပြုပြီး" ဟူ၍လည်းကောင်း၊ "အထွေထွေသာသနာကောင်စီ၏ ခွင့်ပြုချက်မရဘဲ ၎င်းအမည်နာမနှင့် Letter Head များ၊ တံဆိပ်တုံးများကို အလွဲသုံးစားပြုခြင်း" ဟူ၍လည်းကောင်း မဟုတ်မမှန်စွပ်စွဲထားပါသည်။

မြန်မာအေဂျီသာသနာအသင်းချုပ်(အမှတ်–၂)အနေဖြင့် သိက္ခာတော်ရဆရာ ဒေါက်တာအယ်လ်ယောဟန် ဦးဆောင်သည့် မြန်မာနိုင်ငံအေဂျီ (ဧဝံဂေလိ)အသင်းတော်များ အထွေထွေသာသနာကောင်စီ၏ အသင်းဝင်(သို့မဟုတ်) အဖွဲ့ဝင်အနေဖြင့်သော်လည်းကောင်း၊ အမည်နာမကို သုံးစွဲခြင်းအားဖြင့်သော်လည်းကောင်း ထင်ယောင်ထင်မှား လုပ်ကိုင်ဆောင်ရွက်ခဲ့သည့်အခြေအနေ တစ်စုံတစ်ရာမျှမရှိပါ။

သို့ဖြစ်ရာ ဦးဖလားပေါလုဦးဆောင်သည့် မြန်မာအေဂျီသာသနာအသင်းချုပ် (အမှတ်–၂)သည် သိက္ခာတော်ရဆရာ ဒေါက်တာအယ်လ်ယောဟန်ဦးဆောင်သည့် မြန်မာနိုင်ငံအေဂျီ(ဧဝံဂေလိ)အသင်းတော်များ အထွေထွေသာသနာကောင်စီ၏ လက်အောက်ခံအဖွဲ့ အစည်းမဟုတ်သည်သာမက သီးခြားအဖွဲ့အစည်းဖြစ်သည်ကို သိလျက်နှင့် မြန်မာအေဂျီသာသနာအသင်းချုပ်(အမှတ်–၂)၏ရပ်တည်မှုအပေါ် " မြန်မာနိုင်ငံအေဂျီ (ဧဝံဂေလိ) အသင်းတော်များအထွေထွေသာသနာကောင်စီ၏ ခွင့်ပြုချက်မရဘဲ ၎င်းအမည်နာမနှင့် Letter Head များ၊ တံဆိပ်တုံးများကို အလွဲသုံးစားပြုခြင်း"ဟူ၍ မဟုတ်မမှန်စွပ်စွဲကြေညာထားရှိမှုသည် ဦးဖလားပေါလု ဦးဆောင်သည့် မြန်မာအေဂျီသာသနာအသင်းချုပ်(အမှတ်–၂)အား ဂုဏ်သိက္ခာ ညှိုးနွမ်းစေရန် ရည်ရွယ်ချက်ဖြင့် တမင်အသေရေဖျက်ရာရောက်နေပါသည်။

ထို့ကြောင့် သိက္ခာတော်ရဆရာ ဒေါက်တာအယ်လ်ယောဟန်အနေဖြင့် မိမိ၏ ကြေညာချက်ပါစွပ်စွဲချက်များနှင့် စပ်လျဉ်းပြီး ပြန်လည်ရုပ်သိမ်းပေးရန်နှင့် နောက်နောင် ထိုသို့ထပ်မံပြုလုပ်လာပါက တည်ဆဲဥပဒေအရ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးခွန်နောင်** | **ဦးတိန့်ယိန်း** |
| **LL.B** | **LL.B** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **စဉ်–၁၀၅၃၆** | **စဉ်–၁၂၇၂၆** |

**အမှတ် ၁၃၃၊ အရှေ့မြောက်နယ်မြေ၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့၊**
**ဖုန်း–၀၉–၂၅၁၁၇၈၆၇၈၊ ၀၉–၇၉၀၇၄၇၂၄၄**

## ဒီကရီအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
## အကြောင်းကြားစာ
**(တရားမကျင့်ထုံးဥပဒေအမိန့်–၂၁၊ နည်းဥပဒေ –၂၂)**
**မန္တလေးခရိုင်တရားရုံးတော်**
**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ် –၁၁၄ နှင့် ဆက်နွယ်သည့်**
**၂၀၂၀ ပြည့်နှစ် တရားမဇာရီမှုအမှတ် –၂၁၃**

ဒေါ်နန်းခင်မေ **ဒီကရီအနိုင်ရသူ** **နှင့်** ဦးထွန်းသိန်း **တရားရှုံး**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ နဂါးကွက်သစ်ရပ်ကွက်၊ လမ်း ၆၀၊ ၃၄x၃၅ ကြား၊ အမှတ် ၂၄၊ ဦးထွန်းသိန်း(ဘ)ဦးညီပု (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် –၁၁၄ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒေါ်နန်းခင်မေက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၂၀ ရက် (၁၃၈၂ ခုနှစ် ဝါခေါင်လဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၀ပြည့်နှစ် ဩဂုတ် ၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သန်းသန်းဆင့်)**
**ဒုတိယခရိုင်တရားသူကြီး (၂)**
**မန္တလေးခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
**(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**မန္တလေးခရိုင်တရားရုံးတော်၌**
**၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ် – ၂၇၂**

ဦးမြင့်ထွဋ်လွင် **တရားလို** **နှင့်** ၁။ ဦးမျိုးမြင့် ၂။ ကိုမင်းမင်း ၃။ ဦးအေးလှိုင် **တရားပြိုင်များ**

(၃) တရားပြိုင် ဦးအေးလှိုင်၊ အကွက် (ယ-၃)၊ ဦးပိုင် (၁၂၀)၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့(ယခုနေရပ်လိပ်စာမသိသူ)အား သိစေရမည်။

သင့်အပေါ်၌ တရားလို က **"အချင်းဖြစ်မြေကွက်အတွင်း တရားပြိုင်များ ကျူးကျော်ဆောက်လုပ်ထားသည့် အဆောက်အအုံများနှင့် ဝင်းခြံအကာအရံများကို ဖယ်ရှား၍ တရားလိုအား အချင်းဖြစ်မြေကို လက်ရောက်ပေးအပ်စေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၂၄ရက် (၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်)၊ မွန်းမတည့်မီ ၉:၃၀ နာရီတွင် အထက်အမည်ပါသူ တရားလိုများ၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ်၊ ဩဂုတ် ၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မာလာထွဋ်)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**မန္တလေးခရိုင်တရာရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံး ဥပဒေအမိန့် –၅၊ နည်းဥပဒေ– ၂၀)**
**မိုးညှင်းမြို့နယ်တရားရုံး၌**
**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် – ၇**

ဒေါ်တင်သိန်း **(တရားလို)** နှင့် ဒေါ်နှင်းဝေ **(တရားပြိုင်)**

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့နယ်၊ ထန်းတစ်ပင်ကျေးရွာတွင် နေထိုင်သူ ဒေါ်နှင်းဝေ(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ် တရားလိုက စာချုပ်ပါဝင်းခြံမြေလက်ရောက်ရလိုမှု(သို့)ချေးငွေ ၅၂ သိန်းနှင့် နှစ်နာကြေးငွေ ၁၅ သိန်း စုစုပေါင်း ၆၇ သိန်းရလိုမှုကို လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၇ ရက် (၁၃၈၂ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏ စွဲဆိုချက်ကိုထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် ဩဂုတ် ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သန္တာအေးလွင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**မိုးညှင်းမြို့နယ်တရားရုံး**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းတုန်းမြို့ အထက တက္ကသိုလ်ဝင်တန်း (B) မှ မောင်အောင်မျိုးသူ၏ ဖခင်အမည်မှန်မှာ ဦးပု ၈/မတန(နိုင်) ၀၄၄၀၇၅ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

သရက်ခရိုင်၊ မင်းတုန်းမြို့နယ် အထက တက္ကသိုလ်ဝင်တန်းတွင် ပညာသင်ကြားနေသော မောင်အောင်နိုင်သူ၏ ဖခင်အမည်မှန်မှာ ဦးအောင်ခိုင် ၈/မတန(နိုင်)၀၄၂၇၇၅ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ ရေလဲကျေးရွာနေ ရေလဲ အမကကျောင်း၊ စတုတ္ထတန်းတွင် ပညာသင်ကြားနေသော မောင်ရန်နိုင်ငြိမ်း၏ ဖခင်အမည်မှန်မှာ ဦးငြိမ်းသူ(ခ)ဦးညိမ်းသူ ၁/ရကန(နိုင်) ၀၄၄၅၉၁ ဖြစ်ပါကြောင်း။

## အမည်မှန်

ကချင်ပြည်နယ်၊ ရွှေကူမြို့၊ ရေလဲကျေးရွာနေ (ဘ) ဦးသန်းငွေမောင်၏ သမီး မတင်မိုးထွန်း၏ အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားအရ ၁/ရကန (နိုင်)၀၄၈၈၃၁ မဖြူနှင်းအေး ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်နှင့်တစ်ဦးတည်းဖြစ်ကြောင်း

မိုးမောက်မြို့ အောက်တာဆိုင်ကျေးရွာအုပ်စု မအေးမြင့်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၂–၆–၁၉၉၅ ဖြစ်ပြီး မအေးမြင့်နှင့် မမယ်အောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် ၎င်း၏ မှတ်ပုံတင်မှာ ၁/ဒဖယ(နိုင်)၀၀၂၈၄၉ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

ဗန်းမော်မြို့၊ အထက(၃)ကျောင်း တက္ကသိုလ်ဝင်တန်းမှ မလောင်လောင်၏ ဖခင်အမည်မှန်မှာ ဦးစောလှ ဖြစ်ပါသည်။

**ဦးစောလှ**
**မင်းကျမ်းကျေးရွာ**

## ဖခင်အမည်မှန်

မိုးမောက်မြို့နယ်၊ အထက မိုင်းခတ်ကျောင်း တက္ကသိုလ်ဝင်တန်း (D)မှ မမွေးမွေး၏ ဖခင်အမည်မှန်မှာ ဦးအောင်မြတ်ကျော် ဖြစ်ပါသည်။

**ဦးအောင်မြတ်ကျော်**
**ဒွေ့ဖုန်းယန်မြို့**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့၊ အထက၊ တက္ကသိုလ်ဝင်တန်းမှမသဇင်ဖူး၏ ဖခင်အမည်မှန်မှာ ဦးတင်မောင်ထွန်း ၇/ကတခ(နိုင်) ၁၇၂၈၁၀ ဖြစ်ပါသည်။

**ဦးတင်မောင်ထွန်း**

## ဖခင်အမည်မှန်

မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် (၃)၊ အခြေခံပညာအထက်တန်းကျောင်း Grade–10၊ နဝမတန်းမှ မသက်ထားဇော်၏ ဖခင်အမည်မှန်မှာ ဦးစိုးမိုးအောင် ၇/သဝတ(နိုင်)၀၉၄၃၇၄ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ကျွန်တော်ဦး မျိုးကျော်ကျော်ဦး (အထက်တန်းရှေ့နေ) (စဉ်–၄၈၂၀၀) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁၂/သကတ(နိုင်)၁၄၆၈၅၉၏ ဖခင်အမည်မှန်မှာ ဦးအေးကျော် ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်မြို့နေ ဦးမိုးဆွေ၏သမီး အမက(၃) မူလွန်ဗဟန်းတွင် ဒုတိယတန်း(အောင်) မဇိုရီမိုးထက်(ခ)မဖြူစင်မိုးထက်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ပတ်စ်ပို့ ပျောက်ဆုံးကြောင်း

ကရင်ပြည်နယ်၊ မြဝတီမြို့၊ ဖလူးကျေးရွာ၊ အင်ကြင်းမြိုင်ရပ်ကွက်နေ မမေသူအောင် ၁၂/တကန(နိုင်)၁၆၇၁၇၆ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် အသစ်လျှောက်ထားမည်ဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၃)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။ **မမေသူအောင်**

## ပျောက်ဆုံးကြောင်း

ကျော်ဇေယျာဝင်း၏ နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၂/တမန(နိုင်)၁၀၁၄၃၉ နှင့် သင်္ဘောသား SID ကတ်ပြား MS 018061 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါ။

**ကျေးဇူးဆပ်ပါမည်။**
**ဖုန်း–၀၉–၅၁၄၆၀၂၅**

## တိုကျိုတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၄၆၂ ဦး ထပ်မံတွေ့ရှိ

စာ ၁၃

.......

## ဘေရွတ်မြို့၌ ပေါက်ကွဲမှုကြောင့် သေဆုံးသူ ၁၃၅ ဦး အထိ ရှိလာသည့်အတွက် ပါဝင်ပတ်သက်သူများကို နေအိမ်အကျယ်ချုပ်ချထားရန် သမ္မတတောင်းဆို

စာ ၁၄

## ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့

နေပြည်တော် ဩဂုတ် ၇

ယူအေအီးနိုင်ငံ၊ ဘာရိန်းနိုင်ငံ၊ ပင်လယ်ကွေ့နိုင်ငံများနှင့် ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံနေရသော မြန်မာနိုင်ငံသားများအား မြန်မာသံရုံး၊ ရီယာဒ်မြို့၏ စတုတ္ထမြောက်ကယ်ဆယ်ရေးလေယာဉ်၊ မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းဖြင့် ခေါ်ဆောင်ခဲ့ရာ ပါကစ္စတန်နိုင်ငံ၊ မြန်မာစစ်သံရုံးမှ တပ်မတော်သား ၁၃ ဦး၊ ဘာရိန်းနိုင်ငံမှ နှစ်ဦး၊ ယူအေအီးနိုင်ငံမှ ၁၀၉ ဦး၊ ကူဝိတ်နိုင်ငံမှ ရှစ်ဦး၊ အီဂျစ်မှ ၁၀ ဦး၊ တူရကီမှ ငါးဦး၊ ဆိုက်ပရပ်စ်မှ နှစ်ဦး၊ ပနားမားမှ တစ်ဦး၊ မော်လ်ဒိုက်မှ ကိုးဦး၊ ဘရာဇီးမှ လေးဦး၊ တောင်အာဖရိကမှ လေးဦး၊ အီတလီမှ နှစ်ဦး၊ အီရန်မှ နှစ်ဦး၊

စာမျက်နှာ ၁၆ ကော်လံ ၁ ❑

မြန်မာ့မီးရထား ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေး စီမံကိန်း၏ အစိတ်အပိုင်းဖြစ်သော မြစ်ငယ်မြစ်ကူး ရထားတံတားအသစ်ကို ဆောက်လုပ်လျက်ရှိရာ Pier No 1 (ရေလယ်တိုင်) P.1 လုပ်ငန်း ဆောင်ရွက်နေမှုကို ဩဂုတ် ၇ ရက်က တွေ့ရစဉ်။

(သတင်း-စာ-၂)

မောင်မောင်စိုး(မြစ်ငယ်)



## မရမ်းကုန်းမြို့နယ်၌ အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းကြေညာထားပြီး ဆန္ဒမဲပေးရန် မဲရုံပေါင်း ၁၂၁ ရုံ၊ မဲဆန္ဒရှင် ၁၄၀၀၀၀ ကျော်ရှိ

ရန်ကုန် ဩဂုတ် ၇

၂၀၂၀ အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာထားပြီး ဖြစ်သည်။ ရွေးကောက်ပွဲတွင် ပါဝင်မဲပေးနိုင်ရေးအတွက် ဇူလိုင် ၂၅ ရက်မှ စတင်၍ ပထမအကြိမ် ထုတ်ပြန်သည်မှာ ယနေ့ ဩဂုတ် ၇ ရက်သည် ၁၄ ရက်ပြည့်မြောက်သောနေ့ဖြစ်ပြီး မဲပေးနိုင်ခွင့်အတွက် မိမိအမည်စာရင်း ပါ မပါ၊ လိုအပ်ပါက တောင်းဆိုလွှာ၊ ကန့်ကွက်လွှာနှင့် ဖြည့်စွက်ပြင်ဆင်ရန်အတွက် ဩဂုတ် ၁၄ ရက်အထိ ရက်ပေါင်း ခုနစ်ရက် ထပ်မံတိုးမြှင့်ပေးထားကြောင်း သိရသည်။

ပထမအကြိမ် ပြုစုထားသော မဲစာရင်းများအရ ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ်အတွင်း ရပ်ကွက် ၁၀ ခု၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အမျိုးသား ၆၅၇၀၇ ဦး၊ အမျိုးသမီး ၇၇၇၂၆ ဦး စုစုပေါင်း ၁၄၃၄၃၃ ဦးရှိပြီး မဲရုံပေါင်း ၁၂၁ ရုံ ဖွင့်လှစ်ဆောင်ရွက်ထားကြောင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းထံမှ သိရသည်။



မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက်၌ မဲစာရင်းကြည့်ရှုနေသူများကို တွေ့ရစဉ်။ ခတ်ပုံ-မျိုးကြီး

မရမ်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးထွန်းချစ်က "ရပ်/ကျေး အုပ်ချုပ်ရေးမှူးရုံးနဲ့ ယှဉ်တွဲပြီး ကော်မရှင်အဖွဲ့ခွဲရုံးတွေမှာ မဲစာရင်းတွေကို ဩဂုတ် ၁၄ ရက်အထိ နေ့စဉ်နံနက် ၇ နာရီကနေ ည ၉ နာရီအထိ သွားကြည့်လို့ရပါတယ်။ မဲပေးခွင့်ရှိသူတွေ မဲစာရင်းမှာ

စာမျက်နှာ ၁၁ ကော်လံ ၅ ■

## ငါးသိုင်းချောင်းနှင့် သာပေါင်းမြို့ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ သတိပြုနေထိုင်ရန် အသိပေး

နေပြည်တော် ဩဂုတ် ၇

ယနေ့နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ငဝန်မြစ်ရေသည် သာပေါင်းမြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း လေးလက်မခန့် တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စာမျက်နှာ ၁၁ ကော်လံ ၅ ◆

## ချယ်လ်ဆီးမှ ဝီလီယံကို သုံးနှစ်စာချုပ်ဖြင့် ခေါ်ယူရန် အာဆင်နယ်သဘောတူညီမှုရရှိ

ချယ်လ်ဆီးမှ ဝီလီယံသည် တစ်ပတ် ပေါင် ၁၀၀၀၀၀ နှင့်အတူ အာဆင်နယ်အသင်း၌ သုံးနှစ်စာချုပ်ချုပ်ဆိုရန် သဘောတူညီမှုရရှိပြီဖြစ်ကြောင်း၊ အဆိုပါကစားသမား၏ အပြောင်းအရွှေ့ကို ယခုလနောက်ပိုင်းတွင် ထုတ်ပြန်ကြေညာသွားဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

လာမည့် တနင်္ဂနွေနေ့တွင် အသက် ၃၂ နှစ်ပြည့်တော့မည်ဖြစ်သော ဝီလီယံသည် ချယ်လ်ဆီးအသင်းနှင့် စာချုပ်သစ်ချုပ်ဆိုရန် ဆွေးနွေးမှုများ ပြုလုပ်ခဲ့သော်လည်း ၎င်းနှင့် အသင်းကြား အဆင်မပြေခဲ့ခြင်းကြောင့် စတန်းဖို့ဒ်ဘရစ်၌ ခုနစ်နှစ်ကြာ ဖြတ်သန်းမှုကို အဆုံးသတ်ရန် နီးစပ်လာခဲ့ခြင်းဖြစ်သည်။ ထို့အပြင် နည်းပြလမ်းပတ်အနေဖြင့် ဝီလီယံကို အသင်းတွင် ဆက်လက်နေရန် ဆန္ဒရှိနေသော်လည်း စာချုပ်သစ်ချုပ်ဆိုရန် ဆွေးနွေးမှု မအောင်မြင်ခဲ့သောကြောင့် အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကစားရန် ဖြစ်ပေါ်လာခဲ့ခြင်းလည်းဖြစ်သည်။

ဝီလီယံ၏ အေးဂျင့်ဖြစ်သူ ကိုင်ဂျိုရတ်ချိန်းသည် ပရီမီယာလိဂ်ကလပ်အသင်းနှစ်သင်းအပါအဝင် အသင်းငါးသင်းက ၎င်းကိုခေါ်ယူရန် စိတ်ဝင်စားနေကြောင်း ပြီးခဲ့သည့်သီတင်းပတ်တွင် ထုတ်ဖော်ပြောကြားထားသည်။ အာဆင်နယ်အသင်းအနေဖြင့် အက်ဖ်အေဖလားဗိုလ်လုပွဲအဖြစ် ချယ်လ်ဆီးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သောပွဲစဉ်တွင် ဝီလီယံသည် ဒဏ်ရာကြောင့် ချယ်လ်ဆီးအသင်းတွင် ပါဝင်ကစားခဲ့ခြင်းမရှိကြောင်း သိရသည်။

စာမျက်နှာ ၁၁ ကော်လံ ၅ ●

